ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ကဆုန်လကွယ်၊ တနင်္ဂနွေနေ့၊ (17-5-2015) (စ၂၀၃)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် မေ ၁၇

၂၀၁၅ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နော်ဝေနိုင်ငံ ပဋ္ဌမမြောက် ဟာရယ်လ် ဘုရင်မင်းမြတ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နော်ဝေနိုင်ငံ ဝန်ကြီးချုပ် မစ္စ အာနာဆိုးလ် ဘတ်ဂ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

(၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ တက်ရောက်ကြည်ညိုကြ

(67) ÷u rajrmu wy#u"& wy#uaum0' c;u&;yaZmyEi a t mi v urw q u uyy t cr; t em;u&i;yp0/ (o w i;p0)

ရန်ကုန် မေ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၆၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရအောင်သာသနာ့အာဇာနည်နှစ်ပါး၊အဘိဓမ္မာ ပထမပိုင်းအာဝုံအောင် မူလအာဘိဓမ္မိကအောင်သာသနာ့အာဇာနည်နှစ်ပါး၊ ဒီဃနိကာယကောဝိဒအောင်သာသနာ့အာဇာနည်တစ်ပါး၊ ဒီဃဘာဏကအောင် သာသနာ့အာဇာနည်၈ါးပါး၊ ဝိနယကောဝိဒအောင် သာသနာ့အာဇာနည် ၈ါးပါး၊ ဝိနယဓရအောင်သာသနာ့အာဇာနည် ၁၆ပါး၊ ဝိနည်း ပထမပိုင်းရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒအောင် သာသနာ့အာဇာနည်၈ါးပါး၊ ဝိနည်း ပထမပိုင်း အာဝုံအောင်၊ဥပတောဝိဘင်္ဂဓရအောင်သာသနာ့အာဇာနည် ၅၄ ပါး စုစုပေါင်း သာသနာ့အာဇာနည် အရှင်သူမြတ် အပါး ၉၀တို့အား ချီးကျူးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက

စာမျက်နှာ ၃ ကော်လံ ၁ သို့

မောချောင်းတံတားကြီးကိုအမှီပြု၍ ဒေသပွံ့ဖြိုးတိုးတက်လာ

အနောက်ဂေါ်ယာကျွန်းကိုယွန်းတော်မူနေသည့်နေမင်းကြီးမှာ ညနေခင်းနေဝင်ရီတရောတွင် မောချောင်းရေပြင်ကျယ်နှင့် မောချောင်းတံတား၊ မောချောင်းတံတားထိပ်ရှိ စေတီနှစ်ဆူပေါ် သို့ နေရောင်ခြည်ဖြာကျနေသည်မှာ ရှုမဝေးစရာပါတည်း။

တောင်ထိပ်ပေါ်က မောချောင်းတံတားကြီးနှင့် ကစွန်းထောင့်ရွာကလေးကို လှမ်းမျှော်ကြည့်လိုက်ရာ မောချောင်းတံတားဖွေးဖွေးကြီးမှာ မောချောင်းရေပြင်ကျယ်ကျယ်တွင် မိကျောင်းဖွေးဖွေးကြီးတစ်ကောင် အိပ်မောကျနေဘိသကဲ့သို့ရှိပါသည်။ ကစွန်းထောင့်ရွာကလေးမှာမူကား အုန်း၊ထန်း၊ ပေလက်တို့ဖြင့် တလက်လက်ရွန်းစိုတောက်ပလျက်ရှိသည်။ အုန်းပင်၊ သရက်ပင်တွေ ဝေဝေစည်စည်ကြားက ယောအိမ်မြင့်မြင့်များကို ထိုးထိုးထောင်ထောင်မြင်ရသည်။

မောချောင်းတံတားကြီးပေါ်မှကြည့်လျှင် ရွာရှိအိမ်များကို မမြင်ရ။ သစ်ပင်၊ အုန်းပင်၊ ထန်းပင်တွေဖြင့် ကွယ်နေသည်။ ဘုရားစေတီနှစ်ဆူရှိရာ ကုန်းမြင့်တောင်ထိပ်ပေါ်မှ အပေါ်စီးကြည့်မှသာ ရွာ၏အလှကပေါ်လွင်လာသည်။

အနှီမောချောင်းတံတားကြီးမှာ မြစ်သာတာတမံကြီးဆောက်လုပ်လိုက်သဖြင့် ပေါ်ထွက်လာသော တံတားသစ်ကြီးတစ်ခုဖြစ်သည်။ ကစွန်းထောင့်ရွာနေပြည်သူများ အိပ်မက်ပင်မမက်ခဲ့ဖူးသော တံတားကြီးဖြစ်သည်။ ထိုတံတားကြီးကြောင့် စီးပွားဖြစ်လာသော တူးလေး ခေါ်ဝင်းမင်းအောင်က "အိပ်မက်လွန်တံတား" ဟု တင်စားခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ကြေးမုံ စာတည်းရုံ ၁၇-၅-၂၀၁၅ [တနင်္ဂနွေနေ့]

လမ်းကြောင်းမှန် နိုင်ပါစေ

"ငါးခုံးမတစ်ကောင်ကြောင့် တစ်လေလုံးပုပ်" ဆိုစကားအတိုင်းပင် မိသားစုထဲတွင် တစ်စုံတစ်ဦးကြောင့် မိသားစုဝင်အားလုံး ရောဂါရစေနိုင်ခြင်းမှာ ထိုတစ်ဦးတစ်ယောက်သည် ဆေးလိပ်ကို စွဲစွဲမြဲမြဲသောက်သုံးနေသောကြောင့် ကျန်မိသားစုဝင်များ ရောဂါရနိုင်သည်ဟု ဆိုချင်ပါသည်။

အရက်သေစာသောက်သုံးသူအနေဖြင့်မူ ကျန်းမာရေးကဏ္ဍကကြည့်လျှင် ကာယကံရှင်မှအပ မိသားစုကျန်းမာရေးကို တိုက်ရိုက်ထိခိုက်မှုမဖြစ်နိုင်ခြေ။ ဆေးလိပ်မှာမူ ထိုသို့မဟုတ် သောက်သုံးသူအပြင် ထုတ်လွှတ်သော ဆေးလိပ်ငွေ့ကို ရှူရှိုက်မိသော မိသားစုဝင်များပါ ထပ်တူဆိုးကျိုးသက်ရောက်စေပါသည်။

ကမ္ဘာပေါ်တွင် အကြီးမားဆုံး စီးကရက်စျေးကွက်တည်ရှိရာ အိမ်နီးချင်းနိုင်ငံကြီးတစ်နိုင်ငံတွင် ဆေးလိပ်ကို စွဲမြဲစွာသောက်သုံးသူ သန်း ၃၀၀ ခန့်ရှိပြီး တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ရသော လူဦးရေမှာ သန်း ၇၄၀ ခန့်ရှိကြောင်း ၎င်းတို့ကောက်ယူသော စစ်တမ်းများအရ သိရသည်။

"ကောင်းကျိုးမပေး မူးယစ်ဆေး" ဆိုသကဲ့သို့ ဆေးလိပ်သည်လည်း မူးယစ်ဆေးတစ်မျိုးပင်ဖြစ်ရာ ကောင်းကျိုးမပေးသည့် "ဆေးလိပ်"ဟုဆိုချင်ပါသည်။ အကြောင်းမူ ကမ္ဘာပေါ်တွင် ကင်ဆာရောဂါဖြစ်ပွားမှု၏ အဓိကလက်သည်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများသုံးစွဲမှုကြောင့် ဖြစ်ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကင်ဆာရောဂါသုတေသနအေဂျင်စီမှ သတင်းထုတ်ပြန်ထားသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ နှလုံးသွေးကြောဆိုင်ရာ ရောဂါနှင့် အဆုတ်ကင်ဆာရောဂါစသည့်ရောဂါများဖြစ်စေနိုင်ကြောင်း ကျန်းမာရေးဆိုင်ရာ ပညာရှင်များက ဆိုထားသည်။

ဆေးလိပ်သည် အဆိပ်တစ်မျိုးဟု ဆိုနိုင်ပါသည်။ သို့သော် ထိုအဆိပ်ကို လူသားများသုံးစွဲနေခြင်းမှာ "တန်ဆေး လွန်ဘေး" ဆိုစကားအတိုင်း ချိန်ဆနိုင်ရန် လိုအပ်ပါသည်။ ဆေးလိပ်သည် လူသားများအတွက် အကျိုးမပြုသည်မှာ တော့အမှန်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အန္တရာယ်ရှိသော ဆေးလိပ်ကို လူသားများသုံးစွဲခဲ့ကြသည်မှာ နှစ်ပေါင်းရှည်ကြာခဲ့ပြီ။

မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှု နှစ်စဉ်မြင့်တက်နေပြီး ဆေးလိပ်အရေအတွက် သန်း ၇၀၀၀ ကျော် နှစ်စဉ်သုံးစွဲလျက်ရှိကြောင်း ကျန်းမာရေးဆိုင်ရာ ဆွေးနွေးချက်အရ သိရသည်။ ဆေးလိပ်တွင် အဓိက အသုံးပြုပစ္စည်းဖြစ်သည့် ဗာဂျီးနီးယားဆေးကို ပြည်ပမှတင်သွင်းမှု မြင့်တက်နေသလို ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုတွင်လည်း မြင့်တက်နေရာ ကျန်းမာရေးထိခိုက်မှုအတွက် အားပေးသကဲ့သို့ ဖြစ်နေသည်။

မြန်မာနိုင်ငံမှ ပြည်တွင်းထုတ်စီးကရက်သည် တစ်ချိန်က ထင်ရှားကျော်ကြားခဲ့သည်။ နိုင်ငံသားများ စျေးနှုန်းချိသာစွာဖြင့် သောက်သုံးခဲ့သည်။ ထိုစီးကရက်များ နှစ်စဉ်ထုတ်လုပ်အားမှာ ထိုစဉ်က စီးကရက်လိပ်ရေ သန်း ၅၀၀ မှ သန်း ၁၀၀၀ အထိရှိခဲ့သည်။ ၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် စီးကရက်မျိုးစုံထုတ်လုပ်မှုမှာ သန်း ၂၅၀၀ မှ သန်း ၃၀၀၀ အထိမြင့်တက်လာခဲ့သည်။ ဝယ်ယူသောက်သုံး အားပေးမှုမြင့်တက်လာမှုနှင့်အတူ အထက်ပါ ရောဂါဖြစ်ပွားမှု မြင့်မားလာမှုကိုလည်း သတိမူရမည်ဖြစ်သည်။

မိမိ၏အသက်ကို ငွေပေး၍ဖျက်ဆီးမှုတွင် စီးကရက်သောက်သုံးခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မိမိသာလျှင်မဟုတ် ဆေးလိပ်ငွေ့ကို ရှူရှိုက်မိသော ပတ်ဝန်းကျင်မှ လူအများပါ ရောဂါရစေနိုင်ပါသည်။ ထို့ကြောင့် မကြာမီက ကွယ်လွန်သွားခဲ့သော ဆေးလိပ်ဆန့်ကျင်ရေးသမားကြီး သိပ္ပံစာရေးဆရာကြီး သိပ္ပံမှူးတင်က ဆေးလိပ်သောက်သုံးသူများကို သေမင်းကိုမျက်စောင်းထိုးနေသူများဟု ထိထိရောက်ရောက်ပြောကြားခဲ့သည်။

သို့သော် ဆေးလိပ်သောက်သုံးသူများမှာ တိုးပွားနေဆဲပင်ဖြစ်သည်။ လမ်းဘေး ကွမ်းယာဆိုင်၊ ဆေးလိပ်ဆိုင်များတွင် ဆေးလိပ်ကို လွတ်လပ်စွာ အရောင်းတွင်ကျယ်နေဆဲပင်။ အထူးသဖြင့် အခြေခံပညာကျောင်းဝန်းကျင်တွင် ဆေးလိပ်ရောင်းချမှုမှာ အနာဂတ်မျိုးဆက်သစ်များအား ဖျက်ဆီးသကဲ့သို့ ဖြစ်နိုင်သည်။

အမှားအမှန်ကို ဝေဖန်ပိုင်းခြား လိုက်နာနိုင်သူသည် လူကောင်းသူကောင်းဖြစ်ပါသည်။ မှားမှန်းသိလျက်နှင့် ဆက်လက်လုပ်ကိုင်နေသူသည် မကောင်းမှုအားပေးသူဖြစ်ပါမည်။ ထို့ကြောင့် မိမိကိုယ်တိုင်သာ ဝေဖန်သုံးသပ်၍ လမ်းကြောင်းမှန်ကို ရွေးချယ်တတ်ဖို့လိုပါသည်။ ။

အတုမရှိ မဟာကုသိုလ်တော် ရှင်ငါးထောင်အလှူတော်မဂ်လာပွဲကျင်းပ

နေပြည်တော် မေ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဘူးကိုင်းစံပြကျေးရွာတွင် ရှင်သာမဏေမပြုရသေးသည့် မြန်မာပြည် အရပ်ရပ်မှ တိုင်းရင်းသားပေါင်းစုံ ရှင်သာမဏေလောင်းငါးထောင်ကျော်အား ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် ရှင်သာမဏေပြုပေးခြင်း အလှူတော်မဂ်လာ ပထမနေ့ကို မေ ၁၅ ရက် နံနက်ပိုင်းတွင် ဆင်ရတနာ၊ မြင်းရတနာ၊ ရွှေလှည်း၊ ငွေလှည်းများ ပါဝင်၍ မြန်မာ့ရိုးရာဝေလေ့နှင့်အညီ ရှင်လောင်းလှည့်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ညနေပိုင်းတွင် ရှင်သာမဏေလောင်းလှာငါးထောင်ကျော်ကို ရန်ကုန်တိုင်းဒေသကြီး သံယနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိက ၈၇ ဘဒ္ဒန္တ ဣန္ဒိဗလ ဦးဆောင်၍ ရှင်သာမဏေအဖြစ် သာသနာ့ဘောင်ကို သွတ်သွင်းပေးသည်။

ယင်းနောက် သာသနာ့ဘောင်အတွင်း ရောက်ရှိသွားပြီဖြစ်သော ရှင်သာမဏေအချို့ကို မိမိတို့၏ဇာတိများသို့ ပြန်လည်သီတင်းသုံးနိုင်ရန်နှင့် မြောင်မြို့အနီးတစ်ပိုက်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးနိုင်ရန်အတွက် ဆရာတော်ကြီးများ၏ သြဝါဒခံယူပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါရှင်သာမဏေများအား မေ ၁၆ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မတည်အလှူရှင် ရွှေသံလွင် မိသားစုနှင့် ရပ်မိရပ်ဖများက ဆွမ်းလောင်းလှူကြပြီး ပင့်သံယာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းများပြုလုပ်ရာ ဒါနလုပ်အားပေးအဖွဲ့များကလည်း လုပ်အားဒါန ကုသိုလ်ယူပါဝင်ဆောင်ရွက်ခဲ့ကြသည်။

(ဝ၀၉)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နော်ဝေနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၇

၂၀၁၅ ခုနှစ် မေလ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဘော့ဂ်ျဘရန်ဒီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဘဂ်လားပင်လယ်အော်အခြေအနေ

ဘဂ်လားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘဂ်လားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။



စာအုပ်စာပေ လူ့မိတ်ဆွေ

မွေးနေ့ဆုတောင်း

ကျေးဇူးရှင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာ ဖခင်ကြီး ဦးအေးချို (ကျုံမင်း)၏ ၁၇-၅-၂၀၁၅ ရက်တွင် ကျရောက်သော နှစ် (၉၀)ပြည့် မွေးနေ့မှသည် သက်ဆုံးတိုင် အေးချမ်းသာယာသောဘဝကို သား သမီး မြေး၊ မြစ်များနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ရိုသေလေးစားစွာ ဂါရဝပြု ဆုမွန်ကောင်း တောင်းအပ်ပါသည်။

'ချို' ညီအစ်ကိုမောင်နှမမိသားစုများ

တနင်္ဂနွေ
ဝိုးမြည်ခုံဝေတာ
ကျော်ကြီး
ဦးကျော်ဝေယျ
ဦးကျော်ဝေယျ
ဒေါ်ခင်ရီ
ဒေါ်ခင်ရီ
ဒေါ်ခင်ရီ

ပြည်တွင်းရေးရာ

တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မိန့်ကြားတော်မူအပ်သော သမ္မောဒနီယ သာရဏီယဩဝါဒကထာ

[၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၄)ရက်၊ ၂၀၁၅ ခုနှစ်၊ မေလ ၁၆ ရက်၊ စနေနေ့]

စာမေးပွဲအောင်မြင်သာသနာ့အာဏာနည်အရှင်မြတ်တို့ဘုရား-

"စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါ ရဝါ"ဟူ၍ အရှင်မဟာဗုဒ္ဓ ဃောသ အဋ္ဌကထာဆရာသည် ကိုယ်တိုင်ရေးသားပြုစုခဲ့သော အဋ္ဌကထာ ကျမ်းများ၏နိဂုံး၌ ဆုတောင်းစကားရေးသားတော်မူသည့်အတိုင်း ဘုရားရှင်၏ အဆုံးအမကို အရှည်ခံ၍ တည်တံ့စေလိုလျှင် တရားတော်ကို အမြတ်တနိုး ရိုသေလေးစားကြရပေမည်။ တရားတော်ကို ရိုသေလေးစားမှုသည် သာသနာတော်တွင် အလွန်အရေးပါအရာရောက်သဖြင့် အဋ္ဌကထာဆရာသည် ထပ်ကာထပ်ကာ ရေးသားတော်မူခဲ့ဟန်တူပါသည်ဘုရား။

မြတ်စွာဘုရားရှင်၏ သာသနာတော်သည် ရိုသေလေးစားမှုပြုသူ၌သာ တည်နိုင်ပါသည်။ ရိုသေလေးစားမှုရှိသော တိုင်းပြည်၊ နိုင်ငံ၊ မြို့ရွာများ၌သာ သာသနာတော်တည်နေပါသည်။ မရိုသေ မလေးစားသောသူများ တိုင်းပြည်၊ နိုင်ငံ၊ မြို့ရွာများ၌ သာသနာတော်မတည်နိုင်ပါ။ မြတ်စွာဘုရားပွင့်တော်မူရာ မရွှိမဒေသ အိန္ဒိယပြည်၌ သာသနာတော် ကြာရှည်စွာ မတည်ထွန်းဘဲ မြန်မာ၊ သီရိလင်္ကာ စသောနိုင်ငံများသို့ သာသနာတော်ပျံ့နှံ့၍ ယနေ့တိုင် တည်တံ့ထွန်းကားနေသည်မှာ သာသနာတော်ကို ရိုသေလေးစားသူ အများအပြားရှိနေကြသောကြောင့်ဖြစ်ပါသည်ဘုရား။

သာသနာတော်ကွယ်ပျောက်ကြောင်းများကို ရှောင်ကြဉ်ရန် အဂုံတွင်ရ နိကာယ်၊ ပဠာကနိပါတ်၊ သဒ္ဓမ္မဝဂ်၊ သဒ္ဓမ္မ သမ္မောသသုတ်လာ သာသနာတော်ကွယ်ကြောင်း ငါးပါးသုံးစုတွင် ပထမအစု ငါးခု၌ -

၁။ ရဟန်းတော်များသည် ဘုရားဟောတရားကို မနာယူခြင်း။
၂။ တရားတော်ကို ရိုသေစွာမသင်ကြားခြင်း။
၃။ တရားတော်၏အနက်သဘောကို လေးလေးစားစားနားလည်အောင် အားမထုတ်ခြင်း။
၄။ တရားတော်ကို ရိုသေစွာနှုတ်တွင်ကျက်မှတ်ဆောင်ထားမှုမရှိခြင်း။
၅။ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာတရားအားလျော်သော အကျင့်ကို မကျင့်ခြင်း။

ဟူ၍ သာသနာတော်ကွယ်ပျောက်စေတတ်သော ပထမအစု ငါးခုဖြစ်ပါသည်ဘုရား။

ဒုတိယအစု ငါးခု၌ -

၁။ ပိဋကတ်စာပေကိုသင်ကြားအားထုတ်မှုမရှိခြင်း။
၂။ စာချပုဂ္ဂိုလ်များက မိမိတို့သင်ကြားထားသည့်အတိုင်း ပရိယတ်ကို အကျယ်တဝင့် ချဲ့ဖွင့်သင်ကြားပေးမှုမရှိခြင်း။
၃။ စာသင်သားတို့က အကျယ်တဝင့် ရွတ်ဖတ်သရဇ္ဈာယ်မှုမရှိခြင်း။
၄။ တရားဟောပုဂ္ဂိုလ်က နားလည်အောင် အကျယ်တဝင့်မဟောခြင်း။
၅။ ဘုရားစကားတော်ပရိယတ်ကို ကြံစည်စဉ်းစားသုံးသပ်မှုမရှိခြင်း။

တတိယအစုငါးခု၌-

၁။ ပရိယတ်ကို အားထုတ်ရာတွင် ပုဒ်မှား၊ ပါဠိမှား၊ အကွာရာမှားများကို သင်ကြားခြင်း။
၂။ တစ်ဦးကိုတစ်ဦးက သတိပေးဆုံးမသည်ကို မခံယူလို၊ အဆိုခက် အပြောခက်ခြင်း။
၃။ ပရိယတ်ကိုသင်ကြားပေးသူ သင်ယူသူရှားပါးခြင်း။
၄။ ပစ္စည်းလာဘ်လာဘပေါများအောင် ဘုန်းတန်ခိုးကြီးအောင် ကြံစည်အားထုတ်ခြင်း။
၅။ အချင်းချင်းခိုက်ရန်ငြင်းခုံများ၍ ကွဲပြားခြင်း။

ဟူသော သာသနာတော်ကွယ်ပျောက်စေတတ်သော အချက်အလက်များကို ဖော်ညွှန်းပြဆိုထားပါသည်ဘုရား။ အထက်ပါအချက်များကို ဖယ်ရှားပြီး သာသနာတော်၏ အဆုံးအမများကို ရိုသေလေးစား ကြိုးစားအားထုတ်ကြပါလျှင် သာသနာတော်ကြီး အရှည်ခံတည်တံ့နိုင်ပါမည်ဘုရား။

သာသနာတော်ကြီးကို ယုတ်လျော့ကွယ်ပျောက်သွားအောင် ပြုလုပ်တတ်သူတို့မှာ ဗုဒ္ဓဘာသာဝင်မှတစ်ပါး အခြားဘာသာဝင်များမဟုတ်ကြပါ။ "သံကိုသံဖျက် သံချေးတက်"ဆိုသောစကားကဲ့သို့ ဗုဒ္ဓဘာသာဝင်အမည်ခံ ရဟန်းရှင် လူတို့သာဖြစ်ပါကြောင်း အထူးသတိပြုသင့်ပါသည်ဘုရား။ မြတ်စွာဘုရားရှင်၏ တရားတော်ကို အမှန်တကယ် ရိုသေလေးစားလျှင် ဘုရား၊ သံဃာ၊ သိက္ခာ၊ သမာဓိတို့ကိုလည်း ရိုသေလေးစားခြင်းဖြစ်သဖြင့် သာသနာပြုသည်မည်ပြီး မရိုသေမလေးစားလျှင် သာသနာတော်ကို ဖျက်သည်မည်ကြောင်း မှတ်ယူရပါမည်ဘုရား။

သာသနာတော်သုံးရပ်တရားမြတ်ကို ရိုသေလေးစားလျက် လောကုတ္တရာတရားကိုးပါးအားလျော်သော အကျင့်များကို ကြိုးစားအားထုတ်မှသာလျှင် သာသနာတော်အရှည်ခံ့တည်တံ့မည်ဖြစ်၍ စာမေးပွဲအောင်မြင် အရှင်မြတ်များနှင့် နိုင်ငံတော်အစိုးရအမှုးပြုသော ဒါယကာ ဒါယိကာမအပေါင်းတို့သည် မိမိတို့ဆိုင်ရာ သိက္ခာကိုယ်ကျင့်တရားများကို ထိန်းသိမ်းစောင့်ရှောက်ကြလျက် သာသနာတော် အရှည်ခံ့တည်တံ့ပြန့်ပွားရေးကို ထိထိရောက်ရောက် ဆက်လက်၍ ဆောင်ရွက်နိုင်ကြပါစေဟု ပတ္ထနာဆုတောင်း နှစ်ထောင်းရွှင်မောထုတ်ဖော်ပြောလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ကိုယ်စား သမ္မောဒနီယ သာရဏီယကထာ ထောမနာ စကားအစဉ်ကို နိဂုံးအုပ်အပ်ပါသည်။ စာပြန် စာဖြေ နှစ်ထွေအောင်မြင် သာသနာ့အာဏာနည်အရှင်မြတ်တို့ဘုရား။

❁ (၆၇)ကြိမ်မြောက်မှ

ဆရာတော်ကြီးများ၊ တိပိဋကရေ တိပိဋက ကောဝိဒရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး စာထောက် စာမ ဆရာတော်များ၊ စာမေးပွဲအောင်သာသနာ့အာဏာနည် အရှင်သူမြတ်များနှင့် ပင့်သံယာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ စာအောင်သံယာတော် အရှင်သူမြတ်များ၏ တပည့်ဒါယကာ/ဒါယိကာမများ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

(၆၇)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားကိုနံနက် ၈ နာရီတွင် ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးတို့ အမှူးပြုသော ပရိသတ်များက တိပိဋကရေ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ အဖွဲ့ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တပညိသာရာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ သာရဏီယ ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဖတ်ကြား ချီးမြှင့်တော်မူသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် တိပိဋကရေ တိပိဋက ကောဝိဒရွေးချယ်ရေး စာမေးပွဲအောင် သာသနာ့အာဏာနည်အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပိဋကသုံးပုံအာဂုံဆောင် တိပိဋကရေရဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ဌဝင်နိကာယ်ကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရနှင့် ပိဋကသုံးပုံအာဂုံဆောင် တိပိဋကရေရဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကကျောင်းတော်မှ အရှင်စက္ကိန္ဒ(မြိုင်)တို့အား တိပိဋကရေရဘွဲ့တံဆိပ်တော်၊ တိပိဋကရေ အောင်လက်မှတ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးဝင်း၊ ဦးဝင်းထွန်း၊ ဦးအေးမြင့်ကြူ၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အဘိဓမ္မာ ပထမပိုင်းအာဂုံအောင် မူလ အာဘိဓမ္မိကအောင် သာသနာ့အာဏာနည်နှစ်ပါး၊ ဒီဃနိကာယ ကောဝိဒအောင် သာသနာ့အာဏာနည် တစ်ပါး၊ ဒီဃဘာဏကအောင် သာသနာ့အာဏာနည် ငါးပါး၊ ဝိနယ ကောဝိဒအောင် သာသနာ့အာဏာနည် ငါးပါး၊ ဝိနယဓရအောင် သာသနာ့အာဏာနည် ၁၆ ပါး၊ ဝိနည်းပထမပိုင်း ရေးဖြေအောင် ဥဘတောဝိဘင်ကောဝိဒအောင် သာသနာ့အာဏာနည် ငါးပါး၊ ဝိနည်းပထမပိုင်း အာဂုံအောင် ဥပတောဝိဘင်ဓရအောင် သာသနာ့အာဏာနည် ၅၄ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို အသီးသီးဆက်ကပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂ မဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသထံမှ ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်များက အနုမောဒနာ ရေစက်ချတရားကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် တိပိဋကရေ တိပိဋကကောဝိဒစာအောင် သံဃာတော်အရှင်သူမြတ်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှန်တို့အမှူးပြုသောအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တိပိဋကရေဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ ဧည့်ပရိသတ်များက စာအောင် သာသနာ့အာဏာနည် အရှင်မြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လောင်းလှူကြစဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။ (သတင်းစဉ်)

အီဂျစ်သမ္မတဟောင်း မိုဟာမက်မော်စီအား သေဒဏ်စီရင်ချက်ချမှတ်

ကိုင်ရို မေ ၁၆

အီဂျစ်သမ္မတဟောင်း မိုဟာမက်မော်စီအား ကိုင်ရိုမြို့ရှိ တရားရုံးတစ်ရုံးက မေ ၁၆ ရက်တွင် သေဒဏ်ပြစ်ဒဏ်ကျခံရန် စီရင်ချက်ချမှတ်လိုက်ကြောင်း၊ အဆိုပါ တရားရုံးဆုံးဖြတ်ချက်ကို အတည်ပြုနိုင်ရန် နိုင်ငံတော်၏ အမြင့်ဆုံးဘာသာရေးအဖွဲ့ အစည်းသို့ တင်ပြလိုက်ပြီး အပြီးသတ်ဆုံးဖြတ်ချက်ကို လာမည့်လတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

မော်စီသည် အီဂျစ်နိုင်ငံ၌ ပထမအကြိမ်လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခံခဲ့ရသော သမ္မတဟောင်းဖြစ်သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလက မွတ်စလင်ညီနောင်များအဖွဲ့၏ အဖွဲ့ဝင်အများအပြားကို လွတ်မြောက်စေခဲ့သည့် ထောင်ဖောက်မှုတွင် လည်းကောင်း၊ ရဲဌာနများအား တိုက်ခိုက်ခြင်း၊ ရဲတပ်ဖွဲ့ဝင်များအား သတ်ဖြတ်ခြင်းနှင့် ပြန်ပေးဆွဲခြင်းတို့တွင် လည်းကောင်း ပါဝင်လှုပ်ရှားခဲ့သည်ဆိုမှုဖြင့် မော်စီနှင့်အတူ အဆိုပါအဖွဲ့၏ အဖွဲ့ဝင် ၁၀၀ ကျော်ကို သေဒဏ်ကျခံစေရန် တရားရုံးတော်က စီရင်ချက်ချမှတ်ခဲ့သည်။

အီဂျစ်နိုင်ငံကို နှစ်ပေါင်း ၃၀ ကြာမျှ အုပ်စိုးခဲ့သူ ဟိုစနီမူဘာရက်၏အာဏာစက်မကုန်ဆုံးမီ နောက်ဆုံးနေ့ရက်များတွင် အကြမ်းဖက်သည့် ဆန္ဒပြပွဲများအတွင်း ပြစ်မှုကျူးလွန်မှုများ ဖြစ်ပွားခဲ့သည်ဆို၏။

မွတ်စလင်ညီနောင်အဖွဲ့၏ခေါင်းဆောင် လာရိယတ်အယ်လ်ရှာတားနှင့် ၁၅ ဦးတို့ကိုလည်း အီဂျစ်နိုင်ငံအား ဆန့်ကျင်နေသည့် နိုင်ငံခြား စစ်သွေးကြွအဖွဲ့များနှင့်အတူ ပူးပေါင်းကြံစည်မှုဖြင့် တရားရုံးတော်က သေဒဏ်ပြစ်ဒဏ်ကျခံစေရန် စီရင်ချက်ချမှတ်ခဲ့သည်။

၂၀၁၂ ခုနှစ်က မော်စီ၏ အုပ်စိုးမှုကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများအတွင်း ဆူပူမှုများဖြစ်ပေါ်စေရန် လှုံ့ဆော်ခဲ့မှုဖြင့် မော်စီမှာ ထောင်ဒဏ်နှစ် ၂၀ ကျခံနေရပြီးဖြစ်သည်။

ရိုက်တာ။

တရုတ်နှင့် အိန္ဒိယ ဒေါ်လာ ၂၂ ဘီလီယံတန်ဖိုးရှိ စီးပွားရေးစာချုပ်များ လက်မှတ်ထိုး

ရန်ဟိုင်း မေ ၁၆

တရုတ်နိုင်ငံ စီးပွားရေးမြို့တော် ရှန်ဟိုင်း၌ နှစ်နိုင်ငံ တာဝန်ရှိသူများ၏ အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံတန်ဖိုးရှိသော စီးပွားရေးစာချုပ်များကို လက်မှတ်ရေးထိုးသည့်အခမ်းအနားသို့ တက်ရောက်လာသော အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက တရုတ်စီးပွားရေးခေါင်းဆောင်များအား ၎င်း၏နိုင်ငံဘက်သို့ ဦးလှည့်ကြပါရန် ယနေ့တိုက်တွန်းလိုက်သည်။

တောင်ကိုရီးယားနှင့် မွန်ဂိုလီးယားနိုင်ငံများသို့ မထွက်ခွာမီ တရုတ်နိုင်ငံနှင့် ယုံကြည်မှုတည်ဆောက်ရေးခရီးစဉ်၏ နောက်ဆုံးခရီးတစ်ထောက်ဖြစ်သောရှန်ဟိုင်း၌ ရှိနေစဉ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး အိန္ဒိယနိုင်ငံ၏ စီးပွားရေးပတ်ဝန်းကျင်သည် ပြောင်းလဲသွားခဲ့ပါကြောင်း မိုဒီက ပြောခဲ့သည်။

ယနေ့ လက်မှတ်ရေးထိုးခဲ့သည့် သံမဏိ၊ ဘဏ္ဍာရေး၊ ဆိုလာ၊ ဆိပ်ကမ်း၊ ဆက်သွယ်ရေးနှင့် ဖျော်ဖြေရေးကဏ္ဍများပါဝင်သော သဘောတူညီမှု ၂၆ ခုသည် နှစ်နိုင်ငံဆက်ဆံရေးကို ထပ်မံအားသစ်လောင်းပေးခြင်းဖြစ်သည်။

အဆိုပါသဘောတူစာချုပ်များသည် မေ ၁၅ ရက်နေ့တွင် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံအစိုးရချင်း လက်မှတ်ရေးထိုးခဲ့သည့် အခြေခံသဘောတူညီချက်များ၏ နောက်ဆက်တွဲဖြစ်သည်။

ရိုက်တာ။

ကြံ့ချိန်နှင့် ခြသေ့်အစွယ်များ သယ်ဆောင်လာသည့် ဗီယက်နမ်နိုင်ငံသားအား ဖမ်းဆီး

နိုင်ရိုဘီ မေ ၁၆

ကင်ညာအာဏာပိုင်များက အမေရိကန်ဒေါ်လာ ၁၂၆၀၀၀ တန်သည့် ကြံ့ချိုများ၊ ကြီ့အမြီးများနှင့် ခြသေ့်အစွယ်များအား သယ်ဆောင်လာသော ဗီယက်နမ်နိုင်ငံသားတစ်ဦးကို မေ ၁၆ ရက်က ဖမ်းဆီးလိုက်ပြီးဖြစ်သည်။

မိုဇမ်ဘစ်နိုင်ငံ မာပူတိုမြို့မှ ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့သို့ သွားရောက်ရန် ခရီးတစ်ထောက်နားနေစဉ် အသက်(၄၇)နှစ်ရှိ အဆိုပါဗီယက်နမ်နိုင်ငံသားသည် ဂျိုမိုကင်ယတ်တာမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း လေဆိပ်ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးတပ်ဖွဲ့မှူး ဂျူဒီဂျီဘတ်က ပြောကြားသည်။ ၎င်းသယ်ဆောင်လာသည့် ခရီးဆောင်အိတ်ထဲတွင် အလေးချိန် ၁၂ ကီလိုရှိသော ကြံ့ချိုများ၊ ကြီ့အမြီးများနှင့် ခြသေ့်သွားများ တွေ့ရှိခဲ့ကြောင်း၊ ထိုကိစ္စအပေါ် စုံစမ်းစစ်ဆေးခဲ့ပြီး မေလ ၁၈ ရက်နေ့တွင် တရားရုံး၌ စွဲချက်တင်မည်ဖြစ်ကြောင်း ဂျီဘတ်က ဆက်လက်ပြောကြားသည်။

ကင်ညာသားရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (KWS) မှ တာဝန်ရှိသူများသည် လေဆိပ်သို့ရောက်ရှိခဲ့ကြပြီး ယင်းဗီယက်နမ်နိုင်ငံသားကို စစ်ဆေးမေးမြန်းခဲ့ကြသည်။ စစ်ဆေးမေးမြန်းချက်အရ မိုဇမ်ဘတ်နိုင်ငံတောင်ပိုင်း၌ ကြံ့များ မျိုးသုဉ်းသွားပြီဟု ယုံကြည်ထားကြသော်လည်း ယခုဖမ်းဆီးရမိသည့် ကြံ့ချိုများ၊ ကြီ့အမြီးများနှင့် ခြသေ့်သွားများကို တောင်အာဖရိကနိုင်ငံမှ သယ်ဆောင်လာခဲ့ကြောင်း သိရသည်။

ကြံ့ချိသည် အရက်နာကျခြင်းဝေဒနာမှ ကင်ဆာရောဂါထိ ပျောက်ကင်းအောင် ကုသပေးနိုင်ပြီး အိမ်တွင်ဆောင်ထားပါက လာဘ်လာဘပေါများသည်ဟု ယုံကြည်မှုများကြောင့် အာရှဒေသအချို့တွင် ကြံ့ချိုများဝယ်လိုအားမြင့်တက်လျက်ရှိသည်။ အဆင်တန်ဆာနှင့် ရိုးရာဆေးများတွင် အသုံးပြုရန် ဆင်စွယ်များနှင့်ကြီ့စွယ်များ ရရှိခြင်းအလို့ငှာ ဆင်များနှင့် ကြီ့များကို ရက်စက်စွာ သတ်ဖြတ်ကြသည်။

ဆင်ဟွာ။

လိင်တူချင်းလက်ထပ်ခဲ့သည့် ပထမဆုံး အီးယူခေါင်းဆောင် လူဇင်ဘာ့ဂ်ဝန်ကြီးချုပ် ဇေဗီယာဘီတယ်လ်ဖြစ်လာ

လူဇင်ဘာ့ဂ် မေ ၁၆

ဥရောပတိုက်အနောက်ပိုင်းရှိ လူဇင်ဘာ့ဂ်နိုင်ငံ၏ ဝန်ကြီးချုပ် ဇေဗီယာဘီတယ်လ်သည် လိင်တူချင်းလက်ထပ်သည့် ပထမဆုံးသော ဥရောပသမဂ္ဂ(အီးယူ)ခေါင်းဆောင်တစ်ဦးဖြစ်လာကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၅ရက်တွင် သတင်းထုတ်ပြန်သည်။

လူဇင်ဘာ့ဂ်ဝန်ကြီးချုပ် ဘီတယ်လ်သည် မေ ၁၅ရက်က မြို့တော်ရှိ မြို့တော်ခန်းမ၌ ထိမ်းမြားလက်ထပ်ပွဲကို ဆင်နွှဲခဲ့သည်။ ဘီတယ်လ်သည် ၎င်း၏ လိင်တူချစ်သူ ဂေါ်သီယာဒက်စတန်နေးနှင့် တရားဝင်ထိမ်းမြားလက်ထပ်ခြင်းဖြစ်သည်။ ၎င်းတို့ နှစ်ဦးသည် ၂၀၁၀ ပြည့်နှစ်မှစ၍ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စုံမက်ခဲ့ကြသည်ဆို၏။

လူဇင်ဘာ့ဂ်နိုင်ငံ၏ ပါလီမန်သည် လွန်ခဲ့သည့် တစ်နှစ်က လိင်တူချင်းထိမ်းမြားလက်ထပ်မှုကို ခွင့်ပြုပေးသည့် ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုပေးခဲ့ပြီးနောက် လိင်တူချစ်သူများ ထိမ်းမြားလက်ထပ်ရန် လမ်းပွင့်သွားခဲ့သည်။

ဝန်ကြီးချုပ် ဘီတယ်လ်သည် လိင်တူချင်း လက်ထပ်သည့် ဒုတိယမြောက်ကမ္ဘာ့ခေါင်းဆောင်တစ်ဦးဖြစ်လာသည်။ ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် လိင်တူချင်း လက်ထပ်ခဲ့သူမှာ အိုက်စလန်ဝန်ကြီးချုပ် ဂျိုဟန်နားဆီဂါဒါတော့တီဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် လက်ထပ်ပွဲကို ပြုလုပ်ခဲ့သည်။

ရိုက်တာ။

ဘော်စတွန်မြို့ မာရသွန်ပုံးဖောက်ခွဲရေးသမားကို တရားရုံးက သေဒဏ်ချမှတ်

ဘော်စတွန် မေ ၁၆

အမေရိကန်ပြည်ထောင်စု ဘော်စတွန်မြို့ မာရသွန်ပြေးပွဲတွင် ပုံးဖောက်ခွဲခဲ့သူ ဂျိုခ် ဆာနာအက်ဖ်အား ဆေးထိုးသတ်ရန် အမေရိကန်တရားရုံးက ယနေ့ အမိန့်ချမှတ်လိုက်ပြီးဖြစ်သည်။

၂၀၁၃ ခုနှစ် မာရသွန်ပြေးပွဲမစတင်မီ ဂျိုခ်ဆာနာအက်ဖ် **(ယာပုံ)**နှင့် သူ၏အစ်ကို တာမာလဲန်ဆာနာအက်ဖ်တို့သည် ပြိုင်ပွဲ၏တာထွက်စည်းလိုင်း၌ ဖောက်ခွဲရေးပစ္စည်းများ ထားခဲ့သည်။ အဆိုပါပုံးများပေါက်ကွဲမှုကြောင့် လူသုံးဦး သေဆုံးခဲ့ပြီး ၂၆၀ ခန့်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

တရားသူကြီးများက ဂျိုခ်ဆာနာအက်ဖ်ကို သေဒဏ်ချမှတ်သင့်၊ မသင့်ကို ၁၄ နာရီကြာ အပြန်အလှန်ဆင်ခြင်သုံးသပ်ရာတွင် ဂျိုခ်ဆာနာအက်ဖ်သည် သူ၏လုပ်ရပ်အတွက် နောင်တရရှိသည့် လက္ခဏာကို မတွေ့ရသဖြင့် သူ့အား သေဒဏ်ချမှတ်ရန် အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။

တရားသူကြီးက ဂျိုခ်ဆာနာအက်ဖ်အား သေဒဏ်ပေးသည့်အမိန့်စာကို ဖတ်ကြားစဉ်တွင် ကြားနာသူများက ရှိုက်ကြီးတငင်ငိုခဲ့ကြသော်လည်း ဂျိုခ်ဆာနာအက်ဖ်သည် မည်သည့်တုံ့ပြန်မှုမျိုးကိုမျှ ပြသခဲ့ခြင်းမရှိပေ။

"သူဘယ်မှ ထွက်ပြေးမှာမဟုတ်ဘူး။ သူလုပ်ခဲ့တဲ့အတွက် သူပြန်ပေးဆပ်ရမှာပဲ။ တရားမျှတမှုကို ငါတို့ အမြဲတမ်း လက်ကိုင်ထားတယ်"ဟု ပုံးပေါက်ကွဲမှုကြောင့် သေလုနီးပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဆစ်ဒနေကော်ကိုရန်က ဆိုသည်။

ဂျိုခ်ဆာနာအက်ဖ်သည် ပုံးဖောက်ခွဲမှုတွင် သူ၏အစ်ကို အား ကူညီမှုများပေးခဲ့သည်မှာ ထင်ရှားခဲ့ကြောင်း လွန်ခဲ့သည့်လက စစ်ဆေးတွေ့ရှိခဲ့သည်။

အခုအချိန်တွင် ဂျိုခ်ဆာနာအက်ဖ်ကို အင်ဒီယားနားပြည်နယ်ရှိ ဗဟိုအစိုးရအကျဉ်းထောင်သို့ ရွှေ့ပြောင်းထားမည်ဖြစ်သည်။ သို့သော် အယူခံဝင်ရန် ခွင့်ပြုထားသည့်အတွက် ကွပ်မျက်ခံရရန်မှာ နှစ်အနည်းငယ်ကြာဦးမည်ဖြစ်သည်။

ရိုက်တာ။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သယ်နံးကျွန်းမြို့နယ် သံသုမာလမ်းရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာရွှေတိုးက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၏ သမိုင်းအကျဉ်း၊ သင်တန်းအမည်နှင့် ဘွဲ့များ၊ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းသားစာရင်း၊ သင်ကြားရေးဆရာ ဆရာမများနှင့် ဝန်ထမ်းအင်အား၊ ခုတင်(၅၀)ဆံ့ဆေးရုံတွင် အသေးစားခွဲ စိတ်ကုသပေးမှု လာရောက်ကုသမှု ခံယူကြသည့်လူနာများအခြေအနေနှင့် နယ်လှည့် ဆေးကုသမှုအခြေအနေ၊ နိုင်ငံတကာရှိတက္ကသိုလ်ကြီးများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ တက္ကသိုလ်၏လိုအပ်ချက်များနှင့် အနာဂတ်တွင် ဆောင်ရွက်သွားမည့် စီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကားပြောကြားရာတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)သို့ မိမိလာရောက်ရသည့် ရည်ရွယ်ချက်မှာ တာဝန်ကျဝန်ထမ်းများကို အားပေးရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)သည် စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားခြင်းဖြစ်၍ ပုံရိပ်ကောင်းများ ထင်ဟပ်စေချင်ပါကြောင်း၊ အရည်အသွေးပြည့်ဝသည့်တက္ကသိုလ်ဘွဲ့ရများကို မွေးထုတ်နိုင်ရန်လိုအပ်ကြောင်း၊ ခေတ်စနစ်အရ နိုင်ငံတကာအဆင့်မီရန် အနည်းဆုံးဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်မှုများကိုလည်း အနာဂတ်အမြင်များဖြင့် ရှုမြင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ပြည်တွင်း၌ပင် လူနာများ အားကိုးအားထားရာဌာနတစ်ခု ဖြစ်စေချင်ကြောင်း၊ လူနာများကို စေတနာ မေတ္တာများနှင့် နွေးထွေးမှုများပေးနိုင်အောင် သင်ကြားပေးစေလိုကြောင်း၊ တက္ကသိုလ်၏ လိုအပ်ချက်များကို နိုင်ငံတော်ပိုင်းက ဘတ်ဂျက်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတသည် တာဝန်ရှိသူများနှင့်အတူ သွားရောဂါကုဆေးပညာဌာန၊ သွားဖုံးရောဂါကုပညာဌာန၊ စာကြည့်တိုက်၊ သွားတုဆေးပညာဌာန၊ သွားညှိကု ပညာဌာန၊ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုပညာဌာနနှင့် ခုတင်(၅၀)ဆံ့ သင်ကြားရေးဆေးရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)ကို ၁၉၉၇ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဆေးတက္ကသိုလ်(ရန်ကုန်)တွင် ခုတင်(၅၀)ဆံ့သင်ကြားရေးဆေးရုံလည်းပါရှိရာ ၂၀၁၄ခုနှစ်တွင် လူနာ စဝ၉၃ ဦးတို့ အသေးစားခွဲစိတ်ကုသမှုများခံယူခဲ့ကြောင်းသိရသည်။ လက်ရှိတွင် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းသား ၁၁၂၈ ဦးတို့ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် အီကွေဒေါနိုင်ငံ ဂါလာပါဂို့စ် အမျိုးသားဥယျာဉ်သို့ လေ့လာ

နေပြည်တော် မေ ၁၆

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် မြန်မာနိုင်ငံ၏ သဘာဝနယ်မြေများ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုစေရန်အတွက် အီကွေဒေါနိုင်ငံ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဂါလာပါဂို့စ် (Galapagos)အမျိုးသားဥယျာဉ်သို့ မေ ၇ ရက်မှ ၁၁ ရက်ထိ လေ့လာရေးခရီးသွားရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း သဘာဝနယ်မြေများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရေရှည်တည်တံ့သော သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့်ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးသည် ဆန်တာခရုစ်ကျွန်း (Santa Cruz Island)ရှိ လိပ်သားဖောက်မွေးမြူရေးစခန်း၌ လိပ်သားဖောက်ခြင်း လုပ်ငန်းနှင့် အရွယ်ရောက်လိပ်များကို မူရင်းဒေသကျွန်းစုများသို့ ပြန်လည်လွှတ်ခြင်း လုပ်ငန်းများ၊ ဂါလာပါဂို့စ်(Galapagos) အမျိုးသားဥယျာဉ်အား ဂြိုဟ်တုဆက်သွယ်ရေးစနစ်အသုံးပြု၍ ကုန်းတွင်း၊ ရေပြင်စောင့်ကြည့် ကြီးကြပ်ခြင်းလုပ်ငန်း၊ စွန့်စပ်စွဲညား ပြန်လည်အသုံးချခြင်းလုပ်ငန်းများ (Reycling)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး လုပ်ငန်းများနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများအား သွားရောက် လေ့လာခဲ့သည်။

ဂါလာပါဂို့စ်အမျိုးသားဥယျာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း တည်ရှိ၍ မီးတောင်ကျွန်းစုပေါင်း ၁၈ ခုဖြင့် ဖွဲ့စည်းထားပြီး စတုရန်းကီလိုမီတာ ၄၅၀၀၀ ကျယ်ဝန်းကာ သဘာဝသိပ္ပံ ပညာရှင်ချားစ်ဒါဝင်၏ သဘာဝအတိုင်း ရွေးချယ်မှုကြောင့် ဖြစ်ပေါ်လာသော ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ် (Evolutionary Theory)သီအိုရီဖော်ထုတ်ရာတွင် အထောက်အကူပြုခဲ့သော နေရာလည်းဖြစ်သည်။

ခရီးစဉ်အတွင်း သဘာဝနယ်မြေများ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ရေး၊ ငါးလုပ်ငန်းဖွံ့ဖြိုးရေးနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနယ်ပယ်များ ဖွံ့ဖြိုးရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ လေ့လာရေးအဖွဲ့ဝင်များ၊ ဂါလာပါဂို့စ်အမျိုးသားဥယျာဉ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ World Wildlife Fund for Nature(WWF) နှင့် Fauna and Flora International(FFI) အဖွဲ့အစည်းများမှ သုတေသီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မိမိနိုင်ငံရှိ သဘာဝအရင်းအမြစ်များဖြစ်သော မြိတ်ကျွန်းစုကဲ့သို့ ကျွန်းစုများကို သဘာဝနယ်မြေများ တည်ထောင်၍ ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ရာတွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကလေးသူငယ်ဆိုင်ရာဥပဒေသစ် ထိုင်းနိုင်ငံတွင် ထုတ်ပြန်

ကော့သောင်း မေ ၁၆

ထိုင်းနိုင်ငံအတွင်းနေထိုင်ကြသည့် မည်သူမဆို၊ မည်သည့်နိုင်ငံသားမဆို(၁၈)နှစ်အောက် ကလေးသူငယ်များနှင့် မဖွယ်မရာပြုသည့် ဓာတ်ပုံများ၊ ကလေးသူငယ်များအားနှိပ်စက်၍ ကာမဆက်ဆံနေသည့် ရုပ်သံမှတ်တမ်းများအား မိမိကိုင်ဆောင်ထားသည့် ဖုန်းအတွင်းဖြစ်စေ၊ ကင်မရာနှင့် ကွန်ပျူတာတွင်ဖြစ်စေ သိမ်းဆည်းထားခြင်း၊ အင်တာနက်မှ ဖြန့်ဖြူးခြင်းများအား ဖော်ထုတ်တွေ့ရှိပါက အဆိုပါလက်ဝယ်ထားရှိသူအား ထောင်ဒဏ်ငါးနှစ်ဖြစ်စေ၊ ဒဏ်ငွေ ဘတ်တစ်သိန်းဖြစ်စေ၊ ဒဏ်နှစ်ခုလုံးဖြစ်စေ အပြစ်ဒဏ်ကျခံရမည်ဖြစ်ကြောင်း ကလေးသူငယ်များဆိုင်ရာ ဥပဒေသစ်တစ်ရပ် ယခုရက်ပိုင်းအတွင်း ထုတ်ပြန်လိုက်ကြောင်း လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သိရသည်။

အကြောင်းကိစ္စတစ်ခုခုဖြင့် ထိုင်းနိုင်ငံရဲဌာနသို့ရောက်လာသူများ အနေဖြင့် မိမိကိုင်ဆောင်ထားသည့် လက်ကိုင်ဖုန်းအတွင်း ညစ်ညမ်းရုပ်ပုံများ၊ အထူးသဖြင့် ကလေးများနှင့် ကာမဆက်ဆံပုံများ စစ်ဆေးတွေ့ရှိပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဥပဒေသစ်ကြောင့် ထိုင်းနိုင်ငံ အနှံ့အပြား ဝင်ရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများအပါဝင် နိုင်ငံခြားသားများ အထူးသတိပြုဆင်ခြင်နေထိုင်ကြရန် အပြန်အလှန် သတိပေးနှိုးဆော်မှုများ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ဖြန့်ဝေအသိပေးလျက်ရှိကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရေပေးရေးလုပ်ငန်းသုံးပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

Lot(1)			
1.	6-3/4" Dia Wing Bit	10	Nos
2.	6-3/4" Dia Tri-cone Bit	10	Nos
3.	8-5/8" Dia Wing Bit	20	Nos
4.	8-5/8" Dia Tri-cone Bit	20	Nos
5.	DTH Penetration Bit	4	Nos
Lot(2)			
1.	3½" Drill Rod	200	Nos
Lot(3)			
1.	BQ Pipe (Air Lifting Pipe) 3m	200	Nos
Lot(4)			
1.	Logging Instrument	1	No
Lot(5)			
1.	BoreHole Camera(RCam 1000XS)	1	No
Lot(6)			
1.	Air Compressor(310 CFM)	2	Nos

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၁၁-၆-၂၀၁၅ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၁-၆-၂၀၁၅ရက် မွန်းလွဲ ၁ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅)တွင် သတ်မှတ်ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း လည်ချောင်းရောဂါအထူးကုဆေးရုံကြီးတွင် လာရောက်ပြသသော ပြင်ပလူနာများ၊ အတွင်းလူနာများ၊ ကုသပေးရန်လိုအပ်သော (FDA)အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်	- ၁၈-၅-၂၀၁၅ရက်(တနလာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန်	- ၁၇-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)၊ ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး
၂၃လမ်း၊ စ၀-စ၁ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆၊

လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် မိတ္ထီလာ

နေပြည်တော် မေ ၁၆

မိတ္ထီလာမြို့နှင့် ဆက်စပ်မြို့နယ်၊ ကျေးရွာများသို့ သောက်သုံးရေ၊ စိုက်ပျိုးရေ ပိုမိုဖြန့်ဝေသုံးစွဲနိုင်ရေးအတွက် မိတ္ထီလာ(မြောက်) ကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

မိတ္ထီလာ(မြောက်)ကန်သည် ယခင်စိုက်ပျိုးဧက ၂၆၀၀ ကျော် ရေဖြန့်ဝေပေးနိုင်ရာမှ ကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးသွားပါက စိုက်ပျိုးဧက ၆၆၀၀ ကျော်ကို ဖြန့်ဝေနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေပိုမိုတိုးတက်ဖြန့်ဝေပေးခြင်းဖြင့် ဒေသတွင်း လူမှုစီးပွား ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အချိန်ကြန့်ကြာမှုမရှိစေဘဲ ကောင်းမွန်သပ်ရပ်စွာလုပ်ဆောင်သွားကြရန် ပြည်ထောင်စုဝန်ကြီးများက တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် မိတ္ထီလာကန်ကူးတံတားတည်ဆောက်နေမှုလုပ်ငန်း အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုမိုအဆင်ပြေချောမွေ့နိုင်ရေး အကြံပြုကူညီ ပံ့ပိုးပေးခဲ့သည်။ ဆက်လက်၍ မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်မည့်နေရာအား သွားရောက်၍ မြေသားလမ်းဖောက်လုပ်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (၁/၂၀၁၅) အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၆

ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် မူးယစ်ဗဟိုအဖွဲ့သည် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံနှင့်အဝှမ်း မူးယစ်ဆေးသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုများကို ထိန်းချုပ်နိုင်ရန်အတွက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးခြင်း၊ ဥပဒေရေးရာများ ရှင်းလင်းပြောကြားခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဆေးစွဲမှုကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ပြည်သူလူထုကိုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် အထူးစီမံချက်တစ်ခုကို အချိန်ကာလတစ်လသတ်မှတ်ပြီး မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များနှင့် တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များ၏ ဦးဆောင်မှုဖြင့် အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ် စသည့် ဇုန်(၃)ဇုန်၌ ဟန်ချက်ညီညီ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် ရေးဆွဲထားပြီးလုပ်ငန်းအဖွဲ့များကို စုဖွဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ယမန်နေ့နံနက် ၉ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (၁/၂၀၁၅) အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုကို လျော့ကျအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ဘိန်းစိုက်ဧရိယာ ၅၇၈၀၀ ဟက်တာ စိုက်ပျိုးခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၅၇၆၀၀ ဟက်တာသာ စိုက်ပျိုးမှုရှိသည့် အတွက် ဟက်တာ ၂၀၀ လျှော့ချနိုင်ခဲ့ပြီး ထုတ်လုပ်မှုအပိုင်းတွင်လည်း တန်ချိန် ၈၇၀ မှ ၆၇၀ ထိ ၂၃ ရာခိုင်နှုန်းလျှော့ချခဲ့ကြောင်း တွေ့ရှိရသဖြင့် ခုနစ်နှစ်ဆက်တိုက် မြင့်တက်လာသည့် စိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုကို အစိုးရသစ်လက်ထက်တွင် ထိန်းချုပ်နိုင်ခဲ့သည့်အတွက် မူးယစ်ဆေးဝါးထိန်းချုပ်ရေး၏ အောင်မြင်မှုမှတ်တိုင်တစ်ခုအဖြစ် စိုက်ထူနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက UNODC၊ NNCC၊ DEA တို့နှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးပယျောက်ရေးကဏ္ဍတွင် ထောက်ပံ့ကူညီပေးရေးဆိုင်ရာကိစ္စရပ်များအား မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးဆွေးနွေးတင်ပြကြပြီး လူထုဗဟိုပြု လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်၍ ပြည်ထဲရေးဝန်ကြီးဌာန တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ မူးယစ်ဗဟိုအဖွဲ့တွင်ပါဝင်သည့် ဝန်ကြီးဌာနများ၊ NGO၊ INGO အဖွဲ့များ ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MIC Youth Education Fair 2015

တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူ ကျောင်းသားလူငယ်များအတွက် နိုင်ငံတကာပညာရေးအခွင့်အလမ်းများဆွေးနွေးပွဲ

တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသော ကျောင်းသား၊ ကျောင်းသူများအတွက် ပြုလုပ်သင့်သောပညာရေး ပြင်ဆင်မှုများနှင့် နိုင်ငံတကာ ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ဆွေးနွေးပွဲကို မေလ ၁၇ ရက်နေ့တွင် Myanmar Imperial College (MIC) မှ ကြီးမှူး ကျင်းပမည် ဖြစ်ပါသည်။

ပြည်ပတွင်တက်ရောက်နိုင်သော Singapore နှင့် UK မှပေးအပ်သည့် Bachelor နှင့် MBA Programme များ၊ Singapore Education ဆိုင်ရာ သိမှတ်ဖွယ်ရာ ဗဟုသုတများကိုဆွေးနွေးဟောပြောမည် ဖြစ်ပြီး UK တွင် တက်ရောက်သင်ကြားနိုင်သော တက္ကသိုလ်များ၊ဘာသာရပ်များအကြောင်းကိုလည်း ရှင်းပြမည် ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံတွင်လည်း MIC မှ နိုင်ငံတကာ အသိအမှတ်ပြု UK မှ ပေးအပ်သော Bachelor များနှင့် MBA Programme များ အကြောင်းကိုလည်း ဆွေးနွေးမည် ဖြစ်ပါသည်။ ထို ဆွေးနွေးပွဲကို မေလ (၁၇) ရက်နေ့၊ Sule Shangri-La Hotel (Bago Room) တွင် နေ့လည် ၂ နာရီမှ ၄ နာရီထိ ကျင်းပမည်ဖြစ်ပြီး ပါဝင်တက်ရောက်လိုသူများအနေဖြင့် အသေးစိတ်သိရှိရန် 01 537 562 နှင့် 09 732 10001 ဖုန်းနံပါတ်များကို ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

အာရှယူ-၂၃ ဘော်လီဘောပြိုင်ပွဲ ကွာတားရောက်အသင်းများထွက်ပေါ်

နေပြည်တော် မေ ၁၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ပထမအကြိမ် အာရှယူ-၂၃ ဘော်လီဘောပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ ကွာတားဖိုင်နယ်ရောက်အသင်းများ စုံလင်စွာ ထွက်ပေါ်လာပြီဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များတွင် ဆော်ဒီအသင်းက မော်လ်ဒိုက်အသင်းကို (၂၅-၁၉)မှတ်၊ (၂၅-၂၇)မှတ်၊ (၂၁-၂၅)မှတ်၊ (၂၅-၁၅)မှတ်၊ (၁၅-၁၂)မှတ်ဖြင့် သုံးပွဲ-နှစ်ပွဲ၊ အိန္ဒိယအသင်းက ကာတာအသင်းကို (၂၅-၂၃)မှတ်၊ (၂၅-၂၀)မှတ်၊ (၂၅-၂၂)မှတ်ဖြင့် သုံးပွဲပြတ်၊ ဩစတြေးလျအသင်းက ဗီယက်နမ်အသင်းကို (၂၅-၁၉)မှတ်၊ (၂၅-၂၀)မှတ်၊ (၂၅-၁၇)မှတ်ဖြင့် သုံးပွဲပြတ်တို့ဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ အိမ်ရှင်မြန်မာနှင့် ထိုင်း၊ အုပ်စု(ခ)မှ အီရန်နှင့် အိန္ဒိယ၊ အုပ်စု(ဂ)မှ တရုတ်(တိုင်ပေ)နှင့် တရုတ်၊ အုပ်စု(ဃ)မှ တောင်ကိုရီးယားနှင့် ဂျပန်အသင်းတို့မှာ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ကွာတားဖိုင်နယ်နှင့် လွဲချော်ခဲ့သည့် အုပ်စု(က)မှ ဆော်ဒီနှင့် မော်လ်ဒိုက်၊ အုပ်စု(ခ)မှ ကာတာနှင့် ဖိလစ်ပိုင်၊ အုပ်စု(ဂ)မှ ဩစတြေးလျနှင့် ဗီယက်နမ်၊ အုပ်စု(ဃ)မှ ကာဇက်စတန်နှင့် အင်ဒိုနီးရှားအသင်းတို့မှာ အဆင့်(၉)မှ (၁၆)နေရာအတွက် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကွာတားပွဲစဉ်များကို မေ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(ချစ်ကိုကို)

ရခိုင်ပြည်နယ်အစိုးရအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်၊ မြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါသည်။

စဉ်	လုပ်ငန်းအမျိုးအစား	အရေအတွက်/အရှည်မိုင်
(၁)	ကွန်ကရစ်လမ်း	(၁/၀)မိုင်
(၂)	ကျောက်လမ်း	(၂၆/၀)မိုင်
(၃)	မြေသားလမ်း	(၁၃/၆. ၃၅)မိုင်
(၄)	ကွန်ကရစ်တံတား	(၅၅)စင်း
(၅)	သစ်သားတံတား	(၁)စင်း
(၆)	ရေပွိုန်	(၁၂၂)စင်း
(၇)	လက်တူးတွင်း	(၁)တွင်း
(၈)	မြေသားရေကန်	(၁)ကန်
(၉)	ကျောက်စီရေတွင်း	(၄)တွင်း
(၁၀)	အခြားရေပေးရေးလုပ်ငန်း	(၁)ခု
(၁၁)	ဆိုလာမီးလင်းရေး	(၂၆၆)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၅-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ရုံးတွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၅-၂၀၁၅ရက် ၁၆:၃၀နာရီတွင် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး (၀၄၃-၂၂၃၉၈)၊ (၀၄၃-၂၂၃၉၉) တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့

ဝင်းစိန်တောရဆရာတော်ကြီးအား ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ ဆက်ကပ်ပူဇော်

မော်လမြိုင် မေ ၁၆

မုဒုံမြို့နယ် ကျောက်တစ်လုံးကျေးရွာအုပ်စု ဝင်းစိန်တောင်တွင်သီတင်းသုံးကာ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးဆောင်ရွက်ခဲ့သော ဝင်းစိန်တောရဆရာတော် ဘဒ္ဒန္တကေသရအား ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်ရာဇဝိဒယလျတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဝင်းစိန်တောရကျောင်းဝင်းအတွင်းရှိ ဘုမ္မိရာဇာ ဓမ္မာရုံတော်ကြီး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်ရာဇဝိဒယလျတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဆရာတော် အရှင်သောဘဏာဝဇိရာဘဏ်မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ဆက်ကပ်ရခြင်းအကြောင်းအားလျှောက်ထားပြောကြားခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဆရာတော်ကြီး၏ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ရရှိခဲ့ရခြင်းအကြောင်းအရင်းများနှင့် ဆရာတော်ကြီးဘဝနတ်ထံပျံလွန်တော်မူပြီးနောက်ပိုင်း ဆရာတော်ကြီးဆောင်ရွက်လျက်ရှိသည့် သာသနာပြုလုပ်ငန်းများကို ပြီးစီးအောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးကိစ္စများအား တင်ပြလျှောက်ထားခဲ့သည်။

ဝင်းစိန်တောရဆရာတော်ကြီးမှာ ဧပြီ ၂၆ ရက်မွန်းလွဲ ၁ နာရီခွဲတွင် ခန္ဓာဝန်ချသွားခဲ့ပြီးဖြစ်ပြီး ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့အပ်နှင်းခြင်း အခမ်းအနားအား မေ ၁၀ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ပြီး မေ ၁၆ ရက်တွင် မြန်မာနိုင်ငံရှိဆရာတော်ကြီး၏ရုပ်ကလာပ်ရှိရာ၌ လာရောက်ဆက်ကပ်အပ်နှံခြင်းဖြစ်သည်။ ထိုင်းနိုင်ငံရှိ မဟာချူလာလောင်ကွန်ရာဇဝိဒယလျတက္ကသိုလ်မှ ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့အပ်နှင်းခြင်းခံရသူ မြန်မာနိုင်ငံမှ ဗန်းမော် ဆရာတော်ကြီးနှင့် ဝင်းစိန်တောရဆရာတော်ကြီးတို့ နှစ်ပါးသာရှိခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ထိုင်းနိုင်ငံမှ ဆရာတော်ကြီးကိုးပါးနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အနယ်နယ်အရပ်ရပ်မှ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မောင်မေတ္တာ၊ ကိုယ်ပွား(မော်လမြိုင်)

ရွေးကောက်ပွဲမကျင်းပမီ မဲစာရင်းလေးကြိမ်ကြေညာမည်

နန္ဒာဝင်း၊ ဓာတ်ပုံ - တင်ထွန်းအောင်

၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ပထမပတ်တွင် ကျင်းပရန် လျာထားရာ အချိန်ခြောက်လခန့်သာလိုတော့သည်။ မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကြီးကို တစ်ကမ္ဘာလုံးက စိတ်ဝင်တစား စောင့်ကြည့်နေကြရာ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်နိုင်ရန် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

ဒီမိုကရေစီစနစ် ပီပြင်စွာ အသက်ဝင်ရေးအတွက် အခြေခံသည် ဘက်လိုက်မှုမရှိဘဲလွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်းပင် ဖြစ်သည်။

"ပြည်သူပြည်သားတို့၏ဆန္ဒသည် အုပ်ချုပ်မှုအာဏာ၏ အခြေခံဖြစ်ရမည်။ အဆိုပါဆန္ဒကို အချိန်ကာလ ပိုင်းခြားလျက် စစ်မှန်သော ရွေးကောက်ပွဲများဖြင့် ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်းအညီအမျှ ဆန္ဒမဲပေးနိုင်ခွင့်ရှိရမည့်အပြင် ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူလွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ ကျင်းပရမည်" ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ လူအခွင့်အရေး ကြေညာစာတမ်းတွင်လည်း ဖော်ပြထားသည်။

ဒီမိုကရေစီသက်တမ်းနုသေးသည့် မြန်မာနိုင်ငံအတွက် ရွေးကောက်ပွဲသည် ပြည်သူတို့နှင့် အလှမ်းကွာဝေးခဲ့ရာ ၎င်းတို့၏နေ့စဉ်ဘဝများနှင့် မသက်ဆိုင်ဟု ပြည်သူအချို့က ထင်မှတ်မှားနေကြသည်။

ရွေးကောက်ပွဲသည် ပြည်သူတို့၏ဘဝ အကျိုးစီးပွားများကို ဆောင်ရွက်ပေးမည့် ကိုယ်စားလှယ်ကို ရွေးချယ်ရခြင်းဖြစ်သည့်အတွက် မိမိတို့၏ ရပိုင်ခွင့်၊ အခွင့်အရေးကို သိထားသင့်ပြီး လက်လွတ်လည်း မခံသင့်ပေ။ ထို့ကြောင့် နိုင်ငံ၏ အနာဂတ်၊ ပြည်သူတို့၏ အနာဂတ်ကို အကောင်းဆုံးပုံဖော်ပေးနိုင်မည့် ကိုယ်စားလှယ်လောင်းကိုရွေးချယ်ရသည့် လာမည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲသည် ပြည်သူအားလုံး ပါဝင်သော ရွေးကောက်ပွဲဖြစ်ရန် အရေးကြီးလှသည်။

မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရန် ပြည့်စုံပှန်ကန်တိကျသည့် မဲဆန္ဒရှင်စာရင်းဖြစ်ရန် လိုအပ်သကဲ့သို့ ပြည်သူများအနေဖြင့်လည်း မဲစာရင်းတွင် မိမိတို့နာမည်ပါရန်မှာလည်း လိုအပ်လှသည်။ အခြေခံမဲစာရင်းတွင် မိမိတို့နာမည်မပါက ဖြည့်စွက်ရန်၊ မိမိတို့၏ မိသားစုဝင်များမှ သေဆုံးပြီးသူများ ပါဝင်ပါက ပယ်ဖျက်ရန်၊ နာမည်၊ အသက်မှားနေပါကပြင်ဆင်ခြင်းဖြင့် နိုင်ငံသားတစ်ဦးချင်း၏ တာဝန်ကျေပွန်ကြရမည်ဖြစ်သည်။

ရွေးကောက်ပွဲ မကျင်းပမီကာလ အတွင်း မဲစာရင်းလေးကြိမ်ကြေညာ

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကြည်။

မည်ဖြစ်ရာလာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်သူတို့လိုလားသည့် ကိုယ်စားလှယ်လောင်းကို မှန်မှန်ကန်ကန် မဲပေးရွေးချယ်နိုင်ရေးအတွက် မိမိတို့အခွင့်အရေး၊ ရပိုင်ခွင့်များ လက်လွတ်မခံကြရန်နှင့် မဲစာရင်းသွားရောက်ကြည့်ရှုကြရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နှိုးဆော်ထားသည်။

ထို့ကြောင့် မဲစာရင်းကြေညာခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကြည်အား ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ အခုလအတွင်း ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကြေညာမယ်လို့ သိရပါတယ်။ ဘယ်နေ့ကြေညာမယ်ဆိုတာသိချင်ပါတယ်။

ဖြေ။ ။ ပထမဆုံးအကြိမ်အဖြစ် ပြီးခဲ့တဲ့ ဧပြီက ရန်ကုန်တိုင်းဒေသကြီး ၁၀ မြို့နယ်မှာ အခြေခံမဲဆန္ဒရှင်စာရင်းကြေညာခဲ့ပါတယ်။ ဒုတိယအကြိမ်ကို လာမယ့် မေ ၂၅ ရက်မှာ နေပြည်တော်၊ မန္တလေးနဲ့ မကွေးတိုင်းဒေသကြီးမှာရှိတဲ့ အချို့မြို့နယ်တွေက မဲဆန္ဒရှင်စာရင်းကို ကြေညာသွားမှာဖြစ်ပါတယ်။

မေး။ ။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်ခင် အခြေခံမဲဆန္ဒရှင်စာရင်းလေးကြိမ် ကြေညာသွားမယ်ဆိုတော့ ဘယ်အချိန်တွေမှာ ကြေညာမှာလဲ။

ဖြေ။ ။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးကျင်းပဖို့ အချိန်ခြောက်လလောက်ပဲ လိုပါတော့တယ်။ ရွေးကောက်ပွဲမတိုင်မီ မဲစာရင်းကို လေးကြိမ်ကြေညာမှာ ဖြစ်ပါတယ်။ ပထမဆုံးအကြိမ်က ဧပြီမှာ ဒုတိယအကြိမ်က အခုလာမယ့် မေ ၂၅ ရက်၊ တတိယအကြိမ်က ဇွန် ၈ ရက်နဲ့ စတုတ္ထအကြိမ်ကို တော့ ဇွန် ၂၂ ရက်တွေမှာ ကြေညာဖို့ လျာထားပါတယ်။ ဒါပေမယ့် နောက်ဆုံးကြေညာတဲ့အခါ အခက်အခဲရှိတဲ့ အချို့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေတော့ ကျန်ချင်လည်း ကျန်ခဲ့နိုင်ပါတယ်။

မေး။ ။ ပထမအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းကြေညာတဲ့အခါ ပြည်သူတွေအနေနဲ့ မိမိနာမည်ပါ၊ မပါကို လာရောက်ကြည့်ရှုမှု အချို့မြို့နယ်တွေမှာ နည်းနေတာကို တွေ့ရပါတယ်။ ဘယ်လိုပညာပေးမှုတွေ လုပ်ဆောင်သွားဖို့ ရှိတယ်ဆိုတာ သိချင်ပါတယ်။

ဖြေ။ ။အခု TV ကနေ ပညာပေးဗီဒီယိုဇာတ်လမ်းလွှင့်ပါမယ်။ ဒါ့အပြင် ကာတွန်းတွေနဲ့ သရုပ်ဖော်ပြီး အသိပညာပေးမှုတွေ၊ ရေဒီယိုတွေကနေ အသိပညာပေးမှုတွေကို လည်း စီစဉ်နေပါတယ်။ အခုထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ဖို့ကိုလည်း အရပ်ဘက် လူမှုအဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သွားဖို့လည်း ရှိပါတယ်။

မေး။ ။ မဲစာရင်းမှာကိုယ့်နာမည် မပါရင် မဲပေးခွင့်ဆုံးရှုံးမှာဖြစ်တဲ့အတွက် ပြည်သူတွေကို ဘယ်လိုများ နှိုးဆော်ချင်ပါသလဲ။

ဖြေ။ ။မဲပေးမယ်ဆိုရင် မဲစာရင်းမှာ ကိုယ့်နာမည်ပါမှသာ မဲပေးလို့ရမှာ ဖြစ်ပါတယ်။ မဲဆန္ဒရှင်တစ်ဦးအနေနဲ့ မဲပေးချင်တယ်ဆိုရင် မဲစာရင်းမှာ ကိုယ့်နာမည်ပါဖို့က အရေးအကြီးဆုံးပါပဲ။ ဒါကြောင့် ကိုယ့်နာမည်ပါ၊ မပါ ကြိုတင်ကြေညာတဲ့ မဲစာရင်းကို လာကြည့်ဖို့ဆော်သြနေတာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲ ကျင်းပမယ့်နေ့ကို ကြေညာပြီးရင် မဲစာရင်းတွေကို ထပ်ပြီးကြေညာဦးမှာဖြစ်ပါတယ်။ အဲဒါ ဟာ နောက်ဆုံးအကြိမ်ဖြစ်တဲ့ အတွက် မဲစာရင်းကို မဖြစ်မနေ သွားကြည့်ကြဖို့ အရေးကြီးပါတယ်။

မေး။ ။ ရွေးကောက်ပွဲကို နိုင်ငံသားတွေ အလေးထားသင့်တယ်ဆိုတာ UEC အနေနဲ့ ဘယ်လိုများ တိုက်တွန်း ချင်ပါသလဲ။

ဖြေ။ ။ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြမယ့် လွတ်တော်ကိုယ်စားလှယ်တွေကို ရွေးချယ်ပေးရတာဖြစ်တဲ့အတွက် ရွေးကောက်ပွဲကို ပြည်သူတွေ အလေးထားသင့်ပါတယ်။ နိုင်ငံသားတစ်ဦးအနေနဲ့လည်း မိမိတို့ ရရှိတဲ့အခွင့်အရေးကို လက်လွတ်မခံဘဲ မဲပေးသင့်ပါတယ်။ ဒါကြောင့် မဲပေးနိုင်ဖို့ အတွက် မိမိတို့မြို့နယ်မှာ မဲစာရင်းကြေညာတဲ့အခါ မိမိနာမည်ပါ၊ မပါ မဖြစ်မနေ သွားရောက်ကြည့်ရှုကြဖို့ တိုက်တွန်းလိုပါတယ်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နဲ့ အဖွဲ့ခွဲအဆင့်ဆင့်တွေ အနေနဲ့လည်း တစ်နိုင်ငံလုံးအတွက် ပြည့်စုံပှန်ကန်တဲ့ မဲစာရင်းတွေ ရအောင် လွတ်လပ်၊ တရားမျှတပြီး အများယုံကြည်လက်ခံတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်နေပါတယ်လို့ ပြောချင်ပါတယ်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ခုနှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် မဟာဗျူဟာစီမံကိန်း (Strategic Plan) ကို ရည်မှန်းချက် (၁၂) ရပ်ထားရှိပြီး ၂၀၁၄ မှ ၂၀၁၈ ခုနှစ်အထိ ငါးနှစ်စီမံချက်ဖြင့် နိုင်ငံတကာစံချိန်၊ စံညွှန်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယခု အထွေထွေရွေးကောက်ပွဲကြီး စနစ်တကျ အေးအေးချမ်းချမ်းဆောင်ရွက်နိုင်ရေးအတွက်သာမက နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် အခြေခံအထောက်အပံ့ကောင်းများ ဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပြောကြားထားသည်။



ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းအောင် လုပ်ဆောင်ရာတွင် ပြည်သူများ၏အား လိုအပ်

နေပြည်တော် မေ ၁၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဥာဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်လူမှုရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံကို ပါတီစုံ ဒီမိုကရေစီနှင့် စျေးကွက်စီးပွားရေးစနစ် ကျင့်သုံးပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရန် ရည်မှန်းချက်ချမှတ်ထားပါကြောင်း၊ အဆိုပါ ရည်မှန်းချက်အပေါ် မူတည်၍ ရွေးကောက်ပွဲများ ကျင်းပပြီး လွှတ်တော်များ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ တရားရေးအဖွဲ့များ ဖွဲ့စည်းလုပ်ဆောင်ခဲ့ပါကြောင်း၊ ယခုအခါ သက်တမ်းလေးနှစ်ကျော်ငါးနှစ်အတွင်း ရောက်ရှိလာပြီ ဖြစ်ပါကြောင်း၊ ရှေ့ဆက်သွားမည့် လမ်းကြောင်းမှန်ပေါ် ရောက်ရှိအောင် လုပ်ပေးနိုင်ခဲ့၍ ရှေ့သို့တိုးပြီး ချီတက်သွားရမည်ဖြစ်ပါကြောင်း။

ရည်မှန်းချက်များ အောင်မြင်ဖြစ်မြောက်ရေးအတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း တစ်နိုင်ငံလုံး၌ ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ ကော်မရှင်ကလည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်အောင် ကျင်းပသွားမည်ဖြစ်ပြီး လွှတ်တော်အပိုင်းကလည်း ကြိုဆို၊အသိအမှတ်ပြုထောက်ခံကာ ပြည်ထောင်စုလွှတ်တော်က ထောက်ခံအတည်ပြုဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါကြောင်း။

ယနေ့ကာလသည် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်၍ ပါတီအသီးသီးက ရွေးချယ်ခံကြမည် ဖြစ်ပါကြောင်း။

လွှတ်တော်၏ မူဝါဒကိုဖော်ဆောင်နိုင်သည့် "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်" ဟူသော ဆောင်ပုဒ်ချမှတ်ထားပါကြောင်း၊ လွှတ်တော်အတွင်း ပြောဆိုဆွေးနွေး ဆောင်ရွက်ချက်များသည် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ဖော်ဆောင်နေခြင်းပင် ဖြစ်ပါကြောင်း၊ လွှတ်တော်၌ ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် ဥပဒေများကို ပြဋ္ဌာန်းပေးလျက်ရှိပါကြောင်း၊ လွှတ်တော်၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်းများက အကောင်အထည်ဖော်ကြပါကြောင်း၊ ပြဋ္ဌာန်းပေးလိုက်သည့် ဥပဒေများကို အစိုးရအဖွဲ့အသီးသီးက လိုက်ပါဆောင်ရွက်ရသကဲ့သို့ ပြည်သူများကလည်း လိုက်နာရမည် ဖြစ်ပါကြောင်း။

အစိုးရတစ်ဖွဲ့တည်း၊ လွှတ်တော်တစ်ဖွဲ့တည်းဖြင့် လုပ်ဆောင်၍မရဘဲ ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းအသီးသီးကလည်း တာဝန်ခံဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပြည်သူများရှေ့မှောက်၌ သက်ဆိုင်ရာအဖွဲ့အစည်းများက အစမ်းသပ်ခံနိုင်ရန်လိုအပ်ပါကြောင်း၊ လွှတ်တော်၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများကို အလေးထားဆောင်ရွက်နေပါကြောင်း၊ ထိုနည်းတူ ဝန်ထမ်းများ လစာတိုးမြှင့်ရရှိရေး၊ တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေး၊ အလုပ်သမားများ ထိုက်သင့်သည့် လုပ်ခလစာ ရရှိရေး ကိစ္စများကိုလည်း ဆောင်ရွက်နေပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းအောင် လုပ်ဆောင်ရာတွင် ပြည်သူများ၏အား လိုအပ်ပါကြောင်း၊ ပြည်သူများထံမှ မှန်ကန်သည့်အသံများ၊ လိုအပ်ချက်များကို သိရှိမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် ရေတာရှည်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင်၊ စစ်တောင်းမြစ်အရှေ့ခြမ်းဒေါင့်အင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် နဂျပ်ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် ဒေသ၏လိုအပ်ချက်များကိုလည်းကောင်း၊ ရေတာရှည်အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ကြည်က သင်ကြား၊ စီမံကိစ္စရပ်များနှင့် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဥာဏ်ဝင်းက တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တွေ့ဆုံပွဲမစတင်မီ ရေတာရှည်မြို့ မဟာဝိဇယာ ရာမကျောင်းတိုက်၌ မြို့နယ်သံဃနာယကဥက္ကဋ္ဌ မဟာနန္ဒာရုံ ကျောင်းတိုက် ပဓာနနာယက ဆရာတော် အမျှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်များအား ဖူးမြော်ကြည်ညိုး၍ လျှုဖွယ်ပစ္စည်းများ ဆက်ကပ်လျှုဒါန်းကာ သာသနာရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားခဲ့သည်။

(သတင်းစဉ်)

✪ရှေ့ဖုံးမှ

ဤတံတားကြီးပေါ် လာခြင်းကြောင့် ကစွန်းထောင့်ရွာကလေးမှာ တစ်ဟုန်းထိုးဖွံ့ဖြိုးလာခဲ့ပြီး လမ်းပန်း ဆက်သွယ်ရေးအထူးကောင်းမွန်လာခဲ့သည်။ ယခင်က မောချောင်းရေပြင်ကျယ်ကြီးကို ဘူးသီးခြောက်ဖြင့် ကူးခတ်သွားလာခဲ့ကြရာမှ ယခုအခါ ပန်း-ကစွန်းထောင့်-ဂန့်ဂေါ လိုင်းကားဖြင့် လည်းကောင်း၊ ပခုက္ကူ-ထီးလင်း-ကစွန်းထောင့်-ထမံမှန်လုံကားလိုင်းဖြင့် လည်းကောင်း၊ ဆိုင်ကယ်စီး၍ လည်းကောင်း မောချောင်းတံတားကြီးပေါ် မှဖြတ်၍ အလွယ်တကူသွားလာနိုင်ကြပြီဖြစ်သည်။

မောချောင်းတံတားကြီးမတည်ဆောက်မီကဆိုလျှင် မိမိတို့ဝတ်ဆင်သော အဝတ်အစားများကို မောချောင်းတစ်ဖက်ကမ်းရှိ သစ်ပင်ချုံပုတ်များအတွင်း၌ ဝှက်ထားခဲ့ရသည်။ ဝတ်ချင်၍ ပြန်ယူသောအခါ ကြွက်ကိုက်ခံရသဖြင့် အဝတ်စုတ်သာရတော့သည် အထိ ဒုက္ခကြုံရသည်။

ကစွန်းထောင့်ရွာသူရွာသားတိုင်းနှစ်စဉ်ဘူးသီးခြောက်၊ ဘူးတောင်းဖြင့် ရေကူး၍ မောချောင်းကိုဖြတ်ကာ သွားလာခဲ့ရသည်။ ဘူးသီးခြောက်အတွင်းအဝတ် အစားထည့် ပိတ်၊ ဘူးသီးကို လက်တစ်ဖက်ကကိုင် တစ်ဖက်က ရေဖောက်ကာ ကူးခတ်သွားလာခဲ့ကြရသည်။ ဆေးမင်းတောအထက၌ တက်ရောက် နေသည့် ကစွန်းထောင့် ကျောင်းသား ကျောင်းသူတိုင်း ဤနည်းနှင်နှင် ကူးခတ်သွားလာခဲ့ရသည်။ ကျောင်းတက် ခဲ့ ရသည်။ ယခုရွာစာရေးဖြစ် နေသော မမြင့်သန်း (၅၅)နှစ်က "ကျွန်မ ဆဋ္ဌမတန်းတုန်းက ဆေးမင်း တောကျောင်းတက်တာ ရေတစ်ခါနစ်ဖူးတယ်။ ကံကောင်းလို့ မသေတာ။ ကစွန်းထောင့်ရွာက စတုတ္ထတန်း အောင်သူတိုင်း မောချောင်းကိုရေ ဖော့ပြီး ဆေးမင်းတော အထကကို ကျောင်းတက်ရတာ။ အလွန်အန္တရာယ်ကြီးတယ်။

"မိုးရာသီရေကြီးချိန်ဆိုရင် ပါလာတဲ့ အဝတ်အစားတွေမသယ်နိုင်လို့ သစ်ပင်ချုံနွယ်အောက်မှာ ဝှက်ထားခဲ့ရတယ်။ အဲဒီအခါကြွက်တွေကိုက်လို့ အဝတ်အစားတွေ သုံးမရစုတ်ပြဲကုန်တယ်။ နှမ်းတွေသိမ်းချိန်ကျရင်လည်း ဗောဂွင်းကြီးတွေပေါ် နှမ်းအိတ်တင်ပြီး ခက်ခက်ခဲခဲသယ်ယူကြရတယ်။ ရေကြီးရင် ကျွဲတွေ၊ နွားတွေ အစာတက်ကြရတယ်"ဟု မောချောင်းတံတားမရှိမီက အခက်အခဲအတွေ့အကြုံများကို ပြောပြသည်။

"အရင်ကလည်း ကစွန်းထောင့်ရွာက မမြင့်အေးဟာ သုံးမြွှာပူးမွေးတယ်။ ကလေးတွေကို ကားတာယာ လေလုံးကြီးပေါ် တင်ပြီး မောချောင်းကိုဖြတ်ကာ ဂန့်ဂေါဆေးရုံပို့ကြတယ်။ ရေကြီးနေတော့ ကလေးနှစ်ယောက်ဟာ ရေကူးဖြတ်ရင်း အအေးမိပြီး ဆုံးပါးသွားတယ်။ တစ်ယောက်ကတော့ အသက်ရှင်တယ်။ အခု မမြင့်အေးနဲ့ ကလေးတစ်ယောက် ခုထိရှိသေးတယ်။ ဆရာကြီးနဲ့တွေ့ပေးဦးမယ်" ဟု ရွာစာရေး မမြင့်သန်းက စာရေးသူကိုပြောပြသည်။

မောချောင်းကား ဤမျှခက်ခဲပါ၏။ ဒုက္ခပေးပါ၏။ ဟောခုတော့ "တောင်ကြီး ဖဝါးအောက်၊ လှိုင်းကြီး လှေအောက်"ဆိုသည့်အတိုင်း မောချောင်းရေပျောက်၊ တံတားဆောက်နိုင်ခဲ့ပြီဖြစ်၍ အနှီမောချောင်းဒုက္ခ ဘဝကင်းလွတ်ခဲ့ကြရပြီ။ မြစ်ကို မြင်လျှင် တံတားဆင်၊ ချောင်းပေါ် အရောက် တံတားဆောက်နိုင်ခဲ့ပြီဖြစ်သည်။ မောချောင်းရေပြင်ကျယ်ကြီးကို ပေ ၃၆၀ ရှည်လျားသော မောချောင်းတံတားသစ်ကြီးက အလှဆင်ပေးခဲ့လေပြီ။ တံတားအကျယ် ပေ ၂၀၊ တံတားခံနိုင်ဝန် ၃၆ တန်၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေရှိသည်။ ကားနှင့် ဆိုင်ကယ် တစ်ပြိုင်တည်းဖြတ်သန်း၍ ရသည်။ "မောချောင်းတံတားကြီး"ကို မြစ်သာ ရေလျှောင်တမံစီမံကိန်းက တာဝန်ယူ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

ဤမောချောင်းတံတားကြီး ပေါ် သို့ စာရေးသူ ၂၀၁၀ ခုနှစ်က ရောက်ခဲ့ဖူးသည်။ ငါးနှစ်အကြာ ယခု ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ထပ်မံရောက်ရှိခဲ့ပြန်သည်။ တံတားကြီးကား ခိုင်ခံ့ဆဲ၊ လှပနေဆဲ၊ တောက်ပနေဆဲဖြစ်သည်။ ဤမောချောင်းတံတားကြီးသည် မြစ်သာတာတမံဘက်စုံစီမံကိန်းကြောင့် ပေါ် ထွက်လာခဲ့ခြင်းဖြစ်သည်။

တံတားကြီးတည်ဆောက်ပေးလိုက်သဖြင့် ရေဝပ်ဧရိယာကျနေသော စပယ်၊ စင်ပုံ၊ ပန်း၊ ယင်းမာရွာ လေးရွာမှာ ဆက်သွယ်သွားလာရေးကောင်းလာသည်။ အင်းနား၊ ကစွန်းထောင့်နှစ်ရွာသွားလာရေးကောင်းလာသည်။ တမံ-ပြင်သာ-မင်းရွာ-ဂန့်ဂေါ ဆက်သွယ်သွားလာသည့် လမ်းပေါက်လာသည်။ ကစွန်းထောင့်-ဆေးမင်းတော-ထီးလင်း-ဂန့်ဂေါ- ရေမျက်နှီခရီးရှည် ပေါက်သွားသည်။ ပခုက္ကူ-ထီးလင်း-ကစွန်းထောင့်-တမံ လမ်းပေါက်သွား သည်။ အကျိုးကျေးဇူးများကားများလှ၏။ "ကစွန်းထောင့်၊ အင်းနား၊ စပယ်၊ စင်ပုံ၊ ပန်း၊ ယင်းမာ ကျေးရွာများမှ မူလတန်းအောင် ကလေးသူငယ်များ မောချောင်းတစ်ဖက်ကမ်းရှိ ဆေးမင်းတော အထကသို့ အလွယ်တကူ ကျောင်းတက်နိုင်ကြပြီး ရွာသူ ရွာသားများလည်း ဆေးမင်းတောဆေးရုံသို့ အလွယ်တကူ သွားရောက်ဆေးရုံတက်ရောက်ဆေးကုသနိုင်ကြပြီ။ ဂန့်ဂေါ အထိ နေ့ချင်းပြန်သွားနိုင်ကြပြီ။

ကစွန်းထောင့် ရွာကလေးသည် မောချောင်းပေါ် မေးတင်လျက်ရှိရာ အိမ်ခြေပေါင်း ၂၂၀၊ လူဦးရေ ၁၀၀၄ ဦးနေထိုင်လျက်ရှိသည်။ တစ်ရွာလုံး တောင်သူချည်းဖြစ်သည်။ လယ်ယာမြေ ဧကပေါင်း ၃၀၀ ကျော်ရှိသည်။ မြစ်တာတမံပြီးပါက စိုက်ဧကများစွာ တိုးတက်လာမည်။ ထီးလင်းမြို့နှင့် ၂၁ မိုင်၊ ဆေးမင်းတောနှင့် သုံးမိုင်ဝေးပြီး ကစွန်းထောင့် လမ်းခွဲမှာ ဂန့်ဂေါ-ထီးလင်းသွားကားလမ်းမကြီးနှင့် တစ်မိုင်ကျော် သာဝေးသည်။ မောချောင်းတံတားထိပ်အထိ လမ်းခွဲမှ ကတ္တရာခင်းပြီးနေသည့်အတွက် လိုင်းကားတွေပြေးနေပြီ။ ဆက်သွယ် သွားလာရေးကား "ပြောမယုံကြဲဖူးမှသိ"ဟူသည့် အတိုင်း ကစွန်းထောင့်-ဂန့်ဂေါ-ထီးလင်း နံနက်ခင်းပေါက်နေလေပြီတည်း။

ဤကစွန်းထောင့် ရွာကလေးမှာ ဓာတ်တော်ကျသည့် ခန္ဓီး-ဝန်းသိုဆရာတော်ကြီးမွေးဖွားကြီးပြင်းခဲ့သည်။ ယခင် တစ်ခေါက်လာစဉ်က ကပ်မိုးကပ်ကာ မူလတန်းကျောင်းကလေးမှာ ယခုအခါ နံကပ်တိုက် နှစ်ထပ်ကျောင်းကြီးဖြစ်နေလေပြီ။

ကျွန်တော်တည်းခိုခဲ့သော တူးလေး၏ အိမ်ကလေးမှာ လည်း ယခုအခါ နံကပ်နှစ်ထပ်တိုက် ကြီးကြီး၊ ကုန်စုံဆိုင်ကြီးနှင့် ကားပိုင်ရှင်-

"ကိုဝင်းမင်းအောင်-မချောချော (ရတနာအောင်ရွှေဆိုင်)

ကစွန်းထောင့်ရွာ" ဟူသော ဆိုင်းဘုတ်ကြီးဖြင့် သားသားနားနားဖြစ်နေပြီ။ ရွာထဲတွင်လည်း ကပ်မိုးကပ်ကာ ယောအိမ်မြင့်မြင့်များနေရာတွင် နံကပ်တိုက်ဖွေးဖွေးတို့က နေရာယူလာနေကြပြီ။

ဩော် ထီးလင်းမြို့နယ် ကစွန်းထောင့်ရွာကလေးမှာ သာမောဖွယ်ရာဖြစ်၍နေလေပြီ။ မကြာမီမြစ်သာ ရေလျှောင်တမံက ပေးဝေမည့် လျှပ်စစ်မီးဖြင့် ထိန်ထိန်ညီး၍ မြို့ကလေးတစ်မြို့အလား ဖွံ့ဖြိုးတိုးတက်လာတော့မည်သာတကား။ အဟော သုခံ ကောင်းလေစွကောင်းလေစ၊ သာလေစွတကား။

ကလေး-ဝင်းသူ

❋ ကျောဖုံးမှ

တွေ့ဆုံခြင်းဖြစ်ပြီး မိနစ် ၉၀ တွင် နှစ်ဂိုးစီသရေကျနေသော်လည်း အချိန်ပိုတွင် ကာတာအသင်းက အနိုင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ကာတာအသင်းမှာ ယင်းပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့်အသင်းလည်းဖြစ်သည်။

ကာတာအသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(ဂ)၌ ကိုလံဘီယာ၊ ပေါ်တူဂီ၊ ဆီနီဂေါ အသင်းတို့နှင့်အတူပါဝင်ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် နယူးဇီလန်၊ ယူကရိန်း၊ အမေရိကန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။ ယင်းခြေစမ်းပွဲကို မေ ၂၁ ရက်တွင် ကစားရန် စီစဉ်ထားကြောင်း သိရသည်။

ပြည်သူ့အကျိုးပြု ရေပေးဝေရေး လုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မေ ၁၆

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ရေရှားပါးသည့် ဒေသများတွင် ပြည်သူ့အကျိုးပြု ရေပေးဝေရေလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၅ ရက်တွင် တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခု၊ မြို့နယ် ၁၄ မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများတွင် ရေဂါလန် ၄၆၀၀၀ ကို ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

(သိန်းထွန်းအောင်)

စီကော်လျံဒေသရှိ MNDAA သောင်းကျန်းသူများ၏ ပွိုင့်-၂၀၇၁ တောင်ကုန်းအား တပ်မတော်ကအောင်မြင်စွာသိမ်းပိုက်ရရှိ

နေပြည်တော် မေ ၁၆

ဖုန်ကြားရှင်၏ MNDAA သောင်းကျန်းသူများ အခိုင်အမာခံစစ်ဆင်ထားသော လောက်ကိုင်မြို့ မြောက်ဘက် ပွိုင့်-၂၂၀၂ တောင်ကုန်အား တပ်မတော် စစ်ကြောင်းများက မေ ၁၄ ရက်တွင် အောင်မြင်စွာ သိမ်းပိုက်ရရှိပြီး ဆုတ်ခွာသွားသော သောင်းကျန်းသူ အကြွင်းအကျန်များအား စစ်ကြောင်း ၃ ကြောင်းခွဲ၍ ဆက်လက်ရှင်းလင်းတိုက်ခိုက်ခဲ့ရာ စီကော်လျံဒေသရှိ ဟိုထိုလင်ကျေးရွာနှင့် ပတ်ဝန်းကျင်အား ယနေ့ နံနက် ၉ နာရီတွင် လည်းကောင်း၊ စီတုံးဆွေကျေးရွာနှင့် ပတ်ဝန်းကျင်အား နံနက် ၁၁ နာရီတွင် လည်းကောင်း၊ နှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင်အမှတ်(၁၂၀)ရှိ ပွိုင့်-၂၀၇၁ တောင်ကုန်းအား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် လည်းကောင်း အောင်မြေချဲ့သိမ်းပိုက်ရရှိခဲ့သဖြင့် စီကော်လျံဒေသအတွင်းရှိ MNDAA သောင်းကျန်းသူ အကြွင်းအကျန်များအား တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သည်။

ထိုသို့ အောင်မြေချဲ့သိမ်းပိုက်စဉ် MNDAA သောင်းကျန်းသူများထံမှ ပွိုင့်-၂၀၇၁ ၌ အလောင်း ၂ လောင်း၊ လက်နက်မျိုးစုံ ၃ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဟိုထိုလင်ကျေးရွာနှင့် ပတ်ဝန်းကျင်၌ အလောင်း ၂ လောင်း၊ လက်နက်မျိုးစုံ ၄ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ စီတုံးဆွေကျေးရွာနှင့် ပတ်ဝန်းကျင်၌ အလောင်း ၁ လောင်း၊ လက်နက် မျိုးစုံ ၃ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

လောက်ကိုင်ဒေသအတွင်း MNDAA သောင်းကျန်းသူ အကြွင်းအကျန်များ အခြေပြုနေထိုင်လှုပ်ရှားမှုများ လုံးဝ မရှိစေရေးတပ်မတော်စစ်ကြောင်းများက နယ်မြေ ရှင်းလင်းမှုဖြင့် အမြစ်ပြတ်ချေမှုန်းတိုက်ခိုက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သားများအား ကူညီထောက်ပံ့

နေပြည်တော် မေ ၁၆

မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားရေလုပ်သားများသည် အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိနေကြောင်း သိရသဖြင့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဗဟိုအဖွဲ့သည် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဧပြီ ၁၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ စေလွှတ်ခဲ့သည်။ အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ နှစ်ဦး၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တစ်ဦးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တစ်ဦး စုစုပေါင်းလေးဦး ပါဝင်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်တစ်လျှောက်တွင် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် ပူးပေါင်းပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းခဲ့၍ ဂျကာတာမြို့ Shelter တွင် ရောက်ရှိနေသော မြန်မာရေလုပ်သား ၁၄ ဦး (ကလေးတစ်ဦး)၊ Ambon မြို့လဝကအချုပ်ထောင်တွင် မြန်မာရေလုပ်သား ၂၂ ဦး၊ Tual မြို့လဝကရုံးတွင် မြန်မာရေလုပ်သား ၂၃ ဦး၊ Tual မြို့ရေလုပ်ငန်းရုံးတွင် မြန်မာရေလုပ်သား ၂၃၃ ဦးနှင့် Benjina ကျွန်း PT. Pusaka Benjina Resources ကုမ္ပဏီဆိပ်ကမ်းတွင် ထိန်းသိမ်းထားသော ထိုင်းငါးဖမ်းစက်လှေ ၂၃ စီးပေါ်ရှိ မြန်မာရေလုပ်သား ၁၉၉ ဦး စုစုပေါင်း မြန်မာရေလုပ်သား ၅၃၅ ဦးတို့အား တွေ့ဆုံမေးမြန်း၍ ဘုတ်အဖွဲ့ဖြင့် နိုင်ငံသားစိစစ်မှုပြုလုပ်ခြင်း၊ လူကုန်ကူးခံရသူ ဟုတ်/မဟုတ် ခွဲခြားသတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ ဆိုင်ရာ မြန်မာသံရုံးမှ သက်သေခံလက်မှတ်(Certificate of Identify-C of I) ထုတ်ပေးခဲ့သည်။

မြန်မာရေလုပ်သား ၅၃၅ ဦးတွင် ဂျကာတာ Shelter ရှိ ၁၄ ဦးတို့အား IOM ၏အကူအညီဖြင့် မေ ၉ ရက်တွင်လည်းကောင်း၊ Ambon မြို့လဝကအချုပ်ထောင်ရှိ မြန်မာရေလုပ်သား ၂၂ ဦးအား ထိုင်းငါးဖမ်းစက်လှေပိုင်ရှင်၏စရိတ်ဖြင့် လည်းကောင်း ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ပြီး Tual မြို့တွင် စောင့်ရှောက်ထားသော မြန်မာရေလုပ်သား ၃၀၀ နှင့် Benjina ကျွန်းမှ မြန်မာရေလုပ်သား ၁၉၉ ဦး (မပြန်လိုသူ ၃ ဦးအပါအဝင်) စုစုပေါင်း ၄၉၉ ဦးတို့အား မြန်မာနိုင်ငံအစိုးရမှ Ambon မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ငွေကျပ် ငါးသောင်း၊ စပို့ရှပ်တစ်ထည်နှင့် ဦးထုပ်တစ်လုံးစီအား လည်းကောင်း ထောက်ပံ့ကူညီခဲ့ကြသည်။

ရဲမှူးချုပ်ဝင်းနိုင်ထွန်းက မြန်မာရေလုပ်သားတစ်ဦးအား ထောက်ပံ့ငွေကျပ် တစ်သိန်းပေးအပ်စဉ်။

အဆိုပါ မြန်မာရေလုပ်သားများအား လူမှုဝန်ထမ်းအတတ်သင် သိပ္ပံလေယာဉ်ဖြင့် သွားရောက်ခေါ်ဆောင်ရန်စီစဉ်ခဲ့ပြီး Ambon မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အသင့်ရောက်ရှိနေသော မြန်မာရေလုပ်သား ၁၂၅ ဦးအား သွားရောက်ခေါ်ယူခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၁၄ ရက် ည ၇ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။

အဆိုပါ မြန်မာရေလုပ်သား ၁၂၅ ဦးတို့အား ရန်ကုန်လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းသို့ ခေါ်ဆောင်ခဲ့ပြီး လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဗဟိုအဖွဲ့မှ မြန်မာရေလုပ်သားတစ်ဦးစီကို ကူညီထောက်ပံ့သည့် ငွေကျပ် တစ်သိန်းစီအား ပေးအပ်ခြင်း၊ UNICEF မှ ကူညီထောက်ပံ့သော အသုံးအဆောင်ပစ္စည်း ၁၄ မျိုးအား လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာရေလုပ်သားတစ်ဦးစီအား ပေးအပ်ခြင်းများ ပြုလုပ်ခဲ့သည်။

မြန်မာရေလုပ်သားများအား IOM အဖွဲ့မှတစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီနှင့် MPT ဖုန်းကတ်တစ်ကတ်စီအား လည်းကောင်း၊ ကမ္ဘောဇ လေကြောင်းလိုင်းမှ တစ်ဦးလျှင် (၃)ရက်ထားရှိပြီး နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ လိုအပ်ပါက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ နိုင်ငံသားအထောက်အထားများ စိစစ်ထုတ်ပေးခြင်းများ ပြုလုပ်ပြီး ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ရန်သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကိုယ်စားလှယ်များထံ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

ပြန်လည်ရောက်ရှိလာသော ရေလုပ်သား ၁၂၅ ဦးတွင် ဧရာဝတီတိုင်းဒေသကြီးမှ ၃၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၃ ဦး၊ ရခိုင်ပြည်နယ်မှ ၁၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၉ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၉ ဦး၊ မွန်ပြည်နယ်မှ ၁၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ခြောက်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦး၊ ကရင်ပြည်နယ်မှ ခုနစ်ဦးနှင့် နေပြည်တော်မှ တစ်ဦးတို့ ပါဝင်ကြောင်းနှင့် သွားရောက်ခေါ်ယူရန် ကျန်ရှိနေသော မြန်မာရေလုပ်သားများအား မေ ၁၇ ရက်၊ ၁၈ ရက်နှင့် ၂၂ ရက်တို့တွင် ထပ်မံသွားရောက်ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

❖ မြစ်ကြီးနားမှ

ထို့အတူ ပူတာအိုလေဆိပ်တွင် လေဆိပ်အဆောက်အအုံတိုးချဲ့တည်ဆောက်ခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေကျပ်သန်း ၃၆၀ ဖြင့် အဆောက်အအုံအကြမ်းထည် လုပ်ငန်းများပြီးစီးလျက်ရှိပြီး ဗိသုကာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပူတာအိုလေဆိပ်တွင် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာဆင်း/တက်ပျံသန်းနိုင်ရန်အတွက် လေယာဉ်ပြေးလမ်းတိုးချဲ့တည်ဆောက်ခြင်းကို ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်မှစတင်၍ ငွေကျပ်သန်း ၃၇၂၀ ဒသမ ၈၀ ကျခံဆောင်ရွက်ခဲ့သည်။

ဗန်းမော်လေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ယခင်ကပင် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည်။ လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း၊ တိုးချဲ့ပြီးလေယာဉ်ပြေးလမ်းအား လေးလက်မဒု နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းတို့ကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ စတင်၍ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ ငွေကျပ် ၆၈၈၈ ဒသမ ၇၃၈ သန်း ဆောင်ရွက်ခဲ့ပြီး လက်ရှိပြေးလမ်းတွင် ATR-72 လေယာဉ် များ ဆင်းသက်အသုံးပြုလျက်ရှိသည်။

ဒေသတွင်းပြည်သူများ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရန်အတွက် သွားလာရန်ခက်ခဲသောဒေသများသို့ လေယာဉ်ငယ်များဖြင့် ပို့ဆောင်ပေးနိုင်ရန် နောင်မွန်းလေယာဉ်ပြေးလမ်း ကျောက်ကတ္တရာခင်းတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ငွေကျပ် ၁၃၉၈ ဒသမ ၂၅ သန်း ကျခံသုံးစွဲထားသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လေယာဉ်ပြေးလမ်းတည်ဆောက်ခြင်းကို ငွေကျပ်သန်း ၁၀၀၀ကျခံ၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

လေဆိပ်များဖွံ့ဖြိုးတိုးတက်ရေးအပြင် လေဆိပ်အသီးသီးသို့ နှစ်စဉ်တိုးတက်ဝင်ရောက်လာသည့် ခရီးသည်များရရှိမှုအပေါ် အခြေခံ၍ လေကြောင်းခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲစေလျက်ရှိသည်။ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာအမျိုးသား လေကြောင်းသည် ရန်ကုန်-မန္တလေး-မြစ်ကြီးနား-ပူတာအို-ရန်ကုန် ခရီးစဉ်အား တစ်ပတ်(၃)ကြိမ်၊ မန္တလေး-မြစ်ကြီးနား-မန္တလေး ခရီးစဉ်အား တစ်ပတ်လျှင် (၄) ကြိမ်၊ ရန်ကုန်- မန္တလေး-မြစ်ကြီးနား-ဗန်းမော်-ရန်ကုန် တစ်ပတ်လျှင် (၂)ကြိမ်၊ ပုဂ္ဂလိက လေကြောင်းလိုင်းများဖြစ်သော Air Mandalay၊ Air Bagan၊ Yangon Airways၊ Air KBZ၊ Asia Wings၊ Mannyadanarbon နှင့် Golden Myanmar တို့မှ ရန်ကုန်-မန္တလေး-မြစ်ကြီးနားခရီးစဉ်အား နေ့စဉ်ပျံသန်းပြေးဆွဲပေးလျက်ရှိပြီး Asia Wings၊ Golden Myanmar နှင့် Air Bagan တို့မှ ပူတာအိုလေဆိပ်သို့ ပျံသန်းပြေးဆွဲပေးလျက်ရှိသည်။

တိုးမြင့်လာသည့် ခရီးသည်များ၏ လိုအပ်ချက်ကို အခြေခံ၍ လေကြောင်းလိုင်းများကို ပိုမိုတိုးချဲ့ပြေးဆွဲပေးနိုင်ရန် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် အစီအစဉ်များ ရေးဆွဲထားပြီးဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ ပူတာအို၊ ဗန်းမော်နှင့် နောင်မွန်း လေဆိပ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ စုစုပေါင်းငွေကျပ် ၆၉၉၈ ဒသမ ၈၂၉ သန်းနှင့် အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၅ သန်းသုံးစွဲခဲ့ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၃၃၆ ဒသမ ၀၀ သန်းအား ဆက်လက်သုံးစွဲ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

သန်းဦး(လေးမျက်နှာ)

မော်ကျွန်းတွင် နှစ်နာရီကျော်ကြာ မိုးသည်းထန်စွာ ရွာသွန်း

မော်လမြိုင်ကျွန်း မေ ၁၆

မော်လမြိုင်ကျွန်းမြို့နယ်တွင် မေ ၁၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရုတ်တရက် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မြို့နယ်တစ်ခုလုံး အေးမြစိုပြည်သွားပြီး အပူဒဏ်များ မခံစားရတော့သဖြင့် ပြည်သူများ ဝမ်းသာပျော်ရွှင်နေကြသည်။

ယင်းမိုးသည်းထန်စွာ ရွာသွန်းမှုမှာ မြို့နယ်အတွင်း ပထမဦးဆုံးအကြိမ်ဖြစ်ပြီး မိုးမှာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်မှ ညနေ ၃ နာရီ ၁၀ မိနစ်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့သော်လည်း လေပြင်းများ တိုက်ခတ်ခြင်းမရှိဟု သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး ၁၅ မိနစ်အကြာ မွန်းလွဲ ၁ နာရီ ၂ မိနစ်တွင် မိုးကြိုးနှစ်ကြိမ် ဆက်တိုက်ပစ်ခတ်ခဲ့သည်။ ယင်းမိုးမှာ ညနေ ၄ နာရီအထိ တစ်ဖွဲဖွဲရွာသွန်းလျက်ရှိသည်။**(ဝဲပုံ)**

"အဘွားတို့လည်း အပူဒဏ်ကို ခံနေရလို့ မိုးကိုမျှော်နေတာ။ နောက်ငါးရက်လောက်ကြာမှ မိုးရွာမယ်လို့ ထင်နေတာ။ ဒီနေ့ နေ့လည်ပိုင်းက မိုးက ရုတ်တရက် သဲသဲမဲမဲရွာသွန်းလိုက်လို့ အပူရှိန် ချက်ခြင်းလျော့ကျသွားပြီး ပတ်ဝန်းကျင်တစ်ခုလုံးလည်း အေးမြသွားတယ်။ အဘွားလည်း သိပ်ပျော်ပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့ အမှတ်(၁၂) ရပ်ကွက်မှ အဘွားဒေါ်တင်(၈၃)နှစ်က ပြောသည်။ **(မော်ကျွန်း-မြင့်အောင်)**

ဆင်ခြေဖုံးရပ်ကွက် လမ်းသွယ်များအတွင်း ညပိုင်းတွင် ကုန်သေတ္တာတင်ယာဉ်ကြီးများ မောင်းနှင်မှုရှိလာ

ရန်ကုန် မေ ၁၆

ဆင်ခြေဖုံးရပ်ကွက်များအတွင်းရှိ လမ်းသွယ်များ၌ ညပိုင်းတွင် ကုန်သေတ္တာတင်ယာဉ်ကြီးအချို့ မောင်းနှင်မှုများ ရှိလာခြင်းကြောင့် မလိုလားအပ်သော ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြုံလာမည်ကို စိုးရိမ်မှုများ ရှိလာကြောင်း သိရသည်။

အဆိုပါ ကုန်သေတ္တာတင်ယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် မောင်းနှင်ခွင့်ရှိသော လမ်းမကြီးများ သတ်မှတ်ပေးထားပြီး ဖြစ်သော်လည်း ကုန်ပစ္စည်းများ အတင်အချလုပ်ရန်မဖြစ်မနေ ဆင်ခြေဖုံးရပ်ကွက်များသို့ ဝင်ရောက်ရန် လိုအပ်ပါက သက်ဆိုင်ရာသို့ တရားဝင်လျှောက်ထားရမည်ဖြစ်သော်လည်း မည်သို့သော လျှောက်ထားခြင်းမှမရှိဘဲ မောင်းနှင်ဝင်ရောက်ခြင်းများ ရှိလာသည်။

"ည ၉ နာရီနဲ့ ၁၀ နာရီလောက်မှာ ဝင်လာတာတွေ့တယ်။ ကားကကြီးတော့ အပေါ်က ဓာတ်ကြိုးတွေနဲ့ မလွတ်လို့ ဓာတ်ကြိုးတွေကိုတုတ်နဲ့ ထိုးပြီး လွတ်အောင်လုပ်တာတွေ၊ သစ်ပင်တွေနဲ့ ငြိတာတွေဆိုတော့ အရမ်းအန္တရာယ်များတယ်။ လမ်းလည်းပျက်စီးနိုင်တယ်"ဟု ကိုယ်တိုင်မြင်တွေ့သူ တစ်ဦးက ပြောသည်။

ဆင်ခြေဖုံး ရပ်ကွက်များသို့ ဝင်ရောက်၍ မဖြစ်မနေ ကုန်ပစ္စည်းများချထားရန် လိုအပ်ပါက လျှောက်ထားလာသည့် လျှောက်ထားချက်အပေါ် အဆိုပါယာဉ်ကြီးများ မောင်းနှင်မည့် လမ်းများ၊ တံတားများ၏ ခံနိုင်ဝန်အနေအထား၊ လျှပ်စစ်ဓာတ်ကြိုးများနှင့် ကင်းလွတ်နိုင်မှု အနေအထားတို့ကို တွက်ချက်စိစစ်ပြီးမှသာ ခွင့်ပြုချက် ပေးလေ့ရှိသည်။

"ခွင့်ပြုချက်မရှိဘဲ မောင်းနှင်မှုမျိုးကိုတော့ ကျွန်တော်တို့ ယာဉ်ထိန်းရဲတပ်ဖွဲ့က ဖမ်းဆီးရမှာပဲဖြစ်တယ်" ဟု အမှတ်(၅) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံး (ရန်ကုန်)မှ အရာရှိတစ်ဦးက ပြောသည်။

ထိုသို့ ခွင့်ပြုချက်မရှိဘဲ မောင်းနှင်သည့်အပြင် လျှပ်စစ်ဓာတ်ကြိုးများကို ယာဉ်၏ အမြင့်နှင့် လွတ်ကင်းစေရန် ဝါးလုံးများဖြင့် ထိုးမြှောက်လုပ်ဆောင်မှုများကလည်း သွယ်တန်းထားသော ဓာတ်ကြိုးများ၏ ကြံ့ခိုင်မှုကို ထိခိုက်စေပြီး ဓာတ်ကြိုးပြတ်ခြင်း၊ ပြုတ်ကျခြင်းကဲ့သို့သော မလိုလားအပ်သော လျှပ်စစ်အန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ကြောင်း လျှပ်စစ် အင်ဂျင်နီယာတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ညအချိန် လမ်းသွယ်များအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်လာသော ကုန်သေတ္တာတင်ယာဉ်ကြီးများကို ကြပ်မတ်၍ ပြင်းထန်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်း ဒေသခံများထံမှ သိရ သည်။

ထက်ခိုင်(စမ်းချောင်း)

ဆင်ခြေဖုံးရပ်ကွက်အတွင်းသို့ဝင်ရောက်နေသော ကုန်သေတ္တာတင်ယာဉ်ကြီးတစ်စီးကို မြင်ရစဉ်။

jrefmEiiü rbi;ze;to;jyfo 18 'or 1 oe;tx&

နေပြည်တော် မေ ၁၆

မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းစျေးကွက်ကို ချဲ့ထွင်လာခဲ့ရာ ၂၀၁၃ ခုနှစ် မတ်လကုန်တွင် ခန့်မှန်းခြေ ၄ ဒသမ ၄ သန်းအထိရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် မတ်လကုန်တွင် မိုဘိုင်းဖုန်းအသုံးပြုသူ ၁၈ ဒသမ ၁ သန်းအထိ ရှိလာခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဩဂုတ်လစျေးကွက်အရ မြန်မာနိုင်ငံ မိုဘိုင်းစျေးကွက်ကို တစ်ခုတည်းသော ဝန်ဆောင်မှုပေးလျက်ရှိသည့် Myanmar Post and Telecommunication(MPT)ကသာ မြန်မာနိုင်ငံရှိ ပြည်သူများ မိုဘိုင်းဖုန်းအသုံးပြုနိုင်ရေးအတွက် ဆင်းကတ်များကို ဝန်ဆောင်မှုပေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ဒုတိယနှစ်ဝက်ကာလတွင်မူ Telenor နှင့် Ooredoo တို့သည် MPT အပါအဝင် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသော KDDI Summit Global Myanmar(KSGM)တို့နှင့်အတူ ပူးပေါင်းကာ မိုဘိုင်းဖုန်းအသုံးပြုမှုနယ်ပယ်ချဲ့ထွင်ခြင်းနှင့် စျေးနှုန်းလျှော့ချခြင်းတို့ဖြင့် မိုဘိုင်းစျေးကွက်ကို တိုးချဲ့လာခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းအသုံးပြုသူ အရေအတွက်သည် နေ့စဉ်နှင့်အမျှ တိုးလာခဲ့သည်။

ယင်းသို့ မြန်မာနိုင်ငံအတွင်း မိုဘိုင်းစျေးကွက်ကို အပြိုင်တိုးချဲ့လာခဲ့ရာတွင် MPT သည် ဇန်နဝါရီလတွင် ၁၁ ဒသမ သုည သန်းရှိခဲ့ရာမှ မတ်လကုန်တွင် ၈ ဒသမ ၄ သန်းအထိ လျော့ကျလာခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ MPT သည် အကြီးဆုံးသော ဝန်ဆောင်မှုပေးနိုင်သည့် အနေအထားတွင် ဆက်လက်ရှိနေကာ MPT အနေဖြင့်၎င်း၏ မိုဘိုင်းဝန်ဆောင်မှုတစ်ခုလုံးကို 3G ဝန်ဆောင်မှုအဖြစ် ပြောင်းလဲရန်စီစဉ်ထားသည်နှင့်အညီ နှစ်ကုန်ပိုင်းတွင် ၇၀ ရာခိုင်နှုန်းအထိဝန်ဆောင်မှုပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း Telenor အသုံးပြုသူအရေအတွက်သည်လည်း လက်ရှိတွင် ၆ ဒသမ ၄ သန်းအထိ ရှိလာခဲ့ကြောင်း Telenor ၏ မြန်မာအမှုဆောင်အရာရှိချုပ် ပီတာဖာဘာ့ဂ်က ပြောကြားခဲ့သည်။ မြန်မာနိုင်ငံအတွင်း Ooredoo အသုံးပြုသူအရေအတွက်သည် ၂၀၁၅ ခုနှစ်၏ ပထမသုံးလတာကာလကုန်ဆုံးချိန်တွင် ၃ ဒသမ ၃ သန်းအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။

Telenor သည် လက်ရှိအချိန်တွင် မြန်မာနိုင်ငံ လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံထားလျက်ရှိခြင်းကြောင့် လာမည့်ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ Telenor အသုံးပြုသူဦးရေ ၉၀ ရာခိုင်နှုန်းအထိ ရှိလာရန် မျှော်မှန်းထားကြောင်း Telenor ၏ မြန်မာအမှုဆောင်အရာရှိချုပ် ပီတာဖာဘာ့ဂ်က ပြောကြားခဲ့သည်။

(နိုင်လင်းကြည်)

သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ စက်မှုလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သော စွမ်းအင်ကို ဖြည့်ဆည်းပေးနိုင်ရန် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော် ထုတ်လုပ်လျက်ရှိသည်။ ထုတ်လုပ်ရရှိသော သဘာဝဓာတ်ငွေ့များကို သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၊ စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG)အရောင်းဆိုင်များသို့ ပိုက်လိုင်းများဖြင့် ဆက်သွယ်၍ ဖြန့်ဖြူးပေးလျက်ရှိသည်။

အဆိုပါ နေရာများသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်ရန်အတွက် ပိုက်လိုင်းဆက်သွယ်ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမဖြစ်စေရေး၊ လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ပတ်ဝန်းကျင်နေရာများကို မူလအခြေအနေ၊ အနေအထားအတိုင်းဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ရွာမ-လှော်ကား-သာကေတ လက်မ ၃၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်း အရှည် ၃၅ မိုင် ဆက်သွယ်ခင်းကျင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ အဆိုပါ ပိုက်လိုင်းလမ်းကြောင်း ခင်းကျင်းလျက်ရှိသော ပတ်ဝန်းကျင်တစ်ဝိုက်ရှိ နေရာဒေသများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် မူလအနေအထားအတိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

သန်လျင်မြို့နယ်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သန်လျင် မေ ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်လွင်၊ ဒုခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူးကျော်စိန်လင်း၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဦးတို့ဦးဆောင်၍ အရာရှိ/အခြားအဆင့်တပ်ဖွဲ့ဝင် ၁၇၀ ဦးတို့က မေ ၁၆ ရက် နံနက် ၆ နာရီမှ ၈ နာရီအထိ သန်လျင်မြို့နယ် မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်းကြားရှိ ခြုံနွယ်များအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့်အန်ဖတ်များတွင် ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများကူးစက် ဝင်ရောက်နိုင်သည်။

- ❖ အစားအသောက်များပေါ်သို့ ယင်အုံ့ယင်နားခြင်း
- ❖ အစားအသောက်ထည့်သည့် အိုး၊ ခွက်၊ ပန်းကန်များကို မသန့်ရှင်းသည့်ရေဖြင့် ဆေးကြောအသုံးပြုခြင်း
- ❖ မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း
- ❖ မသန့်ရှင်းသည့်အိုး၊ ခွက်၊ ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများကူးစက် ဝင်ရောက်နိုင်သည်။

- ❖ သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်း၊ ရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများစီးဝင်ခြင်း
- ❖ ရေတွင်း၊ ရေကန်များထဲသို့ မသန့်ရှင်းသည့်ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း
- ❖ သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း
- ❖ သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာ၊ အညစ်အကြေးစွန့်ရာ နေရာစသည်တို့နှင့် နီးကပ်စွာ တည်ရှိခြင်း၊ ပို၍နိမ့်သည့်နေရာတွင်ရှိခြင်း
- ❖ သောက်သုံးရေတွင်း၊ ရေကန်များအနီးသို့ ကွေ၊ နွား၊ ခွေးစသည့်တိရစ္ဆာန်များ ဝင်ရောက်ခြင်း

၄။ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

- ❖ သောက်သုံးရေတွင်း၊ ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ။
- ❖ သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း မပြုပါနှင့်။
- ❖ ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်။ ရေခပ်ယူရန် လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသောရေခွက်ရေပုံး သီးသန့်ထားရှိပါ။
- ❖ ရေကိုကြိုချက်၍သောက်ပါ။
- ❖ သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ။
- ❖ အစားအစာများကို ယင်မနားအောင်ဖုံးအုပ်ထားပါ။ ယင်နားစာများ မစားပါနှင့်။
- ❖ အစားအစာများကို မကိုင်တွယ်မီ လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။
- ❖ အစားအစာများထည့်သည့်အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းသည့်ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။
- ❖ ယင်လုံအိမ်သာ အသုံးပြုပါ။
- ❖ အိမ်သာမှဆင်းတိုင်းနှင့်မစင်၊ အနှဖတ်စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်းတိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆောလျင်စွာပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကြာအင်းဆိပ်ကြီးမြို့နယ်၌ သုံးမြွှာပူးကလေးမွေးဖွား

ကြာအင်းဆိပ်ကြီး မေ ၁၆

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် နတ်ချောင်းအလယ်အုပ်စု သမိန်လစ်ကျေးရွာ အဘဦးစောလာတူး၊ အမိ ဒေါ်နော်ဖောဆလွဲ (၂၆) နှစ်တို့၏ သုံးမြွှာပူးကိုယ်ဝန်ကို မေ ၁၂ ရက် နံနက် ၈ နာရီ ၂၉ မိနစ်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်ထွန်းနှင့်အဖွဲ့က ခွဲစိတ်မွေးဖွားပေးခဲ့သည်။

ကလေးများမှာ ယောကျ်ားလေး နှစ်ဦးနှင့် မိန်းကလေး တစ်ဦးဖြစ်ပြီး ပထမကလေးမှာ ယောကျ်ားလေး (ငါးပေါင်သုံးအောင်စ)၊ ဒုတိယကလေးမှာ ယောကျ်ားလေး (လေးပေါင်နှစ်အောင်စ)၊ တတိယကလေးမှာ မိန်းကလေး (လေးပေါင် နှစ်အောင်စ) တို့ဖြစ်၍ ကလေးများရော မိခင်ပါ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

ကလေးနှင့်မိခင်အတွက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များက လိုအပ်သည့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရွှေလှည်းထောင်သူတို့ ပတ္တမြားလှည်းပါ တိုးချဲ့တည်ထောင်လာ

မန္တလေး မေ ၁၆

မြန်မာ့ရိုးရာ ရှင်လောင်းလှည့်ပွဲများအတွက် ရွှေလှည်းများအပြင် ပတ္တမြားလှည်းများပါ တည်ထောင်လာကြသည်။ အလျှပ္ပဲများတွင်လည်း ရွှေလှည်း၊ ငွေလှည်းသာမက ရွှေမြင်းလှည်း၊ ငွေမြင်းလှည်းများပါ ပြုလုပ်လာကြသည်။ လက်ရှိကာလတွင် ရွှေလှည်းထောင်သူများမှာ ရွှေလှည်းနှင့် နွားတစ်ရှဉ်းအပါအဝင် ငွေကျပ်သိန်း၀ါးဆယ်ခန့်ကုန်ကြကြောင်း သိရသည်။

ရွှေလှည်းတစ်စီးလျှင် ပန်းပုလက်ရာ အပြောက်အမွမ်းများ၏ အနုစိတ်မှုအပေါ်မူတည်ကာ ငွေကျပ်တစ်ဆယ့်၀ါးသိန်း၀ါးသောင်းမှ တစ်ဆယ့်ခုနှစ်သိန်းကျော်အထိ ပေးကြရသည်။ ရွှေလှည်းထောင်သူများသည် ရွှေလှည်းနှင့် လိုက်ဖက်သော ခိုင်းနွားတစ်ရှဉ်းပါထောင်ကြရသည်။ လက်ရှိကာလတွင် ရွှေလှည်းတပ်ဆင်သည့်နွားများကို အလှဆုံး၊ အမြင့်ဆုံး၊ အချောဆုံးရွေးချယ်ဝယ်ယူကြသည်။ နွားတစ်ကောင်လျှင် ငွေကျပ် တစ်ဆယ့်၀ါးသိန်းကျော်၊ နွားနှစ်ကောင် ငွေကျပ် သိန်းသုံးဆယ်အထိ ပေးကြရသည်။

နွားများကိုတပ်ဆင်သည့် မာတိကာတန်ဆာတစ်ခုလျှင် အမျိုးအစားအလိုက် ငွေကျပ် တစ်သိန်းမှ နှစ်သိန်းအထိ ပေးကြရသည်။ ရွှေလှည်းများတွင် ပန်းပုအပြောက်အမွမ်းအဖြစ် ဒေါင်းပုံမှအစ လှပသော မြန်မာမှုပုံမျိုးစုံကို လက်ရာမြောက်စွာ ထုဆစ်ပုံဖော်ထားသည်။ အလှျှပ္ပဲများတွင် ရွှေလှည်းအတွက် နံရံထိုင်ကို သီးသန့်ကြိုတင်ပြောထားကြရသည်။ ရွှေလှည်းနံရံထိုင်များသည် မြန်မာမှုလှည်းနှင့်လိုက်ဖက်ညီစွာ ပုသိမ်ထီးမှအစ မြန်မာဆန်စွာ နန်းဆန်စွာ ဝတ်ဆင်လိုက်ပါလေ့ရှိသည်။ လက်ရှိကာလတွင် လှည်းထောင်သူများသည် ရွှေလှည်း၊ ငွေလှည်းအပြင် ပတ္တမြားလှည်းများပါ ပြောင်းလဲတည်ထောင်လာကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုတွင် ကျေးလက်ဒေသများတွင် လှည်းယဉ်ကျေးမှုများမှသည် ရွှေလှည်းများကို အလှမောင်းနှင်ကာ ဂုဏ်ယူလေ့ရှိသည်။ ရွှေလှည်းများအပါအဝင် အလှျှရှင်လောင်းလှည့်နွားများမှာ ခြေနွား၊ ဒုန်းနွားတို့ကို တွဲဖက်မောင်းနှင်လေ့ရှိသည်။ ကျေးလက်ဒေသတွင်မူ ၀ါသနာအရ ခြေနွား၊ ဒုန်းနွားတို့ကို မွေးမြူလေ့ရှိသည်။ အလှျှပ္ပဲများတွင် လှည်းသမားအတွက် သီးသန့်ကျွေးမွေးမှုပြုသည်အထိ အရေးတယူပြုမှုလေ့ရှိသည်။

လက်ရှိကာလတွင် ရွှေလှည်းတစ်စီးလျှင် နွားအပါအဝင် ငွေကျပ်သိန်းလေးဆယ်ကျော်ကုန်ကျပြီး ရွှေလှည်းထောင်သူတစ်ဦးမှာ နွားတစ်ရှဉ်းနှင့် ရွှေလှည်း၊ ငွေလှည်းဆယ်စီးကျော်အထိထောင်ပြီး ငွေကျပ် သိန်းလေးရာကျော်အထိ ရင်းနှီးလေ့ရှိကြောင်း သိရသည်။ အလှျှပ္ပဲများအတွက် ရွှေလှည်းများကို ကြိုတင်စာရင်းပေးငှားရမ်းမှုများ ရှိနေပြီဖြစ်ကြောင်း သိရသည်။

(တိမ်တမန်)

BRT (lite) စနစ် ယာဉ်လိုင်းပြေးဆွဲရန် အဆင့်မီဘတ်စ်ကားများ တင်ဒါစနစ်ဖြင့် ဝယ်ယူသွားမည်

ရန်ကုန် မေ ၁၆

ရန်ကုန်မြို့တွင် အဆင့်မြင့်အမြန်ယာဉ်လိုင်းစနစ်၏ ရှေ့ပြေးအဖြစ် BRT(lite) စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲရန်စီစဉ်လျက်ရှိရာ အဆင့်မီ ဘတ်စ်ကားများကို တင်ဒါစနစ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

ရန်ကုန်မြို့ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပုဂ္ဂလိကတစ်ခုတည်းက ဖြည့်ဆည်းဆောင်ရွက်ခဲ့ရာတွင် အဆင်မပြေမှုများစွာ ဖြစ်ပေါ်ခဲ့ပြီး ကျပ်တည်း၍ ရှုပ်ထွေးသော သွားလာမှုများသာဖြစ်ပေါ်ခဲ့ရာ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်ဘတ်စ်ကားလိုင်းများ ပြေးဆွဲရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်စီစဉ်လျက်ရှိသည်။ ယင်းသို့ အဆင့်မြင့်ဘတ်စ်ကားလိုင်းပြေးဆွဲနိုင်ရန်အတွက် ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီကို အစိုးရ-ပုဂ္ဂလိက အများပြည်သူတို့၏ ရှယ်ယာထည့်ဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ အစိုးရမှ ၄၀ ရာခိုင်နှုန်း၊ ပုဂ္ဂလိကမှ ၆၀ ရာခိုင်နှုန်းဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိတွင် ရှယ်ယာရှင်များ ပါ၀င်ရန် ဖိတ်ခေါ်ထားသည်။ ဆက်လက်၍ ဘတ်စ်ကားလိုင်း ပြေးဆွဲရန် လိုအပ်သော ဘတ်စ်ကားများကို ပြည်ပမှ မှာယူတင်သွင်းသွားမည်ဖြစ်ပြီး ယင်းအတွက် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို တင်ဒါစနစ်ဖြင့် ခေါ်ယူဆောင်ရွက်သွားမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၀န်ကြီးဌာနအကြံပေး ဒေါက်တာမောင်အောင်က ပြောသည်။

"ကျွန်တော်တို့က ဘတ်စ်ကားတွေ ပြည်ပက တင်သွင်းသွားမှာဖြစ်ပြီး လုပ်ငန်းရှင်တွေကို တင်ဒါခေါ်ယူသွားမှာပါ။ အတက်အဆင်းလွယ်ကူတဲ့ အနိမ့်ဘတ်စ်ကားမျိုးတွေ ဝယ်ယူသွားမှာပါ။ လက်ရှိ ဘတ်စ်ကားလိုင်း ပြေးဆွဲနေတဲ့ ကားတွေကို BRT စနစ်မှာ ထည့်သွင်းချင်တယ်ဆိုရင် လာရောက်ဆွေးနွေးနိုင်ပါတယ်။ သတ်မှတ်အရည်အချင်းနဲ့ ပြည့်စုံကိုက်ညီတဲ့ ကားတွေဖြစ်ရပါမယ်။ လုပ်ငန်းရှင်တွေအနေနဲ့ ကားထည့်သွင်းချင်တယ်ဆိုလည်း ရသလို၊ ရင်းနှီးငွေထည့်မယ်ဆိုရင်လည်း ထည့်နိုင်ပါတယ်"ဟု ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီထူထောင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ဆောင်ရွက်နေပြီး မတည်ထည့်ဝင်ငွေအဖြစ် ငွေကျပ် ၁၀ ဘီလီယံ၊ အများပြည်သူထည့်ဝင်ငွေကျပ် ၁၅ ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သော လမ်းပိုင်းပြုပြင်မှု၊ ယာဉ်ရပ်မှတ်တိုင်များ တည်ဆောက်ခြင်းနှင့် လိုအပ်ချက်များအပေါ် အစိုးရမှ တာ၀န်ယူကျခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(၀၀၁)**

အင်ဒိုနီးရှားနိုင်ငံရောက် မြန်မာရေလုပ်သားများအား မိဘရပ်ထံပြန်လည်အပ်နှံ

သာယာ၀တီ မေ ၁၆

ပဲခူးတိုင်းဒေသကြီး သာယာ၀တီခရိုင် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မေ ၁၅ ရက် ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံရောက် ရေလုပ်သားများအား မိဘရပ်ထံပြန်လည်ပေးအပ်ခြင်းအခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းလှိုင်၊ ခရိုင်ဥပဒေအရာရှိ ဦးအောင်ဌေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ရဲအုပ်ရဲ၀င်းနိုင်၊ လူမှု၀န်ထမ်းဦးစီးဌာန(ပြည်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဌေးတို့နှင့်အတူ မိဘများ၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ ခရိုင်အုပ်ချုပ်ရေးမှူးက မိမိတို့ မိဘရပ်ထံပြန်ရောက်ပြီဖြစ်၍ တစ်ဖက်နိုင်ငံမှာ ကြုံတွေ့ရသော အခက်အခဲများကို ပတ်၀န်းကျင်နှင့် သူငယ်ချင်းများ သင်ခန်းစာရယူကြစေရန်နှင့် မိမိတို့လို လမ်းမှားမရောက်ကြစေရေး ပြောကြားကြရန်၊ မိမိတို့ဒေသသို့ ရောက်ရှိပြီး တစ်ဖက်တစ်လမ်းမှ နိုင်ငံအကျိုး၊ လူမျိုးဘာသာ အကျိုးစီးပွား၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့တွင် တတ်နိုင်သမျှ ပါ၀င်ဆောင်ရွက်ကြပြီး ကိုယ့်နိုင်ငံတွင် ကိုယ့်လူမျိုး၊ ကိုယ့်မိဘနှင့် ဥမကွဲသိုက်မပျက် နေထိုင်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ခရိုင်ဥပဒေဦးစီးအရာရှိမှလည်း ဥပဒေနှင့်အညီနေထိုင်ဆောင်ရွက်သွားကြရန်နှင့် လူကုန်ကူးမှုမဖြစ်ပေါ်စေရေးတို့အတွက် မိမိတို့အတွေ့အကြုံအရ ပတ်၀နေကျင်ကို တစ်ဆင့်စကား တစ်ဆင့်ပြောကြားပေးကြရန် မှာကြားသည်။ ထို့နောက် ပြန်လည်ရောက်ရှိလာသော မင်းအောင် အသက်(၂၁)နှစ် နတ်တလင်းမြို့နယ်၊ မျိုးသန့်(၃၁)နှစ် ကြို့ပင်ကောက်မြို့နယ်၊ စိန်ဝင်း(၅၄)နှစ် မင်းလှမြို့နယ်၊ အောင်စိုးစိုးမင်း(၃၀)နှစ် အုတ်ဖိုမြို့နယ်၊ အောင်မြတ်သူ (၃၀)နှစ် အုတ်ဖိုမြို့နယ်၊ နေအောင်(ခ)ချက်ကြီး (၂၉) နှစ် လက်ပံတန်းမြို့နယ်၊ ဝင်းကျော်အောင်(ခ)အငယ်ကောင် (၂၀)နှစ် ပန်းတောင်းမြို့နယ်၊ နိုင်နိုင်မင်း(ခ)ဟန်ထူး (၃၃)နှစ် သာယာ၀တီမြို့နှင့် လှမျိုးမင်း (၂၉)နှစ် စစ်ကွင်းမြို့ စုစုပေါင်း ကိုးဦးရှိကြောင်း သိရသည်။

(၀၇၁)

အသီးအရွက်များ ချက်စားမည်ဆိုပါလျှင်

ယနေ့ခေတ်တွင် လူအများစားသုံးနေကြသော အသီးအရွက်အဖူးအပွင့်များသည် အာဟာရဖြစ်ရန်အတွက်ဟုဆိုသော်လည်း လူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည်။ ဆိုးကျိုးများရှိနေသည်ကို တွေ့ရသည်။

အဘယ်ကြောင့်ဆိုသော် လူတို့စား၍ရသည့် ဈေးထဲ၌ ရောင်းချနေသော ဟင်းချက်စားရသည့် အသီးအရွက် အဖူးအပွင့်အားလုံးနီးပါးသည် ဓာတုဆေး၀ါးများဖြင့်ပက်ဖျန်း၍ စိုက်ပျိုးထားကြခြင်းဖြစ်သည်။ ဖောင်းဖောင်းကားကား၊ ၀ွားဝွားစွင့်စွင့်၊ ရွှမ်းရွှမ်းဖတ်ဖတ်နှင့်တွေ့ရသော အသီးအရွက်ဟူသမျှသည် ပက်ဖျန်းထားသော ဓာတုဆေး၀ါးများ၊ ဓာတ်မြေသြဇာများ၏ တန်ခိုးအာနိသင်ကြောင့်သာ ဖြစ်ပေသည်။

သစ်ပင်များစ၍ စိုက်ပျိုးရန်အတွက် မြေကို ပြင်သည်မှစ၍ သစ်စေ့မချခင်တွင် ဓာတ်မြေသြဇာများကို လုံလုံလောက်လောက် မြေကြီးအတွင်းသို့ ရောနှောထည့်သွင်းရသည်။ အပင်ဖြစ်လာ၍ အရွက်ထွက်လာသည်နှင့် ဓာတုဆေးမှသာ အပင်၊ အရွက်များ ကြီးထွားစေသည်။ ပိုးမွှားများ မကျရောက်ရန်နှင့် ရောဂါများ မ၀င်နိုင်ရန် ဓာတုပိုးသတ်ဆေးများကို ရက်ပတ်မှန်မှန် ပက်ဖျန်းကြရသည်။

ပက်ဖျန်းသောပိုးသတ်ဆေးများမှာလည်း ပြင်းထန်သော (နံသေ၊ ထိသေ) ဆေး၀ါးများဖြစ်သည်။ ပိုးကောင်များသည် ဆေးနံ့နံ့ရုံနှင့် သေသည်။ ဆေးနှင့် ထိသည်နှင့်သေသည်။ ဤမျှအာနိသင်ရှိသည့်ဆေးများကို တစ်ပတ်လျှင် တစ်ကြိမ်နှုန်းနှင့် မှန်မှန်ပက်ဖျန်းပေးရသည်။ လိုအပ်ပါက ထိုရက်ထက်စောၗ ပက်ဖျန်းရသည်။ ဤသို့ပြုမှသာ ဈေးကွက်၀င်သော ဟင်းသီးဟင်းရွက်များကို ရရှိသည်ဟု စိုက်ပျိုးသူများက ပြောသည်။

စာရေးသူသည် တိုင်ထောင်ပဲစိုက်ခင်းထဲသို့ ရောက်သွားသည်။ လှမ်းကြည့်လိုက်ရာ တစ်ခြံလုံး အပြာရောင်မီးခိုးများဖြင့် မှောင်နေသည်ကိုတွေ့၍ မေးကြည့်ရာ "ပိုးသတ်ဆေးဖျန်းနေတာ"ဟု ပြောသည်။ "ဟာ ဒီလိုပဲ မှောင်နေအောင် ဖျန်းရသလား" ဟု မေးရာ ခြံရှင်မှ ရှင်းပြသည်မှာ "ဟုတ်တယ်။ ဒီတိုင်ထောင်ပဲက အခြားအပင်တွေနဲ့ မတူဘူး။ အရွက်နှစ်ရွက် ထွက်လာကတည်းက ဆေးကို တစ်အားဖျန်းရတယ်။ ဆေးနဲ့ အသီးလုပ်ယူရတာပါပဲ"ဟု ပြောသည်။

ထိုနည်းတူပင် အခြားသော ဟင်းသီးဟင်းရွက်များသည်လည်း ဓာတုဆေး၀ါး၊ ဓာတ်မြေသြဇာ၊ ရွက်ဖျန်းအားဆေး စသည့်ဓာတုဆေး၀ါးများကိုအသုံးပြု၍ စိုက်ကြသည်သာဖြစ်သည်။ ဓာတုဆေး၀ါးမသုံးဘဲ စိုက်ပျိုးသည့် ဟင်းသီးဟင်းရွက်ဟူ၍ မရှိသလောက်ရှားသည်။

ယနေ့ လူများသည် ထိုဟင်းသီးဟင်းရွက်များကို ၀ယ်၍ချက်ပြုတ်စားနေရသည့်အတွက် အဆိပ်များကို စားနေရသည်နှင့် တူသည်။ ၀ယ်မစားဘူးဆိုလျှင်လည်း စားစရာရှိမည်မဟုတ်ပါ။ ဤအစားအစာများသည် အသက်အန္တရာယ်ကို ဖြစ်တတ်ပါသည်။

ဤသို့ မလွဲမရှောင်၀ယ်စားကြရသည့်အတွက် ပြီးစလွယ်ချက်ပြုတ်၍ မစားသင့်ပါ။ ချက်ခါနီးတွင် အတတ်နိုင်ဆုံး ရေစင်စင်ဆေးကြောသင့်ပါသည်။ အကောင်းဆုံးမှာ ဟင်းသီးဟင်းရွက်များကို ဆားရည်နှင့် တအောင့်စိမ်ပြီးမှ ဆေးကြောပြီး ချက်စားမည်ဆိုလျှင် ပိုးသတ်ဆေးအာနိသင်များ ပြယ်သင့်သလောက် ပြယ်နိုင်ကြောင်းကို စေတနာဖြင့် သတိပေးရတော့သည်။ ။

EGO DEKUTHA

လားရှိုးမြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေး

လားရှိုး မေ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ကွန်သျှီးကျေးရွာအုပ်စုအတွင်းရှိကျေးရွာ ငါးရွာမှ ဒေသခံတိုင်းရင်းသား(အိမ်ထောင်စုဝင် ၁၄၀)အား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မေ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မိုးပွင့်(အထူး) စီမံချက်အရ လားရှိုးမြို့နှင့် ၄၃ မိုင်ကွာဝေးသော လားရှိုးမြို့ တန့်ယန်းမြို့နယ် နယ်နိမိတ်အစပ်ရှိ လားရှိုးမြို့နယ် ကွန်သျှီးအုပ်စုအတွင်းရှိ ရွာများဖြစ်ကြသော ကွန်သျှီး၊ နားမုန်၊ နားခံ၊ နမ့်ဆွန်၊ ပန်ဆွန်ကျေးရွာများရှိ ဒေသခံတိုင်းရင်းသား အိမ်ထောင်စုစာရင်းရှိသူ ၁၀၀၊ အိမ်ထောင်စုစာရင်းမရှိသူ ၄၁ ဦး စုစုပေါင်း ၁၄၀ တို့အား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ရေးအတွက် လားရှိုးမြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ **ဇာဂီအောင်(လားရှိုး)**

ပေလတွင် ဆံပင်ပုံစံအသစ်များနှင့် တွေ့ပြင်ရတဲ့ အနုပညာရှင်များ

ဆလီနာဂိုမက်

လီမိရှယ်

မိုင်လေဆိုင်းရပ်စ်

TryOn Tuesday Instagram Contest အတွက် ပေးပို့ရမည့် နာမူနာ ပုံစံ။

စာဖတ်သူတွေအနေနဲ့ မိမိ ကြိုက်နှစ်သက်တဲ့ နာမည်ကျော်အနုပညာရှင်များရဲ့ ဆံပင်ပုံစံတွေ လိုက်ပြီးညှပ်မယ်လို့စဉ်းစားထားခဲ့ရင် ဆံပင်မညှပ်ခင်မှာ မိမိနဲ့လိုက်ဖက်မှုရှိ၊ မရှိကို ကျွမ်းကျင်တဲ့ ပညာရှင်တွေနဲ့ သေချာဆွေးနွေးတိုင်ပင်ပြီးမှ ဆံပင်ပုံစံပြောင်းသင့်ပါတယ်။ ဒါမှသာ ဆံပင်ညှပ်ပြီးသွားတဲ့အခါ မိမိကိုယ်ကိုမိမိ စိတ်ကျေနပ်မှုအပြည့်အဝရနိုင်မှာပဲ ဖြစ်ပါတယ်။ စိတ်ဝင်စားသူတွေအနေနဲ့ www.instyle.com/makeover မှာ မိမိသဘောကျနှစ်သက်တဲ့ အနုပညာရှင်များရဲ့ဆံပင်ပုံစံကို မိမိမျက်နှာနဲ့လိုက်၊ မလိုက်စမ်းကြည့်နိုင်မှာဖြစ်ပါတယ်။ တကယ်လို့ မိမိရဲ့ပုံကို Instagram app အသုံးပြုပြီး InStyle မဂ္ဂဇင်းကို ပေးပို့ပြီးပါဝင်ယှဉ်ပြိုင်မယ်ဆိုရင်တော့ အလှမယ်ဆုအတွက်လည်းပါဝင်ရင်ခုနှစ်နိုင်မှာ ဖြစ်တယ်လို့သိရပါတယ်။ TryOn Tuesday Instagram Contest အတွက် မေ ၁၂ရက်မှ ဇွန် ၂ ရက်ထိ ဓာတ်ပုံများ ပေးပို့ပြီး ပါဝင်ယှဉ်ပြိုင်နိုင်မှာဖြစ်တယ်လို့လည်း InStyle မဂ္ဂဇင်း၌ ဖော်ပြထားပါတယ်။

စန္ဒာဝင်း

ပရိသတ်ကိုနှုတ်ဆက်လိုက်တဲ့ F4 မင်းသား ကင်ဟွန်ဂျန်

မြန်မာပရိသတ်များရင်ထဲ စွဲလမ်းခဲ့ရသည့် ကိုရီးယားဇာတ်လမ်းတွဲ Boys over flowers (F4) မှ ဒုတိယမင်းသားကင်ဟွန်ဂျန်သည် ၄င်း၏ ၂၁လကြာစစ်မှုထမ်းခြင်းကို ပြီးခဲ့သည့် အဂိါနေ့မှစတင်ကာ ထမ်းဆောင်နေပြီဖြစ်သည်။

ကင်သည်စစ်မှုမထမ်းမီ ပရိသတ်များနှင့်တွေ့ဆုံနှုတ်ဆက်ခြင်းမပြုခဲ့ဘဲ နှုတ်ဆက်စာတစ်စောင်သာရေးသား၍ ပရိသတ်ကို တောင်းပန်နှုတ်ဆက်ခဲ့လေသည်။ လူသစ်စိတ်သစ်ဖြင့် ပရိသတ်များနှင့်ပြန်လည်တွေ့ဆုံလိုကြောင်းလည်း အဆိုပါစာတွင် ထည့်သွင်းရေးသားထားခဲ့သည်။

အသက် ၂၈နှစ်ရှိပြီဖြစ်သော ကင်၏နှုတ်ဆက်ပွဲသို့ တောင်ကိုရီးယား၊ တရုတ်နှင့် ဂျပန်တို့မှ ပရိသတ် ၁၅၀ခန့် လာရောက်နှုတ်ဆက်ကြပြီး သူ၏စစ်မှုထမ်းခြင်းမှာ ၂၀၁၇ ဖေဖော်ဝါရီတွင် ပြီးဆုံးမည်ဖြစ်သည်။

ကင်သည် လွန်ခဲ့သော ၂၀၁၄ ဩဂုတ်လက သူ၏ချစ်သူဟောင်းကို ကိုယ်ထိလက်ရောက်ရိုက်နှက်စော်ကားမှုဖြင့် တိုင်ကြားခြင်းခံခဲ့ရပြီး အမေရိကန် ဒေါ်လာ ငါးသိန်းလေးသောင်းခုနစ်ထောင်ပေးလျော်ခဲ့ရသည်။ ကင်က ယခုအချိန်သည် သူ့အတွက်စစ်မှုထမ်းရန်အကောင်းဆုံး အချိန်ဖြစ်ကာ သူ၏မိုက်မဲမှုများကိုဆေးကြောရန် အနုပညာလောကမှ ခေတ္တထွက်ခွာခွင့်ရသည့်အတွက် ကျေနပ်ပါကြောင်းနှင့် စစ်မှုထမ်းရက်ကုန်ဆုံးပါက စိတ်သစ်လူသစ်ဖြင့် အနုပညာလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နှုတ်ဆက်စာတွင်ဖော်ပြခဲ့သည်။

ခင်ခင်သက်

ဇန်အဖွဲ့မှ နုတ်ထွက်ခဲ့ခြင်းအပေါ် ရင်ဖွင့်လာတဲ့ One Direction

ဗြိတိန်နာမည်ကျော် ပေါ့ပ်ဂီတအဖွဲ့ One Direction သည် အဖွဲ့မှ ဇန်မိုက်ခ်ထွက်ခွာပြီးနောက်အဖွဲ့ဝင်လေးဦးဖြင့်သာ ဂီတခရီးဆက်ခဲ့ရသည်။ လွန်ခဲ့သော မတ်လက ဇန်သည် အဖွဲ့မှ နုတ်ထွက်ခဲ့ပြီး ထိုသို့ထွက်ခွာခြင်းနှင့်ပက်သက်၍ အဖွဲ့က အကြောင်းတစ်စုံတစ်ရာထုတ်ဖော် ပြောကြားခြင်းမရှိခဲ့သော်လည်း ပြီးခဲ့သည့်ကြာသပတေးနေ့က ပြုလုပ်ခဲ့သော Late Late Show အစီအစဉ်၌ ဇန်အဖွဲ့မှထွက်ခွာခဲ့ခြင်းသည်အဖွဲ့အပေါ် ရိုက်ခတ်မှုများရှိခဲ့သည့်အတွက် ၎င်းကိုအနည်းငယ်စိတ်ဆိုးမိကြောင်း ရင်ဖွင့်လာသည်။

ဇန်နုတ်ထွက်သည့်သတင်းသည် ထောင်ပေါင်းများစွာသော One Direction ပရိသတ်များကို စိတ်ထိခိုက်စေပြီး သို့လောသို့လော အတွေးများလည်း ဝင်စေခဲ့သည်။

အခုလက်ရှိတွင်အဖွဲ့၌ လူးဝစ်တွမ်လင်ဆမ်၊ နိုးလ်ဟော်ရန်၊ ဟယ်ရီစတိုင်စ်နှင့် လီအမ်ပေးန်တို့လေးဦးသာ ကျန်ရှိလေသည်။ လီအမ်ပေးန်က "ဇန်နုတ်ထွက်မယ်ပြောတော့ ကြားကြားချင်း တကယ်စိတ်ဆိုးမိတယ်။ နောက်တော့ ဘာလို့ပါလိမ့်လို့ အံ့သြမိတယ်။ နောက်တော့မှ သူခံစားနေရတာတွေကို သိလိုက်ရတယ်"ဟု ပြောသည်။

"လူတစ်ယောက်ဟာကိုယ်လုပ်နေတဲ့အလုပ်ကိုမကြိုက်ရင်၊ အလုပ်မှာ မပျော်တော့ရင် ကိုယ့်စိတ်ကြိုက်ရွေးချယ်နိုင်ပါတယ်။ ဘယ်အရာမှ ပြင်းပြင်းထန်ထန် မခံစားတာ ကောင်းပါတယ်"ဟု ပေးန်က ဆက်လက်၍ သူ၏အမြင်ကိုပြောသည်။

အဖွဲ့တွင် လူသစ်အစားထိုးခြင်းနှင့် ပက်သက်၍အဖွဲ့ခေါင်းဆောင် စတိုင်စ်အားမေးရာ လူစားထိုးရန် အစီအစဉ်မရှိသေးကြောင်း ပြောသည်။

One Direction သည် လတ်တလောတွင်သူတို့၏ တေးအယ်ဘမ်အသစ်အတွက်ကမ္ဘာလှည့်ဖျော်ဖြေပွဲများပြုလုပ်နေရာမှ ခေတ္တရပ်ဆိုင်းထားသည်။ ဇန်ရုတ်တရက် အဖွဲ့မှ ထွက်ခွာသွားခြင်း၏ ရိုက်ခတ်မှုကို ကျော်လွန်နိုင်ရန် အလုပ်ကိုပိုမို ကြိုးစားဆောင်ရွက်နေပါကြောင်းလည်းပြောပြခဲ့လေသည်။

ခင်ခင်သက်

ရုပ်မြင်သံကြားအစီအစဉ်

*17 - 5 -2015 (we*aEae)*

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -အလက်ဘ်ဝတ်ရည်မြန်မာမှုတေး ဂီတအဖွဲ့ဖျော်ဖြေမှုအစီအစဉ် (အပိုင်း-၁၇)
- ၆း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်သူဒိန်းဒေါင်" (ဒိန်းဒေါင်၊ ဆုပန်ထွာ) (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)
- ၇း၅၅ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
- ၈း၀၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၈း၃၅ ဆိုကြမယ်၊ပျော်ကြမယ်
- ၉း၂၅ မြန်မာ့ရုပ်ရှင်(ဆေးရောင်စုံ) "ရက်စ်ဘော့စ်" (နေတိုး၊ သူထူးစံ၊ ကျော်ကျော်ဝိုး၊ ထွန်းထွန်း၊ မိုးမိုး၊ စိုးမြတ်သူဇာ၊ မိုးဟေကို) ဒါရိုက်တာ-ကိုဇော်(အရှဏ်ဦး)
- ၁၂း၀၀ အစီအစဉ်ပြီး၏

တစ်နေ့ ၆ နာရီစာ လေးကြိမ် ပြသပါမည်။

မြဝတီ

- ၆း၀၃ တရားတော်
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၁၁း၀၀ English For Myanman
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လွဲမှားခြင်းသီအိုရီ
- ၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စက်ရုပ်ချစ်သူ (အပိုင်း-၁၉)
- ၅း၁၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ (အပိုင်း-၂၇)
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ (အပိုင်း-၃၈)
- ပဟေဠိနန်းတော်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မေတ္တာဖွဲ့ကြိုး (အပိုင်း-၄၈)

MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော် +ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ "ပြန်ခိုင်ခဲ့သောဒါန" တရားတော် (ဓမ္မဒူတဒေါက်တာဘဒ္ဒန္တ ပညိဿရာဘိဝံသ)
- ၈း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၀)
- ၉း၃၅ Weekly Sports Diary
- ၁၀း၀၀ ခေတ်သစ်ယျမေ
- ၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀း၅၅ Star တို့ရဲ့လက်ရာ
- ၁၁း၁၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁း၃၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၂၇+၂၈)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [မျက်စိသုံးလုံးနဲ့လူ (အပိုင်း-၁)]
- ၄း၅၅ အတွေးမျဉ်းပြိုင်များ
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၁၃)
- ၇း၂၀ Fashion Week (Designer Su Su Wai)
- ၇း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [မျက်စေ့သုံးလုံးနဲ့လူ (အပိုင်း-၂)]
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၁)
- ၉း၁၀ Guess It !
- ၉း၃၅ Sunday Talk (ဒေါက်တာဒေါ်ကေသီအောင်၊ မျိုးမြတ်သူ)
- ၁၁း၃၀ Spain Laliga Atletico Madrid Vs Barcelona (LIVE)
- ၄း၄၀ မြေခိုးဝေဝေ ပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာ ဘုရားစေတီ

mitv

- Mogok: The Colourful Land of Rubies
- My Tour Around Hopone City
- A Girl Guide
- Bollywood Actress "Laila Khan" Born & Raised in Myanmar (Part-2)
- A Tea Business Pankwan (Part-1)
- A Journey To Southern Shan State (Ep-1)
- Creative Costume of Kayah Nationals
- Making Of Nawarat Rings
- Fantastic Orchid Garden From The Flower City
- The Photographer (Portraiture)
- Food Trip (Ep-8) (Part-1)
- Today Myanmar: Solar Power
- Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose – Min Thu Wun (Ep-2) Student Life & Early Literary Career
- Myanmar Masterclass: Art Teacher
- Great Shwedagon: Nine Wonders Around The Platform Of Shwedagon Pagoda
- Moving Meditation: Aikido
- Black Gold (P- I)
- A Pretty Custom of Kandayawady Asia Vut A @ Rice Pounding Competition
- Bollywood Actress "Laila Khan" Born & Raised in Myanmar
- Ngapali Beach: Fishing Villages
- Bagan: The Land of Pagoda
- Mesmerizing Scenes or Image of Japan (Part-1)

၂၀၁၄ ခုနှစ်က ဆီဗီလာအသင်း ယူရိုပါလိဂ်ဖလားဆွတ်ခူးခဲ့စဉ်။

ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲ ဒီနီပရိုနှင့် ဆီဗီလာတွေ့ပြီ

ယူကရိန်းကလပ် ဒီနီပရိုအသင်းသည် ယူရိုပါလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် အီတလီစီးရီးအေကလပ် နာပိုလီအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့ရာ ဆီဗီလာအသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေသည်။

ဒီနီပရိုအသင်းသည် နာပိုလီအသင်းအား နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဆီဗီလာအသင်းသည်လည်း ယူရိုပါလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် နှစ်ကျော့ပေါင်းရလဒ် �well-ဂိုး-ဂိုးမရှိဖြင့် ဖိအိုရင်တီးနားအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စပိန်ကလပ် ဆီဗီလာအသင်းသည် ယူရိုပါလိဂ်လက်ရှိချန်ပီယံအသင်းဖြစ်ပြီး ယခု ယူရိုပါလိဂ်နောက်ဆုံး ဗိုလ်လုပွဲတွင် ယူကရိန်းကလပ် ဒီနီပရိုကို အနိုင်ကစားကာ လက်ရှိချန်ပီယံဘွဲ့ကို ဆက်ခံမည့်အနေအထားတွင် ရှိနေသည်။

ဒီနီပရိုအသင်းနှင့် ဆီဗီလာအသင်းတို့၏ ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲကို မေ ၂၇ ရက်တွင် ပိုလန်နိုင်ငံ ဝါဆောမြို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အဆိုပါနှစ်သင်းအနက် ဗိုလ်စွဲခဲ့သည့်အသင်းသည် လာမည့်နှစ် ချန်ပီယံလိဂ် ပြိုင်ပွဲဝင်ခွင့်ရရှိမည်ဖြစ်သည်။ **(ငွေကြယ်)**

ကွင်းလယ်ကစားသမား ဂျိမ်းစ်မီနာ လီဗာပူးသို့ ပြောင်းမည်

မန်စီးတီးကွင်းလယ်ကစားသမား ဂျိမ်းစ်မီနာသည် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပါက ပရီမီယာလီဂ်ပြိုင်ဘက် လီဗာပူးအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။

ဂျိမ်းစ်မီနာသည် လီဗာပူးအသင်း၏ ကွင်းလယ်ပိုင်းတွင် ပွဲချိန်ပြည့်ပုံမှန် ပါဝင်ပွဲထွက်ကစားခွင့်ရရှိလိမ့်ဟု ယုံကြည်ထားခြင်းကြောင့် လီဗာပူးအသင်း လာမည့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်မရရှိခဲ့သော်လည်း အာဆင်နယ်အသင်းထက် လီဗာပူးအသင်းကိုရွေးချယ်၍ ပြောင်းရွှေ့ကစားရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်ကြယ်ပွင့် ဂျိမ်းစ်မီနာသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း လက်ရှိအချိန်အထိ ၎င်း၏ အနာဂတ်နှင့်ပတ်သက်၍ ခိုင်မာသောဆုံးဖြတ်ချက်မချရသေးကြောင်း သိရသည်။ သို့ရာတွင် ဂျိမ်းစ်မီနာအနေဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသည်။

လီဗာပူးအသင်းကလည်း ကွင်းလယ်ကစားသမား ဂျိမ်းစ်မီနာအား တစ်ပတ်လုပ်ခလစာ ပေါင် တစ်သိန်းဖြင့် ခေါ်ယူစာချုပ်ရန် ကမ်းလှမ်းထားခဲ့ပြီး လီဗာပူးအသင်းအနေဖြင့် ယင်းသို့ ခေါ်ယူခဲ့ပါက လာမည့်ဘောလုံးရာသီတွင် လီဗာပူးအသင်း၏ ဈေးအကြီးဆုံးပေးခေါ်ယူရသည့် ကစားသမားတစ်ဦးလည်း ဖြစ်လာမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျာရတ်သည် လီဗာပူးအသင်းမှ ထွက်ခွာမည်ဖြစ်သောကြောင့် နည်းပြဘရန်ဒန်ရော့ဂျာကလည်း ကွင်းလယ်ကစားသမား ဂျိမ်းစ်မီနာအားခေါ်ယူရန် ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။ **(နိုင်လင်းကြည်)**

တိုက်စစ်မှူးဟယ်ရီကိန်းအား မန်ယူပစ်မှတ်ထားနေ

မန်ယူအသင်းသည် စပါးအသင်း တိုက်စစ်မှူး ဟယ်ရီကိန်းအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး စပါးအသင်းကမူ ရောင်းချရန် ရည်ရွယ်ထားခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဖေဖော်ဝါရီလအတွင်းက ငါးနှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းအတွက် သွင်းဂိုး ၃၀ အထိ သွင်းယူပေးထားနိုင်ခဲ့သည်။

ယင်းသို့ ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၃၀ သွင်းယူပေးထားနိုင်ခဲ့ခြင်းကြောင့် အသက်(၂၁)နှစ်ရှိ အဆိုပါတိုက်စစ်မှူး ဟယ်ရီကိန်းအား မန်ယူအသင်းက မျှားပြားသောလုပ်ခလစာပေးချေ၍ခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းအနေဖြင့် တိုက်စစ်မှူး ဟယ်ရီကိန်းအား ပြောင်းရွှေ့ကြေး ယူရိုရှိ ၅၅ သန်းပေးချေ ခေါ်ယူရန် စီစဉ်နေသော်လည်း စပါးအသင်းကမူ ၎င်းတို့ မွေးထုတ်လေ့ကျင့်ပေးထားသည့် တိုက်စစ်မှူး ဟယ်ရီကိန်းအား ရောင်းချရန် အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်ဘွဲ့ရာသီစျေးကွက်အတွင်း အသင်းကို အတောင့်တင်းဆုံးဖြစ်အောင် ပြင်ဆင်ရန်ရှိနေပြီး လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရန်နှင့် ပရီမီယာလီဂ်ဖလား ရယူဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် လက်ရှိတွင် ပီအက်စ်ဗွီကစားသမား ဒီပေးအား ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းပေးချေ ခေါ်ယူထားခဲ့ပြီး ညာနောက်ခံကစားသမားတစ်ဦး၊ ဗဟိုခံစစ်မှူးတစ်ဦး၊ ကွင်းလယ်ကစားသမားတစ်ဦးနှင့် တိုက်စစ်မှူးတစ်ဦးတို့ကို ထပ်မံခေါ်ယူရန်လည်း ရှိနေကြောင်း သိရသည်။

တိုက်စစ်မှူး ဖယ်လ်ကာအိုသည် အဘွားစာချုပ်သက်တမ်းကုန်ဆုံးပါက မိုနာကိုအသင်းသို့ ပြန်မည်ဖြစ်သောကြောင့် မန်ယူအသင်းအနေဖြင့် စပါး တိုက်စစ်မှူး ဟယ်ရီကိန်းအား ပစ်မှတ်ထားနေခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**

ပိုဒေါစကီး ရာသီကုန်တွင် အာဆင်နယ်သို့ ပြန်မည်

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသည် အာဆင်နယ်မှ အဘွားခေါ်ယူထားသည့် တိုက်စစ်မှူး ပိုဒေါစကီးအား အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုခေါ်ယူမည် မဟုတ်ကြောင်းနှင့် တိုက်စစ်မှူး ပိုဒေါစကီးသည်လည်း အာဆင်နယ်အသို့ ပြန်လိမ့်မည်ဖြစ်ကြောင်း အင်တာမီလန်အသင်းနည်းပြ မန်စီနီက ထုတ်ဖော်ပြောကြားလိုက်သည်။

တိုက်စစ်မှူး ပိုဒေါစကီးသည် ဇန်နဝါရီလအတွင်းက ပရီမီယာလီဂ်ကလပ် အာဆင်နယ်အသင်းမှ ခြောက်လ အဘွားစာချုပ်ဖြင့် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အင်တာမီလန်အသင်းက အူဒီးနီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အင်တာမီလန်အသင်းအတွက် ပထမဆုံးသွင်းဂိုး သွင်းယူပေးနိုင်ခဲ့သည်။

တိုက်စစ်မှူး အဂူရိ မန်စီးတီးမှ ထွက်ခွာမည်မဟုတ်

မန်စီးတီးတိုက်စစ်မှူး အဂူရိသည် မန်စီးတီးအသင်းမှထွက်ခွာရန် ရည်ရွယ်ထားခြင်းမရှိကြောင်း နည်းပြ ပယ်လီဂရီနီက ပြောကြားခဲ့သည်။ အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး အဂူရိသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့်အတူ ပွဲပေါင်း ၄၀ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၃၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

အဂူရိသည် ၂၀၁၁ ခုနှစ်က အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၃၈ သန်းဖြင့် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ကျူပီအာအသင်းအား ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲတွင် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ လက်ရှိတွင်လည်း မန်စီးတီးအသင်း၌ ပျော်ရွှင်မှုရရှိနေပြီး မန်စီးတီးအသင်းကလည်း အဂူရိအား ရောင်းရန်အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်။ **(နိုင်လင်းကြည်)**

တောင်ငူ၌ ငွေတုပြုလုပ်သူများ ဖမ်းဆီးရမိ

တောင်ငူ မေ ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကန်ရိုးကျေးရွာ ရန်ကုန်-မန္တလေးကားလမ်း အရှေ့ဘက်ရှိ လျှံလျှံစားသောက်ဆိုင်တွင် မေ ၁၁ ရက် မွန်းလွဲပိုင်းက လူငယ်တစ်ဦး ငွေစက္ကူအတုများသုံးစွဲရန် ရောက်ရှိနေကြောင်း သတင်းအရ တောင်ငူမှခင်းတပ်ဖွဲ့မှ ဒုတိယရဲမှူး လှသိန်းစိုးနှင့်အဖွဲ့သည် တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် စိုင်းကျော်မျိုးထွန်း၊ ရဲအုပ် စိုးညွှန့်နိုင်နှင့်အဖွဲ့၊ တောင်ငူမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းကိုကို ဦးစီးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ဝင်ရောက်ဖမ်းဆီးခဲ့ရာ လျှံလျှံစားသောက်ဆိုင်အခန်းအတွင်း စားသောက်နေသော စောအယ်မောင် (၂၂)နှစ်၊ ကရင်ပြည်နယ် လိပ်သိုမြို့နယ် နာလောပိုလီကျေးရွာနေသူအား တစ်သောင်းကျပ်တန်၊ ငါးထောင်ကျပ်တန်၊ တစ်ထောင်ကျပ်တန် ငွေစက္ကူအတုကျပ် ၇၆ သိန်းကျော်ဖမ်းဆီးရမိခဲ့၍ တောင်ငူမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

ငွေတုပြုလုပ်သူများကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အဆိုပါ အမှုမှ ဖမ်းဆီးရမိသော စောအယ်မောင်၏ထွက်ဆိုချက်အရ ငွေစက္ကူအတုများအား တောင်ငူမြို့နယ် ကေတုမတီမြို့သစ် တပင်ရွှေထီးရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးနေ ဒေါက်တာသက်မိုး(၄၆)နှစ်၏ နေအိမ်တွင် ကွန်ပျူတာနှင့် ကာလာပရင်တာတို့ကိုအသုံးပြု၍ ဒေါက်တာသက်မိုး၊ ဇော်လွင်(၃၂)နှစ်၊ တောင်ငူမြို့နယ် အင်ဒိုင်းကျေးရွာနေ ထွန်းဝင်းခိုင်(ခ)ကိုခိုင် (၃၅)နှစ်တို့သည် ဒေါက်တာသက်မိုးနေအိမ်ရှိ အခန်း၌ ငွေတုများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းအရ မေ ၁၅ ရက် မွန်းလွဲပိုင်းက ကေတုမတီမြို့သစ်ရှိ ဒေါက်တာသက်မိုး၏နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေခဲ့ရာ ဒေါက်တာသက်မိုးနှင့် ဇော်လွင်တို့အား အသင့်တွေ့ရှိရပြီး နေအိမ်ဘုရားခန်းအတွင်းမှ ရိုးမဘာဏ်လီမိတက်စာတန်းပါ ငွေစက္ကူထုပ်ရာတွင် အသုံးပြုသော စာရွက်အား Scan ဖတ်ထားသော A4 စာရွက်တစ်ရွက်၊ KW-Trio ၁၃၃၀၀ စာတန်းပါ စက္ကူဖြတ်စက်တစ်ခု၊ ဖူဂျစ်စုအမျိုးအစား လက်တော့ကွန်ပျူတာတစ်လုံး၊ ဘုရားစင်ပေါ်တွင် သံဗူးပိုင်းဖြင့်ထည့်ထားသော ငွေစက္ကူတု(ဖြူ/မဲ) (၃)ရွက်နှင့် ရေစိုပြီး လုံးချေထားသော ငါးထောင်ကျပ်တန်(အတု)တစ်ရွက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နေအိမ်နောက်ကျောဘက်ရှိ ခြံအလွတ်ထဲမှ တစ်ဝက်တစ်ပျက် မီးလောင်ပျက်စီးနေသော ငါးထောင်ကျပ်တန် ငွေစက္ကူအတုအပိုင်းအစ အခု ၃၀၊ ရေစိုကာ အရောင်လွင့်နေသော ငွေစက္ကူအပိုင်းအစ ၁၄ ခု၊ မီးဖိုချောင်အနီးတွင် မီးရှို့ထားပြီး ဖြတ်တောက်ခြင်းမပြုရသေးသော တစ်ထောင်တန်ငွေစက္ကူ အတုအပိုင်းအစနှစ်ခုကို တွေ့ရှိခဲ့သည်။

ပူးပေါင်းအဖွဲ့က ဒေါက်တာသက်မိုး၏နေအိမ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်ဧည့်ခန်းဗီရိုအောက်ဆုံးထပ်မှ ပြောင်းအရှည်ရှစ်လက်မခန့်၊ ဒင် သုံးလက်မခန့်ရှိ လုပ်သေနတ်တစ်လက်ကို ရှာဖွေတွေ့ရှိကာ သိမ်းဆည်းခဲ့သည်။

ဆက်လက်၍ ဒေါက်တာသက်မိုးသည် ငွေစက္ကူအတုပြုလုပ်သည့် ကွန်ပျူတာနှင့် ကာလာပရင်တာတို့အား တောင်ငူမြို့နယ် အင်ဒိုင်းကျေးရွာနေ ထွန်းဝင်းခိုင် (ခ) ကိုခိုင်၏ နေအိမ်သို့ ပို့ဆောင်ထားကြောင်း သိရသဖြင့် ပူးပေါင်းအဖွဲ့က အင်ဒိုင်းကျေးရွာသို့ သွားရောက်စစ်ဆေးခဲ့ပြီး ထွန်းဝင်းခိုင်(ခ)ကိုခိုင်၏ နေအိမ်နောက်ဘက်ရှိ ရထားသံလမ်းဘေး ခြုံပုတ်အတွင်းခြံဝှက်ထားသော ၁၉ ဒသမ ၅ acer တံဆိပ်ပါ ကွန်ပျူတာမော်နီတာတစ်လုံး၊ ကီးဘုတ် တစ်ခု၊ မောက်စ်တစ်ခု၊ ORIENT တံဆိပ်ပါ CPU တစ်လုံး၊ Prolink တံဆိပ်ပါ UPS တစ်လုံး၊ Epson တံဆိပ်ပါ T60 ကာလာပရင်တာတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မိုးလေဝသအခြေအနေ

မေ ၁၇ ရက် နေ့အပူချိန်များ

တိုင်းဒေသကြီးနှင့် ပြည်နယ်	အမြင့်ဆုံး	အနိမ့်ဆုံး
နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၉°C	၂၆°C
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်	၃၇°C	၂၅°C
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇°C	၂၅°C
ပဲခူးတိုင်းဒေသကြီး	၃၈°C	၂၆°C
ချင်းပြည်နယ်	၃၀°C	၂၀°C

မေ ၁၇ ရက် ရန်ကုန်ဆိပ်ကမ်း ရေတက်ရေကျ အခြေအနေ

ရေတက်	နံနက်	၂:၃၁ နာရီ	၁၉. ၄၂ ပေ
ရေကျ	နံနက်	၉:၁၀ နာရီ	၃. ၅၈ ပေ
ရေတက်	ညနေ	၂:၄၉ နာရီ	၂၁. ၂၉ ပေ
ရေကျ	ည	၉:၄၁ နာရီ	၂. ၄၀ ပေ

မေ ၁၇ ရက် ရန်ကုန်မြို့ နေဝင်နေထွက်ချိန်

နေထွက်	နံနက်	၅:၃၃ နာရီ
နေဝင်	ညနေ	၆:၂၈ နာရီ

ဘာချီလိတ်၌ မူးယစ်ဆေးဝါး လက်လီပြန့်ပြူးရောင်းချသူထံမှ ဘိန်းဖြူများသိမ်းဆည်းရမိ

ဘာချီလိတ် မေ ၁၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁၀၄)နေပြည်တော်မှ တပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) ဘာချီလိတ်မှ တပ်ဖွဲ့ဝင်များ၊ ဘာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဘာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် နံနက်ပိုင်းက ဘာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု ပါကွေ့(အောက်)ရွာလမ်းမပေါ်တွင် မူးယစ်ဆေးဝါးလက်လီဖြန့်ဖြူးရောင်းချနေကြောင်း သတင်းရရှိခဲ့သည်။

သတင်းအရ တင်မင်းကို(ခ)ပြုံးချို၏ခန္ဓာကိုယ်အား ရှာဖွေစစ်ဆေးရာ ၎င်းဝတ်ဆင်ထားသော အင်္ကျီနှင့်ခန္ဓာကိုယ်အရှေ့ဘက်တွင် ဝှက်ထားသည့် ပလပ်စတစ်ဗူးအတွင်းမှ ဘိန်းဖြူမှုန့်အလေးချိန် ၁၉ ဂရမ်နှင့် ယာဘက်ခါးကြားတွင် လိပ်၍ ဝှက်ထားသည့် ပလပ်စတစ်ဗူးအတွင်းမှ ဘိန်းဖြူမှုန့်အလေးချိန် တစ်ဂရမ် စုစုပေါင်း ဘိန်းဖြူ အလေးချိန် ၂၀ ဂရမ်အား တွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး တင်မင်းကို(ခ)ပြုံးချို(၄၅)နှစ် ပါကွေ့(အောက်)ရွာ လွယ်တော်ခမ်းအုပ်စု တာချီလိတ်မြို့နယ်နေသူအား တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ကြေးမုံ)

မူဆယ်တွင် လောင်းကစားပြုလုပ်သူများအား သက်သေခံပစ္စည်းနှင့်အတူ သိမ်းဆည်းရမိ

မူဆယ် မေ ၁၆

မူဆယ်မြို့နယ်အတွင်း လောင်းကစားမှု လုံးဝကင်းစင်ရေးနယ်မြေအဖြစ် သတ်မှတ်ကာ မေ ၁၄ ရက် ညနေပိုင်းက ရဲအုပ်ကျော်နိုင်ဦးနှင့်အဖွဲ့သည် မူဆယ်မြို့ ကောင်းမူးတုံ ဆင်ဖြူတိုက်တန်း A-10 အား ဝင်ရောက်ရှာဖွေခဲ့ရာ ဦးစိုးမောင်၊ မနန္ဒာ၊ ခိုင်ဆန်းဝင်းတို့ကို လောင်းကစား၌ အသုံးပြုငွေကျပ် ၂၂၃၃၀၀၀၊ ငါးဖမ်းဂိမ်းစက် လေးလုံးနှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး လောင်းကစား ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဆရာမောင်(မူဆယ်)

မော်တော်ယာဉ်များ မီးလောင်မှုသတိပြု

မော်တော်ယာဉ်များအသုံးပြုရာတွင် မောင်းနှင်နေစဉ်နှင့်ရပ်ထားစဉ် ဝါယာရှော့ဖြစ်ခြင်း၊ ကားဂက်(စ်) အိုးအဝင် ပိုက်ဆက်ပြုတ်ရာမှ ဒိုင်နမိုနှင့်ထိ၍ မီးလောင်ခြင်း၊ စက်နှိုးထားစဉ် ဆီထည့်ခြင်း၊ ကာပရိုက်တာ ဆီလျှံခြင်း၊ ကားခေါင်းခန်းအတွင်းခြင်ဆေးခွေထွန်းခြင်း၊ ပူပြင်းသောရာသီကာလ နေ့လယ်ပိုင်းတွင် ပလတ်စတစ်ပုံးများဖြင့် ဆီလှယ်ခြင်း၊ ညအချိန်ကားပြင်နေစဉ် ဖယောင်းတိုင်မီးဖြင့်ကြည့်ရှုခြင်း၊ ဆီထည့်နေစဉ် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းနှင့် မီးပွားထွက်နိုင်သည့်နေရာများတွင် ဆီထည့်ခြင်းတို့ကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ကာ မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ဖော်ပြပါအချက်များ မဖြစ်ပေါ်စေရေးအတွက် သတိပြုရှောင်ကြဉ်ကြရန်၊ မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူငြိမ်းသတ်နိုင်သော ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး (Dry Chemical Powder) အား မော်တော်ယာဉ်တိုင်းတွင် အသင့်ဆောင်ထားသင့်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန။

မိုးကြိုးပစ်ခံရ၍ လူတစ်ဦးသေဆုံး

ငဖဲ မေ ၁၆

မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် မေ ၁၄ ရက် ညနေပိုင်းက ရင်းရှည်ကျေးရွာ အုပ်စု အောင်ချမ်းသာရပ်နေ ဦးစန်းလွင်(၄၅)နှစ်သည် မိုးအနည်းငယ်ရွာသွန်းပြီး လေပြင်းအနည်းငယ်တိုက်ခတ်ချိန်တွင် ၎င်းနေအိမ်၏မြောက်ဘက်ရှိ သရက်ပင်ပေါ်သို့ သရက်သီးခူးနေစဉ် သရက်ပင်နှင့် ပေ ၃၀၀ ခန့်အကွာရှိသောနေရာသို့ လျှပ်စီးလက်ပြီး မိုးကြိုးပစ်ရာ လျှပ်စီးစက်ကွင်းမလွတ်သဖြင့် အမြင့် ၁၅ ပေရှိ သရက်ပင်ပေါ်မှပြုတ်ကျပြီး ဦးခေါင်းနောက်စေ့ညှို့ မဲဖူးရောင်ဒဏ်ရာ တစ်ချက်၊ နောက်ကျောတွင် ပွန်းပဲ့ဒဏ်ရာ၊ ဝဲ၊ ယာခြေသလုံးတို့တွင် ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သဖြင့် ပဒါန်းကျေးရွာ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှုခံယူနေစဉ် ရရှိဒဏ်ရာများကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

မကွေးတိုင်းဒေသကြီးအတွင်း တစ်နေ့တည်း အမျိုးသားနှစ်ဦး ကြိုးဆွဲချသေဆုံး

ဆင်ပေါင်ဝဲ မေ ၁၆

သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ဖောင်အိုင်ရွာတွင် မေ ၁၅ ရက် ညနေပိုင်းက အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံးမှုဖြစ်ပွားခဲ့သည်။ သေဆုံးသူမှာ သန်းဇော် အသက်(၃၇)နှစ် ဖောင်အိုင်ရွာနေသူဖြစ်ပြီး ပြင်ပဒဏ်ရာ မတွေ့ရှိဘဲ သေဆုံးနေသည်ကိုစစ်ဆေးတွေ့ရှိခဲ့သဖြင့် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်နယ်မြေရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အဆိုပါနေ့ ညပိုင်းက ပခုက္ကူမြို့နယ် မြို့စိုးကျေးရွာမှ တန်ကြည့်တောင်ဘုရား ခြေလှေတက်လမ်းရှိဇရပ်တွင် အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံးမှုဖြစ်ပွားခဲ့ရာ သေဆုံးသူမှာ ဦးစိုးဝင်း အသက်(၅၃)နှစ် တန်ကြည်ကျေးရွာနေသူဖြစ်ပြီး ဆက်လက်စစ်ဆေးချက်ရ ၎င်းသည် အရက်အလွန်အကျွံ သောက်စားတတ်ပြီး အရက်ဖြတ်ထားခဲ့သဖြင့် အရက်ကြောင့်ကာ ကြိုးဆွဲချသေဆုံးခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပခုက္ကူ မြို့နယ် မြစ်ခြေနယ်မြေရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

(ကျော်ဇေယျ)

ဒေါ်လာစျေးအတက်ကြောင့် မြန်မာ့စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများ

ဒေါက်တာမောင်အောင်

ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံးဖြစ်သည့် အမေရိကန်ဒေါ်လာစျေး အတက်အကျသည် တစ်ကမ္ဘာလုံးစီးပွားရေးကို ရိုက်ခတ်မှုများရှိမည်ဖြစ်သည်။ ဒေါ်လာစျေးအတက်အကျကြောင့် ကောင်းကျိုးစီးပွားတိုးပွားလာသည့် နိုင်ငံများရှိသလို အကျိုးစီးပွားထိခိုက်စေမည့် နိုင်ငံများလည်းရှိသည်။ ယေဘုယျအားဖြင့်နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်လာလျှင် ၎င်းနိုင်ငံ၏ ငွေကြေးတန်ဖိုးသည်လည်း တက်လာလေ့ရှိသည်။ တစ်ဆက်တည်းမှာပင် နိုင်ငံပိုင်လုပ်ငန်းကြီးများနှင့်နိုင်ငံသားများပိုင် ကုမ္ပဏီကြီးများ၏ စီးပွားရေးတက်လာမှုကြောင့် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးတက်ခြင်း၊ အလုပ်လက်မဲ့များ နည်းပါးခြင်း၊ ငွေဖောင်းပွမှု ထိန်းချုပ်နိုင်ခြင်း အစုရှယ်ယာများစျေးတက်လာခြင်းတို့အပြင် ငွေကြေးမာလာမှုကြောင့် ပြည်သူတိုင်း ဝယ်အားပိုမိုတက်လာခြင်းနှင့် ပိုမိုကြွယ်ဝလာသည့် ကောင်းကျိုးများ တွေ့ရမည်ဖြစ်သည်။

ဘာကြောင့်ဒေါ်လာစျေးတက်လာရသလဲ

၂၀၀၈ ခုနှစ် အမေရိကန်နိုင်ငံမှ စတင်ခဲ့သည့် ဘဏ္ဍာရေးအကြပ်အတည်း (Global Finicial Crisis) ကြောင့် အမေရိကန်စီးပွားရေး ကျဆင်းလာခဲ့ပြီး ဒေါ်လာတန်ဖိုး ကျဆင်းခဲ့သည်။ ၂၀၁၀-၂၀၁၂ ခုနှစ်အတွင်း ဥရောပနိုင်ငံများ ကြွေးမြီပြဿနာ (Debt Problem) ကြောင့် ဥရောပနိုင်ငံများ၏ စီးပွားရေး ရုန်းကန်ခဲ့ရသည်။ သို့သော် အမေရိကန် စီးပွားရေး ၂၀၁၂ ခုနှစ်မှစ၍ ထိရောက်သည့် စီးပွားရေးနလန်ပြန်ထူရေး အစီအစဉ်များကြောင့် ၂၀၁၂ နောက်ပိုင်း အမေရိကန်စီးပွားရေး ပြန်လည်တိုးတက်နလန်ထူလာသလို နိုင်ငံတကာစျေးကွက်များတွင်လည်း ဒေါ်လာငွေကြေး တန်ဖိုး အထိုက်အလျောက် တက်လာခဲ့သည်။ အထူးသဖြင့် ၂၀၁၄ ခုနှစ် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးတိုးတက်မှုနှုန်း (GDP တိုးတက်နှုန်း)ဒုတိယသုံးလပတ်အတွင်း ၄ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့သောကြောင့် ၂၀၀၈ ခုနှစ်နောက်ပိုင်း အမြင့်ဆုံး ဖြစ်လာသည့်အတွက် အမေရိကန်နိုင်ငံအပေါ် နိုင်ငံတကာလုပ်ငန်းရှင်များ၏ ယုံကြည်မှုပိုမိုရရှိလာမှုနှင့်အတူ ရင်းနှီးမြှုပ်နှံမှုများလည်း တိုးမြင့်လာကြောင်း တွေ့ရသည်။

အမေရိကန်ဒေါ်လာသည် အမေရိကန်နိုင်ငံ၏ တရားဝင်ငွေကြေးသာမက နိုင်ငံတကာသုံးငွေကြေးယူနစ်ဖြစ်သောကြောင့် ကမ္ဘာ့ကုန်သွယ်မှု၏ ၆၀ ရာခိုင်နှုန်းကျော်ကို အမေရိကန်ဒေါ်လာနှင့်ပြုလုပ်ထားနေသလို နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ နိုင်ငံတကာငွေကြေးလည်ပတ်မှုများကိုလည်း ဒေါ်လာငွေကြေးကိုသာ အဓိကထားသုံးစွဲနေဆဲဖြစ်သည်။ သို့အတွက် ဒေါ်လာငွေကြေးအတက်အကျသည် နိုင်ငံတိုင်းအတွက် အကျိုးသက်ရောက်မှုများ ရှိမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတိုင်းမှအရန်နိုင်ငံခြားရန်ပုံငွေ (Foreign Reserve) ကိုလည်း ဒေါ်လာနှင့်ရွှေတို့ကို အများဆုံး ထားလေ့ရှိရာဒေါ်လာစျေးနှင့်ရွှေစျေးများ နီးကပ်စွာ ဆက်စပ်နေကြောင်း တွေ့ရသည်။ ယေဘုယျအားဖြင့် (Foreign Reserve) အတွက် ဒေါ်လာနှင့်ရွှေ မည်မျှထားမည်ဆိုသည့်အချက်မှာ ၎င်းတို့၏စျေးနှုန်းအပေါ်မူတည်ပြီး ဒေါ်လာနှင့် ရွှေကို ခိုန်စက်လေ့ရှိသည်။ ထို့အပြင် နိုင်ငံတိုင်းအတွက် ဒေါ်လာသည် တန်ဖိုးထိန်းသိမ်းသိုလှောင်သည့်အရာ (Store of Value) လည်းဖြစ်သည်။ အမေရိကန်ဒေါ်လာ ငွေကြေးအတက်အကျကို ပြဋ္ဌာန်းသည့်အချက်ပေါင်း ၅၀ ခန့်ရှိပြီး အရေးပါသည့် အချက်များမှာ လက်ရှိ အမေရိကန် စီးပွားရေးနှင့် အလားအလာ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နိုင်ငံရေး၊ ဗဟိုဘဏ်၏ မူဝါဒ၊ အတိုးနှုန်း၊ အမေရိကန် ဒေါ်လာဝယ်လိုအားနှင့် ရောင်းလိုအား၊ ငွေဖောင်းပွမှု၊ အစိုးရဘတ်ဂျက်၊ သမ္မတ၏ထင်ပေါ်မူ (President Popularity)၊ အကြမ်းဖက်မှု အခြေအနေ၊ အရင်းအနှီးစျေးကွက်၊ အိမ်ရာစျေးကွက် အခြေအနေ စသည်တို့ကြောင့် ဒေါ်လာစျေး အပြောင်းအလဲကို ဖြစ်စေသည်။

ကမ္ဘာ့စီးပွားရေးကို အဓိကရိုက်ခတ်သည့် စျေးနှုန်းများအနက် ဒေါ်လာ၏ စျေးနှုန်းအတက်အကျအပြင် ရေနံစျေးနှုန်း၊ ရွှေစျေးနှုန်းများသည်လည်း အရေးပါသည့် စျေးနှုန်းများဖြစ်သည်။ ကမ္ဘာ့စီးပွားရေးတွင် ဒေါ်လာစျေးနှင့် ရွှေ၊ ရေနံစျေးများ ဆန့်ကျင်ဘက် ဆက်စပ်မှုများ အမြဲတွေ့ရလေ့ရှိသည်။ ဆိုလိုသည်မှာ ရေနံစျေးနှုန်းတက်လာသည့်အချိန်များတွင် ဒေါ်လာစျေး ကျလာသလို ကမ္ဘာ့ရွှေစျေးနှင့်လည်း ပြောင်းပြန်ဆက် စပ်ကြောင်းတွေ့ရသည်။

၂၀၀၈ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေး အကြပ်အတည်း ကာလနောက်ပိုင်း ကမ္ဘာ့ရွှေစျေးနှုန်း တောက်လျှောက် တက်လာခဲ့သလို ကမ္ဘာ့ရေနံစျေးနှုန်းများ တက်လာခဲ့ပြီး ၂၀၁၁ ခုနှစ်တွင်အမြင့်ဆုံးစျေးနှုန်းများဖြစ်ခဲ့ပြီး ကမ္ဘာ့ရွှေစျေး တစ်အောင်စလျှင် ဒေါ်လာ ၁၉၀၀ ဝန်းကျင်အထိ စံချိန်တင်မြင့်တက်ခဲ့သည်။ ၎င်းနောက်ပိုင်း ကမ္ဘာ့ရွှေစျေးရော ရေနံစျေးနှုန်းပါ ကျဆင်းလာခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ လက်ရှိကာလများတွင် ရေနံတိုးချဲ့ထုတ်လုပ်နိုင်မှုကလည်း OPEC ဟု ခေါ်သည့် ရေနံထုတ်လုပ်တင်ပို့သောနိုင်ငံများ၏ လက်ဝါးကြီးအုပ် စျေးနှုန်းလွှမ်းမိုးထားနိုင်မှုကို တန်ပြန်နိုင်မှုကြောင့်လည်း ဖြစ်သည်။

ထို့အတွက် USSစျေးတက်ခြင်းသည် တစ်ကမ္ဘာလုံးရှိ စျေးကွက်တိုင်းတွင်ဖြစ်ပေါ်နေပြီး ကမ္ဘာ့တစ်ဝှမ်းလုံးနှင့် စီးပွားရေးပေါင်းစည်းမှုများလေ ရိုက်ခတ်မှုများလေ ဖြစ်သည်။ အမေရိကန်၏ စီးပွားရေး ယခင်ကထက် တိုးတက်မှုများရှိလာခြင်းသည် ဒေါ်လာစျေးတက်ခြင်း၏ အခြေခံအကြောင်းတရားပင်ဖြစ်သည်။ အခြားဆက်နွယ်နေသည့် အကြောင်းများမှာ နိုင်ငံတကာကုမ္ပဏီများ အမေရိကန်တွင် ပိုမိုရင်းနှီးမြှုပ်နှံလိုမှုကြောင့် အမေရိကန်ဒေါ်လာ ပိုမိုဝယ်ယူလေ စျေးတက်လေဖြစ်သည်။ ထို့ပြင် နိုင်ငံတိုင်းထားသည့် အရန်ရန်ပုံငွေ (Foreign Reserve) တွင်လည်း ဒေါ်လာ ခိုင်မာလာမှုနှင့်အတူ ယုံကြည်မှုပိုမိုရရှိလာသည့်အတွက် ရွှေအစားဒေါ်လာပိုမိုကိုင်ဆောင်လာမှုကြောင့် ကမ္ဘာ့ဒေါ်လာစျေး တက်လာခြင်းဖြစ်သည်။

ဘာကြောင့် မြန်မာနိုင်ငံတွင် ဒေါ်လာစျေးတက်ရသလဲ

ကမ္ဘာတစ်ခုလုံးနှင့်စီးပွားရေးပေါင်းစည်းမှုတိုးပွားလာသည့် မြန်မာနိုင်ငံတွင်လည်း အကျိုးသက်ရောက်မှုများ ရှိကြောင်း တွေ့ရသည်။ အမေရိကန်ဒေါ်လာစျေးသည် ယမန်နှစ်ဇူလိုင်လမှစပြီး တက်ရိပ်ပြလာရာမှ စက်တင်ဘာလအ တွင်း သိသိသာသာ တက်လာခဲ့သည့်အတွက် တစ်ဒေါ်လာ စျေးနှုန်း ကျပ်တစ်ထောင်ကျော်သို့ရောက်ရှိနေပြီဖြစ်သည်။ စာရင်းဇယားများအရ ၂၀၀၇ ခုနှစ်တွင် ဒေါ်လာစျေး ကျပ် ၁၃၆၅ ဝန်းကျင် အထိရှိခဲ့ပြီးနောက် ဒေါ်လာစျေး ပြန်ကျလာကာ အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် အနိမ့်ဆုံး ၇၂၅ ကျပ်အထိ ကျဆင်းခဲ့သည်။ ယခုအမြင့်ဆုံးစျေးနှုန်းဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံတွင်ဒေါ်လာစျေး သိသိသာသာတက်လာရခြင်းမှာ ကမ္ဘာတစ်ဝန်းလုံးနှင့် ပေါင်းစည်းမှုများလာသည့် မြန်မာနိုင်ငံအတွက်လည်း ကမ္ဘာ့စီးပွားရေးတွင် ဖြစ်ပေါ်နေသည့်အတိုင်း မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အမေရိကန်၏ စီးပွားရေးနာလန်ထူလာမှုကြောင့် နိုင်ငံတကာစျေးကွက်များတွင် အမေရိကန်ဒေါ်လာ စျေးနှုန်းမြင့်လာသလို မြန်မာနိုင်ငံ၌လည်း မြင့်လာခြင်းသည် အခြေခံအကြောင်းရင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒေါ်လာစျေးတိုးမြင့်မှုအားပေးနေသည့် အချက်များ သို့မဟုတ် မြန်မာနိုင်ငံအတွင်း ဒေါ်လာဝယ်လိုအားနှင့် ရောင်းလိုအား ကြည့်မည်ဆိုလျှင် ဒေါ်လာဝယ်လိုအား ပိုများနေမှုကြောင့် ဖြစ်သည်။ဝယ်လိုအားဘက်မှ သုံးသပ်လျှင် ပို့ကုန်သွင်းကုန်ချိန်စက်မှုအရကြည့်သော် သွင်းကုန်တန်ဖိုးက ပို့ကုန်တန်ဖိုးထက် များသောကြောင့် ဒေါ်လာဝယ်လိုအား ပိုများမည်ဖြစ်သည်။ တစ်ဘက်တွင်လည်း ဒေါ်လာရောင်းလိုအားအရ ကြည့်သော် ပို့ကုန်များသာမက နိုင်ငံခြားဝင်ငွေဖြင့်ရရှိသော ဝန်ဆောင်မှုပို့ကုန်များဖြစ်သည့် ဟိုတယ်နှင့်ခရီးသွားလာရေး၊ အဆောက်အအုံနှင့်ဌားရမ်းခများ၊ နိုင်ငံခြားကုမ္ပဏီကြီးများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအပြင် နိုင်ငံတကာသွားရောက်အလုပ်လုပ်ကိုင်ကြသည့် ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပြောင်းငွေများစသည်တို့ အကျုံးဝင်ပါသည်။ လက်ရှိကာလများအတွင်း အရေးပါသည့် နိုင်ငံခြားမှ လွှဲပြောင်းငွေများ၊ ကျဆင်းမှုများ ရှိလာရခြင်းမှာ ထိုင်းနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲ၊ တင်းကြပ်လာသည့် မလေးရှားလုပ်ငန်းအခြေအနေများနှင့် ဆက်စပ်နေပါသည်။

ဒေါ်လာစျေးအတက်ကြောင့် အကျိုးသက်ရောက်မှုများ

ဒေါ်လာစျေးအတက်ကြောင့် မြန်မာ့စီးပွားရေးအပေါ်ရိုက်ခတ်မှုတွင် ကောင်းကျိုးများရှိသလို ဆိုးကျိုးများလည်း ဖြစ်ပေါ်နိုင်သည်။ ဆိုးကျိုးများနှင့်အတူ ဒေါ်လာစျေးတက်လာမှုကြောင့်သွင်းကုန်များ၏ တန်ဖိုးများမြင့်တက်စေပြီး ငွေဖောင်းပွနှုန်း တိုးတက်စေမည်ဖြစ် ၍ ပြည်သူများ၏ ဝယ်ယူနိုင်စွမ်းအား (Purchasing Power) ကျဆင်းမှုကြောင့် ထိခိုက်နိုင်ပေသည်။သို့သော် တကယ့်လက်တွေ့တွင် ထိုခိုက်နိုင်မှု အတိမ်အနက်မှာမူ တင်သွင်းနေသည့်ကုန်စည်အမျိုးအစားနှင့် တိုက်ရိုက်ဆက်စပ်ပေသည်။ ထို့အတွက် လက်ရှိတင်သွင်းနေသည့် သွင်းကုန်အမျိုးအစားအလိုက် ကြည့်သော် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း (Investment Goods)၊ ဟူ၍ သုံးပိုင်းရှိပြီးယမန်နှစ်တင်သွင်းမှုတန်ဖိုး (စက်တင်ဘာလ တတိယပတ်အထိ) တန်ဖိုးဒေါ်လာ ၇ဒသမ ၇၆ ဘီလီယံအနက် ရင်းနှီးမြှုပ်နှံမှုကုန်စည်တန်ဖိုး ၃ ဒသမ ၅၈ ဘီလီယံ ၄၆ ရာခိုင်နှုန်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တန်ဖိုးဒေါ်လာ ၂ ဒသမ၅၆ ဘီလီယံ ၃၆ ရာခိုင်နှုန်းနှင့် လူသုံးကုန်ပစ္စည်း တန်ဖိုးဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံ ၁၈ ရာခိုင်နှုန်းခန့် အသီးသီးဖြစ်သည်။ ရင်းနှီးကုန်ပစ္စည်းများတွင် ယာဉ်ယန္တရားကြီးများ၊ စက်နှင့်စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ၊ ယာဉ်နှင့်သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊ သံ၊ သံမဏိနှင့်စတီးများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းများနှင့် ဘိလပ်မြေစသည်တို့ အဓိကပါဝင်ပြီးလုပ်ငန်းသုံးကုန်ကြမ်းတွင် ဒီဇယ်၊ ဓာတ်ဆီ၊ စားအုန်းဆီနှင့်ဓာတ်မြေသြဇာတို့ အများဆုံးပါဝင်သည်။ လူသုံးကုန်အုပ်စုတွင် နွေဆီ၊ နွေဓိမ်း၊ နွေမှန့်၊ ဆေးဝါးနှင့် ဂျုံစျေးတို့အဓိက ပါဝင်သည်။ ရင်းနှီးကုန်စည်များအနက် ပြန်လည်ထုတ်ယူနိုင်သည့် (Draw Back) အကြီးစားဆောက်လုပ်ရေးဆိုင်ရာ စက်ယန္တရားများ၊ အကြီးစားယာဉ်ယန္တရားများမှာ (Project) တည်ဆောက်ရေးအတွက်သာ တင်သွင်းခြင်းဖြစ်ပြီး (Project) ပြီးပါက ပြန်လည်ထုတ်ယူသွားမည်ဖြစ်သည့်အတွက် ငွေကြေးအားဖြင့် လက်တွေ့မပေးချေရဘဲ စာရင်းမှတ်သည့်သဘောသာဖြစ်သည်။ ဆိုလိုသည်မှာ ရင်းနှီးကုန်စည်ကြောင့် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်နေမှုကို ပူစရာမလိုပေ။

ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ထုတ်လုပ်မှုစွမ်းအားရှိသည့် တန်ဖိုးမြင့်ဆင့်တက် ပြုပြင်လုပ်ငန်းများနှင့်စက်မှုလုပ်ငန်းများ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာ ကုမ္ပဏီကြီးများ၊ အထူးဖိတ်ခေါ်နေချိန်ဖြစ်သလို လက်ရှိကာလများအတွင်း ဝင်ရောက်လာသည့် FDI လုပ်ငန်းအများစုသည် ထုတ်လုပ်မှုကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံရန်ဝင်ရောက်လာခြင်း၊ သီလဝါ SEZ နှင့်ထားဝယ် SEZ ဆောက်လုပ်ရေးလုပ်ငန်းများ စတင်လာခြင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ ချမှတ်ပေးထားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများ၊ ဟိုတယ်ကြီးများ၊ ဆိပ်ကမ်းများ၊ လေဆိပ်များ၊ ကွန်ဒိုမီနီယံများအပြင် အခြေခံအဆောက်အအုံများဖြစ်သည့်လမ်း၊ တံတားများ၊ လျှပ်စစ်၊ ရထားကဏ္ဍတိုင်းတွင် တည်ဆောက်ပြုပြင်မှုများကြောင့် ရင်းနှီးကုန်စည်များ မဖြစ်မနေ တိုးချဲ့တင်သွင်းရမည်ဖြစ်သည်။ ယနေ့ ရင်းနှီးကုန်များများတင်သွင်းမှသာ နောင်တစ်ချိန်တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်မှုနှင့်အတူ တန်ဖိုးမြှင့်ပို့ကုန်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝန်ဆောင်မှုပို့ကုန်များ၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာမှုတို့မှ တစ်ဆင့် ရေရှည်တိုးတက်ဖွံ့ဖြိုးလာနိုင်မည်ဖြစ်၍ ယခုကာလများအတွင်း ရင်းနှီးကုန်စည်များ၊ တိုးချဲ့တင်သွင်းလာခြင်းသည် တိုင်းပြည်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် ကောင်းသည့်လက္ခဏာပင်ဖြစ်သည်။

လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်သည့် ဒီဇယ်၊ ဓာတ်ဆီ၊ စားအုန်းဆီ၊ ဓာတ်မြေသြဇာ စသည့် ကုန်ပစ္စည်းများ စျေးတက်ခြင်းသည် ထုတ်လုပ်မှုစရိတ်၊ သယ်ယူပို့ဆောင်စရိတ်၊ စားသုံးမှုစရိတ်များ တက်စေ၍ အထွေထွေကုန်ကျနှုန်းတက်စေမည်ဖြစ်သည်။ လူသုံးကုန်စည်များ စျေးနှုန်းတက်မှုသည် စားသုံးသူများ ထိခိုက်နိုင်သည် ဆိုသော်လည်း လက်ရှိတင်သွင်းနေသည့် လူသုံးကုန်ပစ္စည်းများမှာ အဓိကကျသည့် စားသောက်ကုန်များ မဟုတ်သောကြောင့် အများကို မထိခိုက်နိုင်ပေ။ ဆိုလိုသည်မှာ လက်ရှိသွင်းကုန်အများစုသည် ရင်းနှီးကုန်စည်များဖြစ်၍ ဒေါ်လာစျေးတက်မှုကြောင့် လက်ရှိကုန်စျေးနှုန်းကို မထိခိုက်စေသည့်အပြင်သွင်းကုန်က ပို့ကုန်ထက်များခြင်းဖြစ်ကြောင်း ကုန်သွယ်မှုလိုငွေပြုနေမှု စိုးရိမ်စရာမလိုဘဲ ရေရှည်တိုးတက်ဖွံ့ဖြိုးရေးအတွက် အားပေးကြောင်း တွေ့ရသည်။

ဒေါ်လာစျေးတက်မှုကြောင့် ပို့ကုန်ကဏ္ဍအတွက် ပိုမိုတိုးတက်စေရန် ကြီးမားသည့် တွန်းအားပေးမှုတစ်ရပ်ပင်ဖြစ်သည်။ ဒေါ်လာစျေးတက်ခြင်း(သို့မဟုတ်) မြန်မာ့ကျပ်ငွေတန်ဖိုးလျော့လာခြင်းဖြစ်သည်။ မြန်မာပို့ကုန်ပစ္စည်များ စျေးချိုလာသည့်အတွက် ပိုမိုဝယ်ယူစေဖို့ ဆွဲဆောင်မှုဖြစ်စေသည်။ ဆိုလိုသည်မှာ ပို့ကုန်မြင့်တင်ရေးလုပ်ဆောင်ရာတွင် အခြေခံမူတစ်ရပ်မှာ ပြည်တွင်းငွေကြေးတန်ဖိုးလျော့နည်းခြင်း၊ တစ်နည်းအားဖြင့် ဒေါ်လာတန်ဖိုးမြင့်လေ ပို့ကုန်တင်ပို့နိုင်မှု အားကောင်းလေ ဖြစ်သည်။ အထူးသတိပြုရမည့်အချက်မှာ ရောင်းဝယ်မှုများ ပိုမိုပြုလုပ်နိုင်ရေးအတွက် တည်ငြိမ်သောပြောင်းလဲမှုဖြစ်အောင် ထိန်းသိမ်းရန် လိုအပ်ပါသည်။ အတက်အကျမကြမ်းစေရန်နှင့်လွန်ကဲသည့် ပြောင်းလဲမှုများ မဖြစ်ပေါ်စေရန် ထိန်းကျောင်းရမည်ဖြစ်သည်။

အမှန်တကယ်မူ မြန်မာ့ပို့ကုန်များတွင် သဘာဝတ်ငွေနှင့် ကျောက်မျက်ပို့ကုန်များမှလွဲ၍ ကျန်ပို့ကုန်အများစုမှာ လယ်ယာ၊ သား၊ ငါး၊သစ်တော၊ အခြေပြုပို့ကုန်များနှင့် CMP အထည်ချုပ်ပို့ကုန်များသာဖြစ်၍ အဆိုပါ ပို့ကုန်များ ဖွံ့ဖြိုးတိုးတက်လာလျှင် မူလထုတ်လုပ်သူ အခြေခံဆင့်မှ ကုန်ထုတ်မှုလမ်းကြောင်း (Supply Chain) တစ်လျှောက် အကျိုးကျေးဇူး ဖြစ်စေသောကြောင့် လူမှုစီးပွားရေး၊ အကျိုးသက်ရောက်မှု (Social econo mic impact)များသည် ပို့ကုန်များလည်း ဖြစ်သည်။ ထို့အတွက် အဆိုပါပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ခြင်းဖြင့် ပို့ကုန်မြင့်တင်နိုင်စွမ်း မြင့်မားလာသည်နှင့်အညီ ကျေးလက် ဆင်းရဲမှုကိုပါ သိသိသာသာ လျော့ချနိုင်မည်ဖြစ်သည်။ လက်ရှိပို့ကုန်များအနက် ရေထွက်ပို့ကုန်အနေဖြင့် အစာစျေးနှုန်းကြီးမြင့်မှုနှင့် ထုတ်လုပ်မှုစွမ်းအား နိမ့်ကျမှုတို့ကြောင့် ရေထွက်ပို့ကုန်လုပ်ငန်းများ ရုန်းကန်နေရသည့်ကာလဖြစ်သည်။ တွက်ချက်မှုများအရ ရေထွက်ပို့ကုန်လုပ်ငန်းများ အကျိုးကျေးဇူးရှိမည့်ငွေလဲလှယ်နှုန်းမှာအနည်းဆုံးဒေါ်လာစျေးကျပ်တစ်ထောင်အထက်မှသာ ရှင်သန်တိုးတက်နိုင်ကြောင်း တွေ့ရသည်။ မည်သို့ပင်ဖြစ်စေ ဒေါ်လာစျေးအတက်သည် မြန်မာ့ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်မှုကို တစ်ဘက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သည်။ အချုပ်ဆိုရသော် ဒေါ်လာစျေးအတက်သည် မြန်မာ့စီးပွားရေးနှင့် ပြည်သူများ (စားသုံးသူများ)ကို လက်ငင်းထိခိုက်မှုနှင့်အကျိုးပြုမှုများရှိသော်လည်း အကျိုးပြုမှုက ထိခိုက်မှုထက်ပိုမိုများကြောင်း တွေ့ရှိရသည်။ ယခုထက် ထိရောက်သည့် ပို့ကုန်မြင့်တင်ရေးနည်းလမ်းများဖြင့် လုပ်ဆောင်နိုင်မည်ဆိုလျှင် "ဒေါ်လာစျေးအတက် ပို့ကုန်တိုးတက်ရန် အချက်" ဖြစ်လာနိုင်ပေသည်။ ။

မြန်မာနိုင်ငံတွင်ဒေါ်လာစျေး သိသိသာသာတက်လာရခြင်းမှာ ကမ္ဘာတစ်ဝန်းလုံးနှင့် ပေါင်းစည်းမှုများလာသည့် မြန်မာနိုင်ငံအတွက်လည်း ကမ္ဘာ့စီးပွားရေးတွင် ဖြစ်ပေါ်နေသည့်အတိုင်း မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေခြင်းဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာ ပေးဆင့်ပွားသင်တန်းခရမ်းမြို့တွင်ဖွင့်လှစ်

ခရမ်း မေ ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှ ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းကို မေ ၁၁ ရက်နံနက် ၉ နာရီက ခရမ်းမြို့နယ်ရဲတပ်ဖွဲ့ ရဲရန်နိုင်ခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ခရမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ ခရမ်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးမောင်သာစိန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလွင်ရဲ၊ စခန်းမှူးများ၊ သင်တန်းနည်းပြအရာရှိများ၊ သင်တန်းသားစုစုပေါင်း ၃၅ ဦးခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့ မှူး ရဲမှူးကြီးလွင်ရဲက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးမောင်သာစိန်က ရွေးကောက်ပွဲအေးချမ်းစွာ အောင်မြင်နိုင်စေရေးနှင့်ပတ်သက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ရဲတပ်ဖွဲ့မှ ပါဝင်ကူညီဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းကို မေ ၁၁ ရက်မှမေ ၁၅ ရက်ထိ ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှ သင်တန်းသား ၂၅ ဦးဖြင့် ဖွင့်လှစ်ကြောင်း သိရသည်။

ကိုမင်း(ခရမ်း)

မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ညောင်ရွှေမြို့နယ်တွင် ဆောင်ရွက်ပေး

ညောင်ရွှေ မေ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ ကေလာကျေးရွာအုပ်စုတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူ ၈၆၀ ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းအောင်နှင့် ဦးအောင်ကြည်ဝင်း၊ ဒုတိယပြည်နယ်ဦးစီးဌာနမှူး ဦးမြင့်ကို ကိုနှင့်တာဝန်ရှိသူများက ဒေသခံပြည်သူများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

နေမျိုးသူရိန်

ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ပန်ဝါမြို့နယ်ရှိ မြို့မိမြို့ဖများ နှင့် ဝန်ထမ်းများအား တွေ့ဆုံ

ပန်ဝါ မေ ၁၆

ကချင်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်းသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ လိုက်ပါလျက် မေ ၈ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားခရိုင် ပန်ဝါမြို့နယ်သို့ ရောက်ရှိပြီး ဒေသကုန်သွယ်ရေးရုံးခန်းမ၌ ပြည်နယ် ဝန်ကြီးက ဒေသခံမြို့မိမြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ချီဖွေမြို့နယ်၊ ပန်ဝါမြို့နယ်အုပ်ချုပ်ရေးမှူးတို့က မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆောင်ရွက်ရမည့်အခြေအနေများကို တင်ပြကြသည်။

ယင်းနောက် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည့် ဌာနဆိုင်ရာဝန်ထမ်းများ ဒေသခံပြည်သူများ၏ ဒေသအတွင်းလိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် သက်ဆိုင်ရာပြည်နယ်မှူးများက ပန်ဝါဒေသအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်လိုသည့် ပြည်သူများအား နည်းပညာများ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်ဒေသခံများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြည်နယ်ဝန်ကြီးနှင့်သက်ဆိုင်ရာတာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပန်ဝါ(ဖြန်/ဆက်)

တောင်သာမြို့ဌရေဖြန့်ဝေနိုင်ရန် ရေကားထပ်မံရောက်ရှိ

မန္တလေး မေ ၁၆

ရာသီဥတုဖောက်ပြန်မှုကြောင့် သောက်ရေအခက်အခဲဖြစ်ပေါ်နေသော တောင်သာမြို့တွင် လက်ရှိဖြန့်ဝေနေသောရေကားများကို အထောက်အကူဖြစ်ပေါ်စေရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ရေဂါလန် ၁၂၀၀ ဆံ့ရေကားတစ်စီးနှင့် သွားလာဖြန့်ဝေနိုင်ရန်အတွက် စက်သုံးဆီဂါလန် ၁၀၀ ကို မေ ၁၄ ရက်က ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းကားဖြင့် ရေဖြန့်ဝေရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်သာမြို့၏ နွေရာသီကာလသည် လွန်စွာရှည်လျားကြောင်း၊ မိုးရွာသွန်းမှုသည် အစောဆုံးစက်တင်ဘာလရောက်မှသာ ဖြစ်ကြောင်းသိရသည်။

တောင်သာမြို့နှင့် (၉)မိုင်ခန့်ကွာဝေးသည့် ဖက်တော ကျေးရွာတွင် သြစတြေးလျှနိုင်ငံ၏ အကူအညီဖြင့် တူးဖော် စမ်းသပ်ပြီး ရေတွင်းများရှိကြောင်း၊ တောင်သာမြို့နယ်၊ မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ် သုံးမြို့နယ်ရေပေးဝေနိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ရေထွက်အားနှင့် သောက်သုံးနိုင်ရန် ရေကောင်းမွန်ကြောင်း သိရသည်။

တောင်သာမြို့ ရေရှည်သောက်ရေဖူလုံစေရန်အတွက် ၎င်းစမ်းသပ်ပြီးသောရေတွင်းများမှ ဆောင်ရွက်ပေးနိုင်ရန် ဆွေးနွေးတင်ပြထားကြောင်း မြို့နယ်အထောက်အကူပြုကော်မတီဝင် ဦးစိန်မောင်က ပြောသည်။

ဥဩသံ(တောင်သာ)

အထွက်ကောင်းနှမ်းမျိုးဖြန့်ဖြူးရောင်းချပေး

ထီးလင်း မေ ၁၆

ယခင်နှစ်က ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် မိုးနည်း၍ နှမ်းအထွက်နည်းခဲ့ပြီး နှမ်းမျိုးကအစ အခက်အခဲကြုံခဲ့ရသဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည် ပြည်ပစျေးကွက်ဝင်သည့် အထွက်ကောင်းမျိုးများဖြစ်သော စမုံနက်နှမ်းမျိုးနှင့် ဆင်းရတနာ (၁၃) နှမ်းမျိုးများကို တောင်သူများထံ လက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အဆိုပါနှမ်းမျိုးများ အနက် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ်ခြောက်သောင်းလေးထောင်ဖြစ်၍ ဆင်းရတနာ(၁၃) နှမ်းမျိုးမှာ တစ်တင်းလျှင် ကျပ်ခြောက်သောင်း၀ါးထောင်ဖြစ်ကြောင်း သိရသည်။

(၄၆၅)

(၁၄)ကြိမ်မြောက် တရားစခန်းဖွင့်လှစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ပျဉ်ထောင်ကျောင်းကျေးရွာရှိ အောင်ဗောဓိ မြေဇင်း တောရရိပ်သာတွင် (၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်) ၇-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့)မှစ၍ ၂၀-၇-၂၀၁၅ရက် ထိ (၄၅) ရက်တရားစခန်းကို မြေဇင်း(တောရ) ဆရာတော်ကြီး၏ တပည့် ဘုတလင်ဆရာတော် ဦးကွန်ဒိုဗလနှင့် ဆရာတော်ဦးကုမာရတို့မှ ကန္ဒီနည်းဥပနိသယအတိုင်းညွှန်ကြားပြသမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်လိုသောယောဂီအပေါင်းသည် အောက်ပါဖုန်းနံပါတ်များသို့ စာရင်းပေးသွင်း နိုင်ပါသည်။

(ဖုန်း-၀၉-၇၉၉၄၃စစာ၁၊ ၀၉-၇၉၅၆၂၀၆၁၊ ၀၉ ၇၃၁၅၂၆၅၄)

ထိုက်သွက်
ပေ(၄၀×၆၀)ဒဂုံတောင်
စက်မှုဇုန်(၆၄)ရပ်ကွက်၊
အင်းတော်လမ်းရေမီးစုံ
01-549138
09250357900

t jrea&mi;rn
တစ်နှစ်ခွဲခန့် အသုံးပြုပြီး အသစ်နီးပါးကောင်းမွန်သော Ultrasound, X-ray, ECG နှင့် ဆေးရုံသုံးပစ္စည်းမျိုးစုံရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း
09-799570677,
09-799570580

ကနဲ့ကွက်နိုင်ခြင်းကြောင့်ငြား
ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်းနှင့် မန္တလေးလမ်းထောင့်၊ အမှတ် (၅၃) ဟု ခေါ်တွင်သော (၂) ခန်းတွဲ (၈) ထပ်ခွဲတိုက်၏ မန္တလေးလမ်းဘက်ခြမ်း၊ ၅-လွှာ (စတုတ္ထထပ်) တိုက်ခန်းကို ကွန်ဒိုမီ၏ မိတ်ဆွေမှ အပြီးအဝိုင်လွဲပြောင်းဝယ်ယူမည်ဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းတွင် အကျိုးသက်ဆိုင်သူမည်သူမဆို ဤကြော်ငြာပါသည့် နေ့မှ (၇) ရက်အတွင်း ကွန်ဒိုပ်ထံ တရားဝင်ကန့်ကွက်နိုင်ပါသည်။
ဒေါ်သစ်သစ်မြင့်အောင် (စဉ်-၃၁၁၅)
အထက်တန်းရှေ့နေ
LWIN & ASSOCIATES LAW FIRM
ရုံးခန်းအမှတ် (၈၄)၊ ပထမထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
09-5061624, 09-250642516
www.lwinlawfirm.com.

jcEi t r tjrea&mi;rn
လှိုင်မြို့နယ် မြကန်သာအိမ်ရာ၊ မြကန်သာ ၃ လမ်းအနီး ပေ ၅၀×ပေ ၆၀ ခြံနှင့် RC နှစ်ထပ်တိုက်ရောင်းမည်။ ညှိနှိုင်းစျေး ကျပ်သိန်း ၉၀၀ ခန့် သို့မဟုတ် တစ်လအငှား ကျပ် ၂၂ သိန်း
ဆက်သွယ်ရန်ဖုန်း- ၀၉၂၅၃၃၆၀၄

ခွေးခေတင်းမည်ကျိုးကောင်းမျိုးသန့်
Pug
Shih tzu
pekingese
chihuahua
labrador
Great Dane
Domberman
အင်းခွေးမျိုးကောင်းမျိုးသန့် ရောင်းမည်၊ Ph: 09 - 253389956

မြရောကုမ္ပဏီလီမိတက်မှ ဝန်ထမ်းအမြန်အလိုရှိသည်
Accountant ကျား/မ(၁)ဦး-အခြေခံလစာ-၁၅၀၀၀၀/-
ဆက်သွယ်ရန်ဖုန်း-၀၉- ၄၂၁၁၄၄၇၂၂

CNG နေ့ယာဉ်မောင်း
အလိုရှိသည်
၁၃၀၀၀ ကျိုက္ကဆံရပ်ကွက်
ဖုန်း-၀၉ ၄၃၁၀၉၂၀၁

အမြန်ရောင်းမည်
(အထူးလျှော့ဈေး)
သယံနီးကျွန်း၊ သမာဓိ (၁)လမ်း (၉) တာ၊ ၁၂ပေခွဲ×၄၅ပေ၊ ရေမီးစုံ ပြင်ဆင်ပြီး အသင့်အနေ၊ (တိုက်သစ်) ဈေး-ဈေး (၂၄၈)သိန်း
ဖုန်း ၀၉၅၃၃ဂ၆ခ၆၄၊ ၀၉၅၇၃၂၂၀၁၀ခ၆

Grade 2
Addition
မူလတန်းကလေးများအတွက်
ပေါင်းခြင်းဆိုင်ရာ
သချာလေ့ကျင့်ခန်းများ
Subtraction
မူလတန်းကလေးများအတွက်
နုတ်ခြင်းဆိုင်ရာ
သချာလေ့ကျင့်ခန်းများ
ထွက်ပြီ
ရတနာမုံစာအုပ်တိုက်
အမှတ် ၄၆/၁၊ ဝိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၃၇၃၇၆၁ ၊ ၀၉ ၂၅၄၀၃၁၈၈၇

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊
ရေကူးအသံလွှင့်စက်ရုံဝင်းနေရာတွင်
မီဒီယာနှင့်ပတ်သက်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့်လက်ရှိ
အသံလွှင့် စက်ပစ္စည်းများကို ပြောင်းရွှေ့ တည်ဆောက်ရေး
စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားပိုင် ရေကူးထပ်ဆင့်လွှင့်စက်ရုံဝင်းနေရာသည် လူနေထူထပ်သည့် နေရာသို့ရောက်ရှိလာပြီး Radio Frequency Radiation ကြောင့် ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်းနှင့် မြို့ပြအဆောက်အအုံများကြောင့် အသံထုတ်လွှင့်မှုပိုင်းဆိုင်ရာ အနှောင့်အယှက်များဖြစ်ပေါ်စေခြင်းစသည်တို့ကြောင့် လက်ရှိတည်ဆောက်ထားသည့် စက်ရုံ၊ စက်ပစ္စည်းနှင့်ဝန်ထမ်းအိမ်ရာများကို ထပ်ဆင့်လွှင့်စက်ရုံများအတွက် သင့်လျော်သောနေရာသို့ ပြောင်းရွှေ့နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ရေကူးစက်ရုံဝင်းအတွင်း မီဒီယာဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ခွင့်ရမည်ဖြစ်ရာ ဆောင်ရွက်လိုသော ပြည်တွင်းကုမ္ပဏီများအား တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) တည်နေရာ။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရေကူးအသံလွှင့်စက်ရုံဝင်းမြေနေရာ

(ခ) မြေဧရိယာ။ လက်ရှိ Studio များ၏ မြေနေရာချန်လှပ်ပြီး ကျန်မြေက(၈၀)ကျော်

၂။ တင်ဒါပုံစံများကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့ တွင် ငွေကျပ် (၁၀၀၀၀၀၀/-)(ကျပ်ဆယ်သိန်းတိတိဖြင့်) (၁၈-၅-၂၀၁၅) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူ နိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာကို(၁၉-၆-၂၀၁၅) ရက်နေ့ (၁၄:၀၀)နာရီ နောက်ဆုံးထား၍ မြန်မာ့အသံနှင့်ရုပ်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ဆောင်ရွက်လိုသည့် အသေးစိတ်စီမံချက်နှင့် အတူတင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ ဖုန်းနံပါတ် (၀၆၇-၇၉၄၅၅၊ ၀၆၇-၇၉၄၇၄၊ ၀၆၇-၇၉၄၄၃) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ e-mail လိပ်စာ management.mrtv.npt@gmail.com သို့လည်းစုံစမ်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန အဆောက်အအုံများ
ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီ

တစ်ပတ်အတွင်း ထူးခြားသတင်းပုံရိုက်များ

ဝန်ကြီးချုပ်မိုဒီ တာရာကေ့တား စစ်သည်တော်အရုပ်များကို ကြည့်ရှုနေစဉ်။

မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနေနေ့တိုင်း နိုင်ငံတကာသတင်းပုံရိုက်များကို ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

အာရှပြိုင်ဘက်နိုင်ငံများ
စီးပွားရေးအရ မိတ်ကျွမ်းဝင်

ပန်းခ

အာရှတိုက်၏ ထွန်းသစ်စ အင်အားကြီးနိုင်ငံများအကြား ဆက်ဆံရေးနွေးထွေးလာမှု၏ ပြယုဂ်အဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် နရေန္ဒြာမိုဒီတို့ မေ ၁၄ ရက်က တရုတ်နိုင်ငံ ရှန်စီးပြည်နယ် မြို့တော်စီယန်ရှိ နိုင်ငံတော်ဧည့်ဂေဟာ၌ ဆွေးနွေးခဲ့ကြလေသည်။

ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံကြီးနှစ်နိုင်ငံမှ ခေါင်းဆောင်များ အကြား ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်လာကြခြင်းဖြင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများ ဖြစ်ပေါ်လာပေလိမ့်မည်။

စုစုပေါင်း လူဦးရေ ၂ ဒသမ ၆ ဘီလီယံနေထိုင်ရာ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် ပြိုင်ဘက်နိုင်ငံများအဖြစ် ဆက်လက်ရပ်တည်နေကြပြီး ကွဲပြားခြားနားသော နိုင်ငံရေးစနစ်များကို အသီးသီးကျင့်သုံးနေကြလေသည်။

သမ္မတရှီကျင့်ဖျင်နှင့် ဝန်ကြီးချုပ်မိုဒီတို့သည် ခေတ်ပြိုင်သမိုင်းတွင် ဘုန်းတန်ခိုးတေဇာ အကြီးမားဆုံး နိုင်ငံ့ခေါင်းဆောင်များအဖြစ် ကမ္ဘာက အသိအမှတ်ပြုခံထားကြရသူများ ဖြစ်ကြပြီး နှစ်နိုင်ငံပြည်သူများ၏ အကျိုး စီးပွားအလို့ငှာ မဟာဗျူဟာမြောက် မိတ်ဘက်ဆက်ဆံရေး ထူထောင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်ဟု ရှုမြင်ရလေသည်။

ထိပ်သီးဆွေးနွေးပွဲ မပြုလုပ်မီ အစောပိုင်းတွင် တရုတ်နိုင်ငံ၏ နာမည်ကျော် တာရာကေ့တား စစ်သည်တော်အရုပ်များကို ခင်းကျင်းပြသရာ ပြတိုက်သို့ ဝန်ကြီးချုပ်မိုဒီသွားရောက်ခဲ့ပြီး သက္ကတဘာသာစကားမှ ဘာသာပြန်ဆိုထားသော ကျမ်းစာများရှိရာ ပဋ္ဌကတ်တိုက် တည်ရှိသည့် ဗုဒ္ဓဘာသာ ကျောင်းတော်ရာသို့လည်း သွားရောက်လေ့လာခဲ့သည်။ တရုတ်နှင့် အိန္ဒိယနိုင်ငံအကြား ရှေးကျေးမှုအရ ဆက်နွယ်မှုရှိခဲ့ပုံကို ပြန်ပြောင်းသတိရစရာဖြစ်ပြီး ဆက်ဆံရေးပြန်လည်နွေးထွေးမှုကို ဖော်ကျူးနေသည်။

ဝန်ကြီးချုပ်မိုဒီ၏ မော်တော်ယာဉ်တန်းရောက်လေရာ အရပ်တို့တွင် ဒေသခံပြည်သူများက လုံခြုံရေးတင်းကြပ်ထားသည့်ကြားမှ ဝမ်းသာအယ်လဲ ဆီးကြို နှုတ်ဆက်ကြသည်ကိုလည်း ကြည်နူးဖွယ်ရာ တွေ့မြင်ရလေသည်။

သမ္မတရှီ၏ ဇာတိရပ်မြေသို့ ဝန်ကြီးချုပ်မိုဒီကို ဖိတ်ခေါ်ခဲ့ခြင်းမှာ ပုဂ္ဂိုလ်ရေးအရ ရင်းနှီးခင်မင်မှု တည်ဆောက်လိုမှုကို ထင်ဟပ်နေပြီး ဝန်ကြီးချုပ်မိုဒီ၏ ဇာတိမြေ အာမက်ဒါဘတ်သို့ လွန်ခဲ့သည့်နှစ် စက်တင်ဘာလက သမ္မတရှီ ရောက်ရှိခဲ့သည်။

နှစ်နိုင်ငံ ခေါင်းဆောင်များ၏ အပြန်အလှန် ခရီးစဉ်များကို မဟာဗျူဟာမြောက် မိတ်ဘက်ပြုမှုအဖြစ် အသီးသီး ထုတ်ဖော်ပြောကြားခဲ့ကြလေသည်။

တရုတ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရန်ပိုမိုလိုလားပုံရသည်။ မြန်နှုန်းမြင့် ရထားများမှသည် အဏုမြူ ဓာတ်အားပေးစက်ရုံများအထိ အဆင့်မြင့် နည်းပညာသုံး ထုတ်ကုန်ပစ္စည်းများကို အိန္ဒိယစျေးကွက်သို့ တိုးချဲ့တင်ပို့ရန် တရုတ်နိုင်ငံက လိုလားသည်။ အပြန်အလှန်အားဖြင့် ကုန်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အအုံ လုပ်ငန်းစီမံကိန်းများ၌ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ရန် အိန္ဒိယနိုင်ငံက ကြိုးပမ်းနေလေသည်။

စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးလာနေသော်လည်း ထုတ်လုပ်မှုစွမ်းပကား အလွန်မြင့်မားနေပြီး အရန်နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၄ ထရီလီယံနီးပါး ပိုင်ဆိုင်ထားသော တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံ၌ လေယာဉ်ပျံဆိပ်များ၊ လမ်းများ၊ ပင်လယ်ဆိပ်ကမ်းများနှင့် ရထားလမ်းများကဲ့သို့ အခြေခံအဆောက်အအုံလုပ်ငန်းစီမံကိန်းများတွင် ပါဝင်ရင်းနှီးမြှုပ်နှံရန် အသင့်ရှိနေသည်။ ဖော်ပြပါ လုပ်ငန်းစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမည်ဆိုပါက အမေရိကန်ဒေါ်လာ ၁ ထရီလီယံအထိ သုံးစွဲရမည်ဟု ခန့်မှန်းရလေသည်။

တရုတ်နိုင်ငံနှင့် ကုန်သွယ်ရာတွင် အိန္ဒိယနိုင်ငံဘက်မှ ကုန်သွယ်ရေးလိုငွေ ဒေါ်လာ ၄၈ ဘီလီယံပြနေပြီး ယင်းကုန်သွယ်ရေး လိုငွေပြမှု လျှော့ချနိုင်ရန် မည်သို့လုပ်ဆောင်နိုင်မည်ကို ဝန်ကြီးချုပ်မိုဒီက တရုတ်ခရီးစဉ်အတွင်း ထိပ်တန်းဦးစားပေး ဆွေးနွေးခဲ့ပေမည်။ အိန္ဒိယနိုင်ငံ၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အတွက် တရုတ်စျေးကွက်ကို ပိုမိုဖွင့်လှစ်ပေးရန် လိုအပ်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၌ တရုတ်ကုမ္ပဏီများ ကုန်ထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်လာရေးအတွက် ဝန်ကြီးချုပ် မိုဒီက ဖျောင်းဖျပြောဆိုမည်ဟု မျှော်လင့်ရသည်။

ဝန်ကြီးချုပ်မိုဒီ၏ ခရီးစဉ်အတွင်း ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးမည်ဟု နိုင်ငံပိုင် ချိုင်းနားဒေလီ သတင်းစာတွင် ရေးသားဖော်ပြခဲ့လေသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား နယ်စပ်ဒေသပိုင်နက်နယ်မြေ အငြင်းပွားမှု အဆုံးသတ်စေရန် ဆွေးနွေးကြမည်ဟုလည်း မျှော်လင့်ရသည်။

ဟိမဝန္တာဒေသရှိ နယ်မြေနှစ်ခုပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အကြား သဘောကွဲလွဲလာခဲ့ကြသည်မှာ ဆယ်စုနှစ်ပေါင်းအတန်ကြာမျှ ရှိခဲ့လေပြီ။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အာရုဏာချယ်ပရာဒေ့ရှ် ပြည်နယ်သည် တရုတ်နိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်း ကျရောက်နေသည်ဟု တရုတ်နိုင်ငံက အစဉ်တစိုက် ပြောကြားလာခဲ့သည်။

အလားတူပင် အိန္ဒိယနိုင်ငံက လည်း အက်ဆိုင်ချင် (Asksai Chin) ဒေသကို တရုတ်နိုင်ငံက တရားမဝင် သိမ်းပိုက်ထားသည်ဟု အခိုင်အမာ ပြောဆိုလာခဲ့သည်။ အက်ဆိုင်ချင် ဒေသမှာ ကျောက်တောင်များတည်ရာဖြစ်ပြီး လူသူနေထိုင်ခြင်းမရှိသည့် ဒေသတစ်ခုဖြစ်သည်။

အက်ဆိုင်ချင်နယ်မြေ ပိုင်ဆိုင်မှုကို အကြောင်းပြု၍ ၁၉۶၂ ခုနှစ်တွင် တရုတ်နှင့် အိန္ဒိယတို့ ကာလတိုတောင်းသော စစ်ပွဲတစ်ပွဲကို ဆင်နွှဲခဲ့ကြပြီးဖြစ်သည်။ သို့ရာတွင် နောက်ပိုင်းကာလတစ်လျှောက်လုံး ပိုင်နက်နယ်မြေအငြင်းပွားပြောဆိုသံများ ကျယ်လောင်ခြင်း မရှိကြတော့ချေ။

နှစ်နိုင်ငံအကြား အငြင်းပွားပြောဆိုနေကြခြင်းထက် နယ်စပ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် နိုင်ငံ၌ တရုတ်ကုမ္ပဏီများ ကုန်ထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်လာရေးအတွက် ဝန်ကြီးချုပ် မိုဒီက ဖျောင်းဖျပြောဆိုမည်ဟု မျှော်လင့်ရသည်။

ဝန်ကြီးချုပ်မိုဒီ၏ ခရီးစဉ်အတွင်း ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးမည်ဟု နိုင်ငံပိုင် ချိုင်းနားဒေလီ သတင်းစာတွင် ရေးသားဖော်ပြခဲ့လေသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား နယ်စပ်ဒေသပိုင်နက်နယ်မြေ အငြင်းပွားမှု အဆုံးသတ်စေရန် ဆွေးနွေးကြမည်ဟုလည်း မျှော်လင့်ရသည်။

ဟိမဝန္တာဒေသရှိ နယ်မြေနှစ်ခုပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အကြား သဘောကွဲလွဲတွေ့မြင်ရပြီး တရုတ်နိုင်ငံ၏ အကျိုးစီးပွားချဲ့ထွင်မှုအဖြစ် နိုင်ငံတကာ လေ့လာသူများက ရှုမြင်ကြသည်။

အိန္ဒိယနိုင်ငံ၏ တောင်ဘက်စွန်း ပင်လယ်ကမ်းလွန်ရှိ သီရိလင်္ကာနိုင်ငံ ဟမ्बန်တိုတာမြို့၌ ပင်လယ်ဆိပ်ကမ်းတစ်ခုကို တရုတ်နိုင်ငံက တည်ဆောက်နေပြီး မြို့တော်ကိုလံဘို၏ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်၌ ဖွံ့ဖြိုးရေး စီမံကိန်းကြီးတစ်ခုကို အကောင်အထည်ဖော်နိုင်ရန် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

သီရိလင်္ကာနိုင်ငံသည် ယင်း၏ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်၌ တရုတ်ရေငုပ်သင်္ဘောနှစ်စင်း လွန်းတင်မှုကိုလည်း ခွင့်ပြုပေးခဲ့ရာ အိန္ဒိယနှင့် သီရိလင်္ကာအကြား ဆက်ဆံရေး ထိခိုက်မှု ဖြစ်ပေါ်လာရန် ခြိမ်းခြောက်ဘိသကဲ့သို့ ရှိခဲ့လေသည်။

သို့ရာတွင် သီရိလင်္ကာနိုင်ငံ၌ မကြာသေးမီက အစိုးရအဖွဲ့သစ်တက်လာချိန်တွင် ကိုလံဘိုပင်လယ်ဆိပ်ကမ်း စီမံကိန်းကို ပြန်လည်သုံးသပ်ရန် အကြောင်းဖန်လာသည်။ မည်သို့ဆိုစေ တရုတ်နိုင်ငံသည် ဒေသတွင်း၌ ပင်လယ်ရေကြောင်း ခြေကုပ်များရရှိရန် လာမည့် ဆယ်စုနှစ်တွင် ဆက်လက်ကြိုးပမ်းနေမည်ဟု အမေရိကန် ကာကွယ်ရေးဌာနက ဟောကိန်းထုတ်ခဲ့လေသည်။

တရုတ်နှင့် ပါကစ္စတန်အကြား ကာလရှည် မဟာမိတ်နိုင်ငံများအဖြစ် ရပ်တည်နေခြင်းမှာ အိန္ဒိယနိုင်ငံ အတွက် စိတ်မသက်မသာဖြစ်စရာဟု ရှုမြင်ရသည်။ အိန္ဒိယနိုင်ငံအပေါ် နှစ်နိုင်ငံစလုံးက မယုံသင်္ကာရှိခဲ့ကြရာမှ တရုတ်နှင့် ပါကစ္စတန်တို့ ပိုမိုနီးစပ်သွားခဲ့ရသည်။ တရုတ်နိုင်ငံက ပါကစ္စတန်နိုင်ငံကို စီးပွားရေးအကူအညီများ ပေးအပ်ကာ နိုင်ငံရေးအရ ထောက်ခံခဲ့သည်။ တစ်ဖက်တွင် တောင်အာရှဒေသနိုင်ငံများ၊ အီရန်နှင့် အာရေဗျပင်လယ်ဘက်သို့ တရုတ်နိုင်ငံဝင်ရောက်နိုင်မည့် ဂိတ်တံခါးပေါက်အဖြစ် ပါကစ္စတန်နိုင်ငံက ရပ်တည်လေသည်။ ။

ရှန်စီးပြည်နယ် မြို့တော်စီယန်၌ ပြည်သူများက ဝမ်းသာအယ်လဲနှုတ်ဆက်ကြစဉ်။

အာနန်းဆက်ဝတ္ထုရှည်

သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။

ထိုဝတ္ထုကို ရှုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရှုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေလာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)

ယမန်နေ့မှအဆက်

ဦးမြဘူးကို ကျွန်တော်နှင့် ဌေးမောင်က ထိုကုလားထိုင်ပေါ် နေရာချထားပေးရ၏။

ဦးမြဘူး၊ ဒေါ်လှယဉ်နှင့် ကြိုင်တို့က ဖေဖေ၊ မေမေတို့အကြောင်း၊ ကျွန်တော်တို့အကြောင်း ဆက်မေးနေသဖြင့် အတန်ကြာအောင် သူတို့နှင့်အတူ ကျွန်တော် စကားပြောနေရသေးသည်။ ခိုင်သည် ကျွန်တော်တို့နှင့်အတူ ခေတ္တဝင်ပြောနေပြီးနောက် ခြံတွင်းသို့ ဆင်းသွား၏။ ဌေးမောင်က ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။

မှောင်စ မပျိုးတပျိုးတွင် နေရာမှ ကျွန်တော်ထသည်။ ကျောင်းဆောင်တွင် နေစဖြစ်သေး၍ တစ်ကြောင်း၊ ကျောင်းတက်အမီ ပြုပြင်စရာများရှိသေး၍တစ်ကြောင်း စောစောပြန်ခြင်းဖြစ်သည်။

ကျွန်တော်နှင့် ဌေးမောင်သည် ခြံတွင်းသို့ ဆင်းခဲ့သည်။ လှိုင်၏ အရိပ်အယောင်ကို မမြင်။ ခြံတစ်ထောင့်တွင် တင်မောင်ညွှန့်သည် သစ်ကိုင်းတစ်ခက်ကို ချိုးလိမ်ရင်း ဘာကို မကျေမနပ် ပြောနေသည် မသိ။ ခိုင်ကမူ ငိုင်ငိုင်လေးရပ်နေသည်။

ဌေးမောင်က မလှမ်းမကမ်း၌ ရပ်နေရစ်၏။ ကျွန်တော်က ခိုင်တို့နား ကပ်သွား၍ နှုတ်ဆက်သည်။

" ကဲ . . . ခိုင် . . . မောင်ပြန်ဦးမယ် "

" အို . . . ပြန်တော့မယ် . . . "

" ဟုတ်တယ် ခိုင်။ ဟော(လ)မှာ လုပ်စရာလေးတွေ ရှိသေးတယ်။ ကျောင်းမဖွင့်ခင် မောင်တစ်ခေါက် လာခဲ့ဦးမယ် . . . "

ခိုင်သည် နှုတ်ဖြင့်မဖြေဘဲ ပြုံးရုံသာပြုံးသည်။ ခိုင့်အပြုံးမှာ အားနာသော အပြုံး၊ အားငယ်သောအပြုံး၊ ဝမ်းသာသော အပြုံး၊ ဝမ်းနည်းသော အပြုံး၊ အားလုံးရောနေသော အပြုံးသာတည်း။

ကျွန်တော်က တင်မောင်ညွှန့်ကိုလည်း နှုတ်ဆက်၏။

" မောင်တင်မောင်ညွှန့်. ပြန်ဦးမယ်ကွယ် . . . ။ နောက်တွေ့ကြသေးတာပေါ့ " ထုံးစံအတိုင်း သူက ပြန်မဖြေ။

ကျွန်တော်သည် လှည့်ထွက်ခဲ့၍ ဌေးမောင်နှင့်အတူ ပြည်လမ်းကားဂိတ်သို့ လျှောက်လာကြသည်။

" ဒါထက် မင်း ကောလိပ်မှာ ဘယ်အတွဲယူမလဲ ဌေးမောင် "

" ပျူးဝါးဆိုင်းယင်စ်ပဲ။ ငါ အင်ဂျင်နီယာရင်း သွားမလို့။ မင်းကော ဘိုင်အိုယူမယ် မဟုတ်လား "

"အေးဟုတ်တယ်။ ငါတော့ ဆရာဝန်ပဲဖြစ်ချင်တယ်. . . "

စကားဆက်ပြတ်သွားပြီး အတန်ဆက်လျှောက် လာကြရာမှ ဌေးမောင်က မမျှော်လင့်သော မေးခွန်းကိုမေးသည်။

" မင်း . . . ဟို . . . တင်မောင်ညွှန့်ဆိုတဲ့ ဂတိလေးကို ဘယ်လိုထင်သလဲ . . . "

" ဘယ်လိုမှ မထင်ဘူး။ နည်းနည်းတော့ ကြည့်မရဘူး။ ဒါပါပဲ၊ ငါ စိတ်ဝင်စားတာက မင်းနဲ့ ခိုင်တို့အိမ်သားတွေပဲ . . . "

ဌေးမောင်သည် လည်ချောင်းနှင့် ရင်ဘတ်ဖြင့် ရယ်ပြန်သည်။

" အေးလေ . . . ဒါပေမယ့် ဒီဂတိလေးကို မင်းစိတ်ဝင်စားရမှာပေါ့ . . . "

ကျွန်တော်သည် ဌေးမောင်အား ဖျတ်ကနဲ ပြန်ကြည့်မိသည်။

" ငါက . . . သူ့ကို ဘာလို့ စိတ်ဝင်စားရမှာလဲ။ ငါ့မှာ စိတ်ဝင်စားစရာတွေ အများကြီးရှိတယ်။ ငါစိတ်ဝင်စားတာမှငါက စိတ်ဝင်စားလို့ရတယ်။ မဆိုင်တာကို ငါ မတွေးတတ်ဘူး ဌေးမောင် "

"အေးလေ . . . မင်းကတော့ ဒီအတိုင်းချည်းပဲ၊ ငယ်ငယ်ကတည်းက မင်း စိတ်ဝင်စားချင်တာကို စိတ်ဝင်စားတယ်။ မင်းလုပ်ချင်တာကို မင်းလုပ်တယ်။ မင်းလုပ်ချင်တာကို လုပ်ရပြီး မင်းဖြစ်ချင်တာတွေ ကလည်း ဖြစ်ဖြစ်လာတာကိုး . . . "

" ဌေးမောင်ရယ် . . . ။ ငါလုပ်ချင်တာတိုင်းကိုလည်း ငါမလုပ်နိုင်ခဲ့ပါဘူး။ ငါဖြစ်ချင်တာတိုင်း ဟာလည်း ဖြစ်မလာခဲ့ပါဘူး။ တစ်ခုတော့ရှိတယ်၊ ဖြစ်ချင်တာ ဖြစ်မလာရင် ငါက စိတ်မပျက်တတ်ဘူး . . . ။ တစ်ခုမဖြစ်ရင် ဖြစ်တဲ့တစ်ခုကို ငါက ဆက်လက်လုပ်တတ်တယ် "

ဌေးမောင်သည် မျက်မှောင်ကြုတ်၍ ခေါင်းငုံ့ကာ မြေပြင်ကို စူးစူးစိုက်စိုက်ကြည့်၍ လျှောက်နေသည်။ အရပ်ပုသော်လည်း ပုခုံးကား၍ အောက်ပိုင်းသေးရကား သူ့ကိုယ်ဟန်မှာ မြေသို့ ဆွဲလုဝင်နေဟန်ရှိ၏။ ခြေလှမ်းများမှာမူ ကျဲ၍ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း မဟာပထဝီမြေကြီးကို မကျေမနပ်အနိုင်ကျင့်လျှောက်နေဟန် ပေါ်သည်။ အတန်လျှောက်နေပြီးမှ ဌေးမောင်က ရုတ်တရက် မေးပြန်သည်။

" ကောင်းပြီလေ . . . မင်းစိတ်ဝင်စားတဲ့သူအကြောင်းပဲ မေးပါမယ်။ ခိုင်ကို မင်း ဘယ့်နှယ်မြင်သလဲ . . . "

" ခိုင်ဟာ ချစ်စရာကောင်းခဲ့တယ်။ အခု ပိုချစ်စရာကောင်းလာတယ် ထင်တယ် "

ဤအကြိမ်တွင်မူ ဌေးမောင်က သဘောတူညီဟန် ခေါင်းညိတ်သည်။

" ဟုတ်တယ် . . . ခိုင်ဟာ ပိုချစ်စရာကောင်းလာတယ်။ ပိုချစ်စရာမကောင်းခဲ့ရင် အကောင်းသား။ အခု ပိုချစ်စရာကောင်းလာတော့ ပိုကြောက်စရာကောင်းလာတယ် "

" ခိုင်က . . . ဘယ်လို ပိုကြောက်စရာကောင်းလာသလဲ " ဌေးမောင် ခေတ္တတွေးသွားသည်။ ကျွန်တော်ကသာ ထပ်တိုက်တွန်းသည်။

"ပြောလေ . . . ဌေးမောင် "

ဌေးမောင်သည် သက်ပြင်းရှည်ကြီးချသည်။

" ကြောက်စရာကောင်းတယ်ဆိုတာက . . . ငါ့အတွက် ပြောတာပါ။ ငါကတော့ ခိုင့်ကို တစ်သက်လုံး ကြောက်ခဲ့ရတာ မဟုတ်လား။ မင်းကတော့ ရယ်မှာပေါ့လေ "

ကျွန်တော်က မရယ် . . . ။ ဌေးမောင်သာ သူ့ဘာသာသူ ရယ်နေ၏။

ကျွန်တော်သည် စိတ်မရှည်တော့ဘဲ ရပ်လိုက်ပြီး ဌေးမောင်၏ ပုခုံးကို ဆွဲခါသည်။ ဌေးမောင်သည် ထိတ်လန့်တကြား မျက်လုံးအပြူးသားနှင့် ကျွန်တော့်ကို ပြန်ကြည့်သည်။

ဌေးမောင်၏ မျက်လုံးများကို မြင်သော် ကျွန်တော် စိတ်ဆိုးပြေသွားသည်။

" ဌေးမောင် မင်းစာတွေ ငါဖတ်ရတယ်။ အားလုံးဟာ ပဟေဠိဆန်တော့ ငါဘာမှ နားမလည်ဘူး။

ဒီညနေလည်း မင်းကို ငါ နားမလည်ဘူး။ အခု ပြောနေတဲ့ စကားတွေလည်း . . . ငါ နားမလည်ဘူး . . . မင်း ဘာတွေပြောနေတာလဲ "

ဌေးမောင်က ကျွန်တော့်ကို ပြန်အံ့ဩနေသည်။ ပါးစပ်အဟောင်းသားနှင့် ကျွန်တော့်ကို ကြည့်နေပုံမှာ သူက ကျွန်တော့်ကို ပြန်သနားနေဟန်ပေါ်သည်။

ကျွန်တော်တို့သည် မဟာမြိုင်လမ်းထိပ်သို့ ရောက်ခဲ့ပြီ ဖြစ်သည်။ မြေနီကုန်းမှ အင်းစိန်ကားတစ်စီးက ကုန်းကို တက်၍ လာနေသည်။

ဌေးမောင်သည် အဘိဓမ္မာဟန်အပြည့်ဖြင့် ဆို၏။

" မင်း . . . ငါ့ကို နားမလည်တာ မဆန်းဘူး။ ဘယ်သူမှ ငါ့ကို နားမလည်ဘူး။ အင်း . . . အင်း . . . အင့် . . . အင့် . . . ။ တကယ်တော့လည်း . . . ဘယ်သူ့ကိုမှ ဘယ်သူက နားမလည်နိုင်ပါဘူး။ ဒီအတွက် ဝမ်းနည်းစရာမရှိပါဘူး . . . အင်း . . . အင်း . . . အင်း . . . အင့် . . . အင့် . . . "

ကျွန်တော်က ဌေးမောင်ကို ရယ်ချင်လာသည်။ သူ့၌ အလေးအနက် ပြောစရာရှိဟန်တူသည်။

သို့ရာတွင် သူလုပ်နေပုံကြောင့် သူ့လေးနက်မှုမှန်သမျှ တို့ ပျောက်ကုန်သည်။

ကားလည်း ဆိုက်ခဲ့ပြီဖြစ်သဖြင့် ကျွန်တော်က ရယ်မောပြီး သူ့ပုခုံးကို ပုတ်၍ နှုတ်ဆက်ရ၏။

" အေး . . . ဒါပေမယ့် မင်းကိုတော့ ငါနားလည်လာလိမ့်မယ် ထင်တယ် သူငယ်ချင်း။ နက်ဖြန် မင်းကျောင်းကို လာဦးမလား " " ငါ . . . အက်(ဒ်)မစ်ရှင်း လာတင်မလို့ "

ဆက်လက်ဖော်ပြပါမည်။

(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)

ဝန်ထမ်းအမြန်အလိုရှိသည်

EMERALD MYANMAR ဓာ
Construction, Travels & Tours Co., Ltd.

1. General Manager — Any Graduate (3) M/F
အုပ်ချုပ်မှုပိုင်း ကျွမ်းကျင်ရမည်၊ စစ်မှုထမ်းဧဟာင်းများကို ဦးစားပေးမည်။

2. Site Manager — Any Graduate (5) M
ဆောက်လုပ်ရေး လုပ်ငန်း အတွေ့အကြုံ (၅)နှစ်၊ အုပ်ချုပ်မှုပိုင်း ကျွမ်းကျင်ရမည်၊ စစ်မှုထမ်းဧဟာင်းများကို ဦးစားပေးမည်။

3. Site Engineer — B.E(Civil), B.Tech(Civil) or A.G.T.I(Civil) (5) M
လုပ်ငန်း အတွေ့အကြုံ (အထပ်မြင့် / Steel Structure) (၅)နှစ်။

4. Quantity Surveyor(QS) — B.E(Civil), B.Tech(Civil) or A.G.T.I(Civil) (3) M/F
လုပ်ငန်း အတွေ့အကြုံ (၅)နှစ်။

5. Accountant — LCCI (Level 2-3) (3) F
လုပ်ငန်း အတွေ့အကြုံ (၅)နှစ်။

6. Office Staff — Any Graduate (5) M/F
လုပ်ငန်း အတွေ့အကြုံ (၃)နှစ်၊ MS Office ကျွမ်းကျင်ရမည်။

7. Marketing — Any Graduate (5) M/F
လုပ်ငန်း အတွေ့အကြုံ (၃)နှစ်။

8. Security Guard — (20) M
လုပ်ငန်း အတွေ့အကြုံ (၃)နှစ်။

Post အားလုံးသည် ရန်ကုန်၊ မန္တလေးနှင့် ပုဂံမြို့များတွင် တာဝန်ထမ်းဆောင်ရန်၊ *CV*, ဘွဲ့လက်မှတ်၊ လုပ်ငန်းဆိုင်ရာဖေါက်ထပ်စံ စာများနှင့် မိတ္တူများခြင်း ၇ ရက်အတွင်း ရုံးမိန့်အတွင်း ရုံး(သို့) *email* ခြင်ပေးပို့ရလွှာက်ထားနိုင်ပါသည်။

အမှတ် ၁၃၁ ရိပ်သာ(၃) လမ်း၊ ဝေဝယန္တာ ဥယျာဉ်၊ သယံနီးကျွန်း ဖြို့နယ်၊ ရန်ကုန်။
အမှတ် ၁၁/ယ၊ သီတာအေး အကွက် (၉၀၁)၊ သီပွဲလမ်းနှင့် ရာဇနာပုံလမ်းထောင့်၊ မန္တလေးမြို့။

Email> emeraldmyanmarjob@gmail.com

ကား မျိုးစုံ

(Alphard/Hiace ၇ဒူးဘဝယောက်စီး/ Saloon/ ၂၅၃၃ယောက်စီး)များကိုခေသီး စဉ်အမျိုးမျိုးအတွက်ယာဉ်ပိုင်ရှင်များကိုယ်တိုင် ခိုင်သာသောဈေးနှုန်းဖြင့်အငှားလိုက်သည်။
Ph:09-5418126

ခွေးရောင်းမည်

Golden Retriever-3-လ
Alsation-3-လ
Shih Tzu-2-လ
နိုင်ငံခြားခွေးမျိုးစုံအော်ဒါလက်ခံပါသည်။
Hp:09-420267148

လူပျောက်ကြော်ငြာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၀၃)နေ ဦးအိဗရာဟင်မ်(ခ)ဦးခုစ်ကိုကို အသက် (၇၄)နှစ် [၁၂/ကတတ(နိုင်)၀၂၄၆၈] သည် ၂၀၁၄-၂၀၁၅ ရက် (စနေနေ့) ညနေ ၄နာရီတွင် မန္တလေးမှ ရန်ကုန်မြို့သို့ အမြန်ရထားဖြင့် ထွက်လာရာ နေအိမ်သို့ပြန်မရောက်ဘဲ လမ်းခရီးတွင် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ကျေးဇူးဆပ်ပါမည်။
ze;-09-5036751
09-250024872

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမျိုးအမည်	တင်ဒါပုံစံနှုန်း(ကျပ်)
၁။	၁/တိုင်းဒေသကြီး/CE	ဖြူးဘူတာတွဲပြင်ဌာနအတွက် အဆောက်အအုံဆောက်လုပ်ခြင်း (၃၀'×၁၅) (အုတ်တိုက်၊ သွပ်မိုး)	၂၀၀၀/-
၂။	၂/တိုင်းဒေသကြီး/CE	ပဲခူးဘူတာပန်းခြံရှေ့နှင့် စည်ပင်ကွန်ကရစ်လမ်းကြားတွင် ကွန်ကရစ်ခင်းခြင်း(၂၁၃'×၁၀'×၆")	၂၀၀၀/-
၃။	၃/တိုင်းဒေသကြီး/CE	မင်းလှဘူတာပလက်ဖောင်းတိုးချဲ့တည်ဆောက်ခြင်း (၄၅၅×၁၀'×၆")	၂၀၀၀/-
၄။	၄/တိုင်းဒေသကြီး/CE	ပြည်-အောင်လံလမ်းပိုင်း၊ ရွှေတံခါး-တီတွဲကြားတွင်(၄)ပေအကျယ်တံတားတည်ဆောက်ခြင်း	၂၀၀၀/-

တင်ဒါဖိတ်မည့်ရက်/အချိန် -၂၅-၅-၂၀၁၅ရက်(တနလာနေ့)၊ ၁၂:၀၀နာရီ
၂။ တင်ဒါပုံစံများကို ၁၇-၅-၂၀၁၅ရက်မှစ၍ အင်ဂျင်နီယာမှူး(မြို့ပြ)၊ တိုင်း(၆)ရန်ကုန်(ရုံး) ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၅၅၉၃တွင် ဝယ်ယူစုံစမ်းနိုင်ပါသည်။
၃။ တင်ဒါဖွင့်လှစ်မည့်နေရာ ၊နေ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပဲခူးမြို့။
၂၆-၅-၂၀၁၅ရက် (အင်္ဂါနေ့)

ရွှေဆင်ဂ

Vol:4 No.17

ကောက်ပြောများ၊ထည့်သွင်းလိုပါက

အိမ်ခြေမြေထား / ဝယ် / ငှားအချက်အလက် + 23500

- ဆောက်လုပ်ရေးနည်းပညာပြဿနာများ
- မြေယာမူပါအခိုင်လမ်းကျင်းပမည်ဟုဆို
- မြို့ပြစီးပွားရေးများအတွက် ရဟတ်ယာဉ် သုံးစွဲခွင့်မပြုသေးဟုဆို
- ဘဏ္ဍာရေးကွက်အတွက် ဖါတ်သတ္တုဥပဒေလိုအပ်နေ
- မြန်မာကျပ်ငွေကျဆင်းမှု ဗဟိုဘဏ် သတိပေး
- ဆင်းရဲမှုဒီဂရီနှိမ်အတွက် ကမ္ဘာဘဏ်မှမေလိသယန်(၄၀၀)ချေးရန်လျှောက်ထောက်အတည်ပြု
- စပ်ပိစပ်ရာ အိမ်ခြံမြေဆွေးနွေးချက်များ
- အိမ်ခြံမြေဝယ်ယူနည်း
- အိမ်ခြံမြေ တိုက်ခန်း၊ ကွန်ဒို အရောင်းအဝယ်နှင့်ကိုယ်စားလှယ်လွှဲစာ

ပါဝင်နေကျ နောက်ဆုံးရ စီးပွားရေးသတင်းများ၊ အိမ်ခြံမြေသတင်းများ၊ ဥပဒေ၊ စီးပွားရေးသုံးသပ်ချက်၊ ကားလေ့ကျင့်ရန်နှင့်အခြားကဏ္ဍများ....

တနင်္ဂနွေနေ့တိုင်းထွက်ရှိနေပါပြီ

M.S Fashion
Dress Making & Design Trading

- အခြေခံ (Blouses & Skirts)
- အဆင့်မြင့် (Wedding Dress, Pattern Magie, Drapping)
- Fashion Illustration
- ပွဲထိုင်လက်ကိုင်အိတ်၊ Hand Made & Fancy များ

ခေတ်မီစင်တီမီတာနည်းဖြင့် သင်ကြားပေးသည်။
လစဉ်တန်းခွဲရှိသည်။
Designer - မမြတ်ဆုမွန် (ခ) မမြတ်သီတာစိုး
B.Sc (Chem) Q, Dip in B.D.S, Dip in Do Zo Japan
Fashion Design

လိပ်စာ ၁။ အမှတ် (၂၇၁)၊ (၁၃)လမ်း၊ (၃)ရပ်ကွက်၊ ငွေကြာရံရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ်။
၂။ အမှတ် (၂၆)၊ မြေညီထပ်လမ်း၊ အင်းဝလမ်းနှင့် ကျောက်မြောင်းလမ်းထောင့်၊ တာမွေမြို့နယ်။
ဖုန်း - ၀၉-၇၉၈၄၄၃၂၂၂၀၊ ၀၉-၇၃၁၄၆၇၂၈

စတုတ္ထတန်းနှင့်အဋ္ဌမတန်းကုစားစာမေးပွဲများ ပြန်လည်ဖြေဆို

ကျောက်ပန်းတောင်း မေ ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့်စတုတ္ထတန်းနှင့် အခြေခံပညာအလယ်တန်းအဆင့် အဋ္ဌမတန်းစာမေးပွဲများတွင် ကျရှုံးခဲ့ကြသူများကို ၂၀၁၅ ခုနှစ် ဧပြီ ၂၂ ရက်မှ ၂၉ ရက်အထိ ကျရှုံးသည့်ဘာသာရပ်အလိုက် ပြန်လည်ကုစားသင်ကြားပေးခဲ့ပြီး မေလ ၁၄ ရက်မှစတင်၍ ပြန်လည်ကုစား စာမေးပွဲများဖြေဆိုလျက်ရှိကြကြောင်း သိရသည်။

ယခု ဘာသာရပ်အလိုက် ပြန်လည်ကုစားစာမေးပွဲများကို တစ်ရက်လျှင် နှစ်ဘာသာနှုန်းဖြင့် မေ ၁၆ ရက်အထိ ပြန်လည်ဖြေဆိုကြပြီး စတုတ္ထတန်း၊ မြန်မာ စာဖြေဆိုမှု စာရင်းရှိ ၅၂၇ ဦးတွင် ဖြေဆိုသူ ၄၂၈ ဦးရှိကြောင်းနှင့် အင်္ဂလိပ်စာဖြေဆိုရန် စာရင်းရှိ ၁၇၁၇ ဦးတွင် ၁၅၇၃ ဦး ဖြေဆိုကြကြောင်း သိရသည်။

အဋ္ဌမတန်း မြန်မာစာဖြေဆိုမှုတွင် စာရင်းရှိ ၄၉၉ ဦးတွင် ၂၇၂ ဦး ဝင်ရောက်ဖြေဆိုကြပြီး၊ အင်္ဂလိပ်စာတွင် စာရင်းရှိ ၁၈၄၈ ဦးရှိသည့်အနက် ၁၃၉၆ ဦး လာရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် စတုတ္ထတန်းဖြေဆိုမှုတွင် အောင်ချက်ရာခိုင်နှုန်း ၅၃ ရာခိုင်နှုန်းရှိခဲ့သော်လည်း အခြေခံပညာအလယ်တန်းအဆင့် အဋ္ဌမတန်းတွင်မူ တစ်မြို့နယ်လုံး ဖြေဆိုသူ ၃၈၂၇ ဦးရှိသည့်အနက် ၁၃၆၇ ဦးသာ အောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း ၃၅ ဒသမ ၇၂ ရာခိုင်နှုန်းသာရှိခဲ့ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဂုဏ်ပြု

ဖြစ်ကြီးနား မေ ၁၆

၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဂုဏ်ပြုပွဲကို မေ ၁၅ ရက် နံနက် ၇ နာရီခွဲက မြစ်ကြီးနားမြို့ မြစ်ကြီးနားတက္ကသိုလ်ဗဟိုခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ကိုယ်စားလူမှုရေးဝန်ကြီး ဒေါက်တာဒေါ်ဘောက်ဂျာက အဖွင့်အမှာစကားပြောကြားကာ အခြေခံစာတတ် မြောက်ရေးလှုပ်ရှားမှုတွင် စေတနာထက်သန်စွာဖြင့် အားကြိုးမာန်တက် ဆောင်ရွက်ပေးခဲ့သော တက္ကသိုလ် နည်းပြဆရာမ နှစ်ဦးနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူ ၁၇ ဦးတို့အားမှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ် ရာ တာဝန်ခံပါမောက္ခချုပ် ကိုယ်စားသင်္ချာဌာနပါမောက္ခ/ဌာနမှူး ဒေါက်တာဥမ္မာအေးက လက်ခံရယူခဲ့သည်။

ထို့နောက် ပြည်နည်ပညာရေးညွှန်ကြားရေးမှူးဦးမြင့်ဇော်က စာတတ်မြောက်ရေးလှုပ်ရှားမှု ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ သင်္ချာပါမောက္ခ/ဌာနမှူးက ကြီးကြပ်သူ ဆရာမ နှစ်ဦးနှင့် လုပ်အားပေးကျောင်း သားကျောင်းသူများအား ဂုဏ်ပြုလွှာပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက ရယူ၍ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးက သင်တန်းသား သင်တန်းသူများအတွက် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသူ တစ်ဦးက လက်ခံရယူပြီး စာသင်သားများ ကိုယ်စားအသက် (၆၈)နှစ်ရှိ ဒေါ်ကော့ဘူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကာ အခမ်းအနားသို့ အင်အား ၅၀၀ ကျော် တက်ရောက်၍ မြစ်ကြီးနားမြို့နယ်အတွင်း ရှိ စာမတတ်သည့် ဒေသခံပြည်သူ ၁၅၆ ဦးအား ဧပြီ ၁ ရက်မှ မေ ၁၄ ရက်အထိ စာသင်ကြားပေးခဲ့ကြောင်း သိရသည်။

မိုးယံကျ (မြစ်ကြီးနား)

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဂုဏ်ပြုပွဲ ညောင်ရွှေတွင် ကျင်းပ

ညောင်ရွှေ မေ ၁၆

၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုဂုဏ်ပြုပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားပြီး စာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းတွင် လုပ်အားပေးခဲ့ကြသော တောင်ကြီးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ယင်းနောက် ခရိုင်ပညာရေးမှူး ဦးအုန်းကျော်သန်းက စာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းတွင် ဦးဆောင်ပါဝင်ခဲ့သော ရှမ်းပြည်နယ်အစိုးရ အဖွဲ့ ကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှအား မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ပြီး စာသင်သားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။

"မိသားစု အခြေအနေအမျိုးမျိုးကြောင့် ငယ်စဉ်က စာသင်ကြားခွင့်မရခဲ့ပါဘူး။ အခုလို အခြေခံသင်ကြားခွင့်ရတော့ စာရေးတတ်၊ ဖတ်တတ်လာပါပြီ၊ သင်ကြားပေးသူတွေအားလုံးကို အထူးပင်ကျေးဇူးတင်ပါတယ်။ အားလပ်ချိန်တွေမှာဆို စာကြည့်တိုက်တွေသွားပြီး စာတွေဖတ်လို့ရပါပြီ" ဟု တောင်ပို့ကြီးကျေးရွာအုပ်စုပေါင်းပိုင်းရွာမှ အသက်(၆၅)နှစ် အရွယ်ရှိ ဒေါ်အိမ်ကဝမ်းမြောက်စကားဆိုသည်။

ညောင်ရွှေမြို့နယ်တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် စာသင်သား ၁၄၈၁ ဦးအား စာသင်ဝိုင်း ၁၆၉ ဝိုင်းဖြင့် သင်ကြားခဲ့သည်။

နေမျိုးသူရိန်

အင်းတော်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေး

အင်းတော် မေ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အောင်မင်္ဂလာရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် မေ ၈ ရက် နံနက် ၈ နာရီက မိုးပွင့် အထူးစီမံချက်ဖြင့် ဒေသခံ ၇၆ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းနေ့က အင်းတော်မြို့နယ် လူပင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းမြစိုးလှိုင်၊ လက်ထောက်လဝကမှူး ဒေါ်အေးအေးဆွေတို့က အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ ပျောက်ဆုံးပျက်စီးသွားသူများအား နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းနှင့်အတူ အိမ်ထောင်စုစာရင်းစာရွက်များ ဟောင်းနွမ်းစုတ်ပြဲနေခြင်းများကိုလည်း လဲလှယ်ပေးခဲ့ကြောင်းသိရသည်။

ဇေ၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း
မြို့ပြအိမ်ရာအဆောက်အအုံစီမံကိန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်မှု
အခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ဖော်ပြပါနေရာ၌ မြို့ပြအိမ်ရာအဆောက်အအုံစီမံကိန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်မှု အခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်တွင်းကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ (Joint Ventuers)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ ပုဂံလမ်းနှင့် ဟံသာဝတီလမ်းထောင့်၊ မြေဧရိယာ ၁၀ ဒသမ ၉၃ဧကခန့်

၂။ အဆိုပါစီမံကိန်းအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့် အစီအစဉ်များနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန် ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာစီမံကိန်းဆိုင်ရာ အချက်အလက်များကို တင်ဒါတင်သွင်းသူများ လိုက်နာရန်ညွှန်ကြားချက်များ (Instructions to Tenderers)တွင် ဖော်ပြထားမည်ဖြစ်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာအဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်နှင့်အညီ ပြုစုဖော်ပြရန် ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသောအချက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများကို အထက်ဖော်ပြပါလိပ်စာ၌ ယနေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါတစ်စုံလျှင် မြန်မာကျပ် ငွေ ၅၀၀၀၀(ကျပ်ငါးသောင်းတိတိ)ကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ်၊ ငွေစာရင်းအမှတ် DY-9 သို့ ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက် ၁၄:၀၀ နာရီမတိုင်မီ အထက်ဖော်ပြပါရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းလာသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ မြို့ပြအိမ်ရာအဆောက်အအုံ စီမံကိန်း၏ တင်ဒါများနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် ကျပ် ၅၀၀၀၀၀၀(ကျပ်သိန်း၈ငါးရာတိတိ) Payment Order (PO)ဖြင့် တင်သွင်းရမည် ဖြစ်ပါသည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တင်ဒါတင်သွင်းသူ ကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

"မွေးနေ့မင်္ဂလာဆုတောင်း"
စေတနာဖြူစင် ဉာဏ်ဖြင့်ယှဉ်၍ ပညာပြည့်ဝ စိတ်ထားလှသည့် ချစ်သမီးကြီး .....
Dr. Sandy Tun Min, MBBS (Sydney)
Hunter New England Health, New castle
(၁၇-၅-၂၀၁၅)တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည်
နှစ်တစ်ရာ့နှစ်ဆယ်တိုင်အောင် ကျန်းမာပျော်ရွှင်စွာဖြင့် သမီးရည်မှန်းချက်များ
ပြည့်စုံအောင်မြင်သော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း
ဆန္ဒပြုတောင်းဆုခွေ့လျက် .....
ချစ်ဒယ်ဒီ - Captain ဦးထွန်းမင်း (တော်ဝင်ရွှေဆိုင်)
ချစ်မာမီ - ဒေါ်နှင်းနှင်းဝေ (တော်ဝင်ရွှေဆိုင်)
ချစ်မောင်လေး - Dr. Randy Aung, MD (Halifax, Canada)
MSc Candidate in Community Health & Epidemiology

BOSS အဆင့်မြင့် ပါဇကားအစောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းစင်းပြားများနှင့် 100% ခရစ်စ်ခ် ခွဲနိုင်းကြမ်းစင်းပြားများကို စျေးနှုန်းစျိုးသာစွာဖြင့် ကိုက်ရိုက်ရောင်းချပေးနေပါသည်။
အမှတ်(၂၈)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး ရွှေဂုံတိုင်ဟိုတယ်ဘေး ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381

သုံးခွမြို့နယ် မုတ္တမပင်လယ်ကွေ့အနီး ကျေးရွာများသို့ သောက်သုံးရေများလျှုဒါန်း

သုံးခွ မေ ၁၆

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ ကျေးရွာအချို့တွင် အပူချိန်လွန်ကဲမှုကြောင့် ကျေးလက်နေ ပြည်သူများအားထားနေရသော ရေကန်များခန်းခြောက်ကာ သောက်သုံးရေ အခက်အခဲနှင့် ကြုံတွေ့နေရသော ကျေးရွာများသို့ လူမှုရေးအသင်းအဖွဲ့များ၊ တစ်သီးပုဂ္ဂလအလှူရှင်များက သောက်သုံးရေများ ကျေးရွာအရောက် သွားရောက်လျှုဒါန်းလျက်ရှိကြောင်း သိရသည်။

ယင်းသို့ လျှုဒါန်းရာတွင် မေ ၁၃ ရက်က ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ပရဟိတလူငယ်များနှင့် စုပေါင်းရေလျှုအသင်းတို့က မုတ္တမပင်လယ်ကွေ့အနီး ကျေးရွာများဖြစ်သော ရေခလာကျေးရွာတွင် ၂၀ လီတာဝင် ရေသန့်ဘူးကြီး ၄၀၀၊ ကဝနှင့် မှိုကုန်းသာကျေးရွာတွင် ဘူး ၇၀၀၊ အောင်သာဒါန်း ကျေးရွာတွင် ဘူး ၉၅၀၊ ဘိုလေးကျေးရွာတွင် ဘူး ၂၅၀၊ သမစိတ္တကျေးရွာတွင် ဘူး ၂၀၀၊ တွန်းစိန်အသင်းကျေးရွာတွင် ဘူး ၂၀၀ စုစုပေါင်း ဘူး ၂၇၀၀ အား သွားရောက်လျှုဒါန်းခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ရေရှားပါးချိန်တွင် သောက်သုံးရေများ လာရောက်လျှုဒါန်းသဖြင့် ကျေးရွာသူကျေးရွာသားများက ကျေးဇူးတင်ဝမ်းသာကြောင်းနှင့် ရေလျှုဒါန်းရာတွင် လိုက်ပါကူညီဆောင်ရွက်သူ ၆၀ ဦးအား အောင်သာဒါန်း ကျေးရွာမှ ဦးမောင်ကို မိသားစုမှ နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ကန်ကြီးထောင့်မြို့နယ်တွင် စာပေရေချမ်းစင် စာအုပ်များ အသစ်ထပ်မံ ဖြည့်ဆည်းထားရှိ

ကန်ကြီးထောင့် မေ ၁၆

ကန်ကြီးထောင့်မြို့နယ် မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာဦးနှင့် ဝန်ထမ်းများက မေ ၁၃ ရက်တွင် ရေချမ်းစင်စာအိတ် အတွဲ(၃) အမှတ် (၃) တို့အား စာပေရေချမ်းစင်အိတ်ထားရှိရာ နေရာ ၂၃ နေရာအား လိုက်လံဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စာပေရေချမ်းစင်တစ်ခုလျှင် ဘာသာရပ်စာစဉ် ၁၃ မျိုးပါရှိပြီး အများပြည်သူ ဝင်/ထွက်သွားလာရာနေရာများတွင် ထားရှိရာ စာပေ ဝါသနာရှင် ပြည်သူများမှ စိတ်ပါဝင်စားစွာ ဖတ်ရှုလျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ့အကျိုးပြု လုပ်ငန်းများအနေဖြင့် စာဖတ်ရှုလိုသူပြည်သူများ စာအုပ်၊ စာစောင်များကို လက်လှမ်းမီဖတ်ရှုနိုင်ရေး၊ အားလပ်ချိန်များအား အကျိုးရှိစွာ အသုံးပြုနိုင်ရေး အတွက် ခရီးသွားလာရင်းဖြင့် လွယ်ကူစွာ စာပေဖတ်ရှုနိုင်ရေး ရည်ရွယ်လျက် စာပေရေချမ်းစင် ၂၃ ခုအား ရုံးဌာနများ၊ လက်ဖက်ရည်ဆိုင်များ၊ ကားဂိတ်၊ လူစည်ကားရာနေရာများတွင် ချိတ်ဆွဲထားသည်။

မြို့နယ် ပြန်/ဆက်

မွန်ပြည်နယ် ရေးမြို့ ကျက်သရေဆောင်သမိုင်းဝင် စကားတောင်စေတီတော်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူးဦးသန်းထိုက်နှင့်သန္တေတပ်ဖွဲ့ဝင်များ အရန်မီးသတ်တပ်ဖွဲ့ဝင်များအင်အား ၅၀ ဦးတို့က မေ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် စုပေါင်းသန့်ရှင်းရေးကောင်းမွန်ကုသိုလ်လုပ်အားဒါနပြုကြကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ထွန်ထွန်(ရေး)

ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ သင်တန်းပို့ချ

ပုသိမ် မေ ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ သင်တန်းဖွင့်ပွဲကို ရေလဲကလေးကျေးရွာ အထကတွင် မေ ၁၀ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ မအူပင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်ကြည်ကြည်မြင့်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ ရပ်ကွက်၊ ကျေးရွာကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်ကြည်ကြည်မြင့်က လမ်းညွှန်အမှာစကား ပြောကြားခြင်း၊ ကျေးရွာကော်မရှင်အဖွဲ့ဝင်များအား အတည်ပြုခန့်အပ်လွှာပေးအပ်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သင်တန်းများပို့ချခဲ့ကြောင်းသိရသည်။

မောင်မောင်မြင့်(မြန်/ဆက်)

ဘောလခဲပြည်သူ့ဆေးရုံတွင် လိုအပ်သော ဆေးဝါးပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်

ဘောလခဲ မေ ၁၆

ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့နယ်ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်နှင့်အဖွဲ့ဝင်များသည် ဘောလခဲဒေသတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံခြင်းအခမ်းအနားကို မေ ၁၃ ရက်တွင် အခိန်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြဝဏ္ဏစိုး၊ ပြည်နယ်လူမှုဝန်ကြီး ဦးကိုးရယ်၊ စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး လှိုင်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဒေဝနှင့် ကျန်းမာရေးဌာနဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ရေးဦးစွာ ဘောလခဲမြို့နယ် ဆရာဝန် ဒေါက်တာဆန်းဝင်းက ဒေသအတွင်း အဖြစ်များဆုံး ရောဂါအခြေအနေနှင့် လိုအပ်သောဆေးရုံဆေးဝါးနှင့် စက်ပစ္စည်းများအခြေအနေတို့ကို အသေးစိတ်တင်ပြဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ထမ်းများ၏ ပြုပြင်ပြောင်းလဲမှုအခြေအနေနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လှရွှေ (IPRD)

ပတ်သန်းကျင်ထိန်သိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
၃/၂၀၁၅-၂၀၁၆ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
(က) ရောင်းချမည်ရက်နှင့်အချိန် - ၂-၆-၂၀၁၅ ရက်(အင်္ဂါနေ့)၊ နံနက် ၉၃၀ နာရီ
(ခ) ရောင်းချမည်အမျိုးအစားနှင့်တန် - ကျွန်းသစ်လုံး(၂၉)တန်ခန့်၊ သစ်မာသစ်လုံး(၅၇၀၂)တန်ခန့်၊ ကျွန်းခွဲသား (၅၃)တန်ခန့်၊ သစ်မာခွဲသား(၁၅)တန်ခန့် (ပီတောက်/တမလန်းခွဲသားများ ပါဝင်ပါသည်။)
(ဂ) ရောင်းချမည့်နေရာ - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(မုံရွာ)၊ မြန်မာ့သစ်လုပ်ငန်း၊ အမှတ်(၇၂/၇၄)၊ ရွှေတိုတုရား လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း Web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈ စများတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံကျင်းပရေးကော်မတီ
ပြည်တွင်းရောင်း/စက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)
ပထမနှစ်အကြို Module သင်တန်းသားခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တွင် ပထမနှစ်အကြို Module သင်တန်းအား ၁-၆-၂၀၁၅ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် အောက်ပါသတ်မှတ်ချက်နှင့်ကိုက်ညီသူများ မည်သူမဆို သင်တန်းတက်ရောက်ရန် လျှောက်ထားနိုင်ပါသည်။
(က) ၂၀၁၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူနှင့် ၂၀၁၅ ခုနှစ်များတွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးသူများ ဖြစ်ရပါမည်။
(ခ) သင်တန်းသားများ၏ မိဘနှစ်ပါးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။
(ဃ) ၁-၆-၂၀၁၅ ရက်တွင် (၁၉)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(င) သင်တန်းတွင် တက်ရောက်ချိန်အနည်းဆုံး ၇၅% ပြည့်မီအောင် တက်ရောက်နိုင်သူ ဖြစ်ရမည်။
(စ) သင်တန်းတွင် အရည်အချင်းပြည့်မီစွာ ဖြေဆိုအောင်မြင်သူများသည် ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ပထမနှစ်ကွန်ပျူတာသိပ္ပံနှင့် နည်းပညာသင်တန်းသို့ ဆက်လက်ပညာသင်ကြားခွင့်ရမည်ဖြစ်ပြီး ဘွဲ့ကြိုသင်တန်းပြီးဆုံးသည်အထိ မူလတက္ကသိုလ်တွင် ဆက်လက်တက်ရောက်နိုင်သူ ဖြစ်ရမည်။

၂။ အထက်ဖော်ပြပါ သင်တန်းအရည်အချင်းသင်မှတ်ချက်နှင့် ကိုက်ညီသူများ အောက်ပါအစီအစဉ်အတိုင်း ကျောင်းအပ်လက်ခံသွားမည် ဖြစ်ပါသည်-
ကျောင်းအပ်ကာလ - ၁၅-၅-၂၀၁၅ ရက်မှ ၁-၆-၂၀၁၅ ရက်အထိ
အချိန် - နေ့စဉ် ၉း၀၀ နာရီမှ ၁၄း၀၀ နာရီ
နေရာ - ကျောင်းသားရေးရာဌာန၊ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)

ရန်ကင်းအေးငြိမ်းရိပ်သာ ရက်(၆၀)တရားစခန်း

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိ ကျမ်းပြုဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင် ဦးစီးဖွင့်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ မြေဇင်းတောရ ဆရာတော်ကြီး၏ အာနာပါန သမထဝိပဿနာ ရက်(၆၀)တရားစခန်းကို ၁၃၇၇ခုနှစ်၊နယုန်လဆန်း(၁၄)ရက်၊ ၃၁-၅-၂၀၁၅ ရက်တွင် စတင်ဖွင့်မည်ဖြစ်ပါ၍ စခန်း၀င်လိုသူ ရဟန်း၊သီလရှင်၊ အမျိုးသား၊ အမျိုးသမီး ယောဂီများ ကြိုတင်စာရင်း ပေးသွင်းနိုင်ပါသည်။

စခန်းကြေး၊ ဆွမ်းစရိတ် သတ်မှတ်တောင်းခံခြင်းမပြုပါ။

သာသနာ့အကျိုးဆောင်အဖွဲ့
ဖုန်း-၀၉-၂၀၃၃၉၂၂၊ ၀၉-၃၃၀၆၁၀၆၊
၀၉-၉၁၀၄၆၃၀၆၊ ၀၂-၅၇၂၂၅

June-13 စမည်။
ကျိုင်းမင်းလတ် စာရင်းကိုင်သင်တန်း Nov Series / 2015
LCCI, MYOB, IFR

Level I+II		Level III	
Sec(A) Sat+Sun	7-9 (am)	Sec(A) Sat-Sun	3- 8 pm
Sec(B) Sat+Sun	9-11(am)	Sec(B) Wed-to-Sun	6-8 pm
Sec(C) Sun	11-3(pm)	Sec(C) Tue-to-Fri	9-12 am
Sec(D) Mon+Tue	6-8 (pm)		
Sec(E) Mon to Fri	12-3(pm)		
Sec(F) Sat	11-3(pm)		
Sec(G) Wed	11-3(pm)		

ရုံးနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ 09 510 9922, 0979 510 9922, 0997 510 9922
၃၄ ၊ ၄ လွှာ၊ အင်စိန်လမ်းအမှတ်(၃)။ လှည်းတန်း ၊ တာဝန်ခံ(လှည်းတန်းမှစတိုင်ဆန်း) 09 7313 6677

ရွှေနတ်ကျိုက်ထီးရိုး(ဇနပဒ်)
ချောင်းသာ (ဇနပဒ်)
ကားမျိုးစုံပေါ်ရုံးတွေးသည်။
209077, 209388, 09-73167000

MIHARA Car Rental
ခရီးစဉ်မျိုးစုံအတွက် ကားစင်းလုံးငှား
ဝန်ဆောင်မှုပေးပါသည်။
(၄) ယောက်မှ (၃၄) ယောက်စီ၊ အထိ
ဖုန်း- 09949218700, 095025400, 095061896

ပျောက်ဆုံးကြောင်း
International Road Star Trading Co.,Ltd ၏သွင်းကုန်လိုင်စင်အမှတ် WQIL 1 14-15 7258 12-12-2014 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **Ph:09-790156993**

- လင်းတွင် - ရန်ကုန်ဘာဆွေထံမှ သေနတ်သံ သုံးချက်
- သုတေသီမိုးဒါင် - 'ဝ' ပြည်နယ်တောင်းဆိုမှုက လက်တွေ့ကျရဲ့လား၊
- အေါ်ကာဦးဟင် - မဟာပါဝါတို့၏ နည်းဗျူဟာ ကစားကွင်း (သို့မဟုတ်) မြန်မာပြည်၏ အရှေ့မြောက်ဒေသ
- အေးထွန်းပင်း - ကမ္ဘာဒီယား အထည်ချုပ်တို့ ဘဝ
- ဇော်ဇော်အောင် - စာပေ၊ Fiction ထိုးဖောက်သဘောတရား၊

ဆက်သွယ်ရန် -ဝုန်း ၀၉-၂၆၂၄၀၄၃၃

စသည့် ဆောင်းပါးကောင်းများ၊ ဇနောက်ဆုံးရ သတင်းအချက်အလက်များဖြင့်
Oriental News ၁၈-၅-၂၀၁၅ တနင်္လာနေ့တွင် ထွက်ပြီ။

စက်ဘွားလေးဇိုလ်ဇိုလ်ဆောင်ကုမ္ပဏီလိမိတက်မှ
သမလိုက်သည့် အဆင့်မြင့် စတီး ဘလီတ်စားသွားဆူးကြိုးများကို
ဈေးသက်သာစွာဖြင့် တိုက်ရိုက်ရောင်းချ တပ်ဆင်ပေးနေပါသည်။
ရန်ကုန်အရောင်းခန်းမ(၁) - Ph:01-545531,01-8603141, 09-5008161
အရောင်းခန်းမ(၂) - Ph : 01-656521, 09-421024731, 09-421024741
အရောင်းခန်းမ(၃) - Ph:01-642748, 01-642905, 01-646574

သန်လျင်သားဖွားသင်တန်းကျောင်းဦးဆောင်း အပ်နှင်းပွဲကျင်းပ

ရန်ကုန် မေ ၁၆

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သန်လျင်သားဖွား သင်တန်းကျောင်း၏ တတိယအကြိမ်မြောက် ပထမနှစ် ဘက်စုံသားဖွား သင်တန်း ဦးဆောင်းအပ်နှင်းပွဲကို မေ လ ၇ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့ရှိ သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်က အမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ် ဒေါ်နီနီချိုက ပထမနှစ်ကျောင်းသူ ၄၃ ဦးအား သူနာပြုဦးဆောင်း အပ်နှင်းခဲ့သည်။

အဆိုပါ ဘက်စုံသားဖွားသင်တန်း ဦးဆောင်းအပ်နှင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သူနာပြုနှင့် နှီးနွယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သန်းဝင်း (သန်လျင်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရွှေသောင်ယံ မေ ၁၆

ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ ကံကြီးစံပြကျေးရွာတွင် ပညာရတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် RC တစ်ထပ်ဆောင်ဖွင့်လှစ်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီတွင် အဆိုပါစာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

စာကြည့်တိုက် အကျယ်အဝန်းမှာ အနံ ၂၂ ပေ၊ အလျား ၃၀ ပေ ကျယ်ဝန်းပြီး ကျပ်သိန်း ၆၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သုတစာအုပ် ၃၇၁ အုပ်၊ ရသစာအုပ် ၄၇၃၊ ဝတ္ထု ၆၃ အုပ်၊ ရုပ်ပြ ၅၈ အုပ် စုစုပေါင်း ၉၆၅ အုပ်အပြင် ဂျာနယ်များထားရှိကြောင်း သိရပြီး စာကြည့်တိုက်ရန်ပုံငွေ အဖြစ် အလှူငွေကျပ်ငါးသိန်း အလှူခံရရှိခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ချောင်းသာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အဖွင့်အမှာစကားပြောကြားကာ စခန်းမှူး ဦးအုန်းမြင့်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် ရွှေသောင်ယံမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်နည်းစနစ်များကို ဝန်ထမ်းများနှင့်အတူ ကျေးရွာစာကြည့်တိုက်မှူးနှင့် ကော်မတီဝင်များအား ရှင်းလင်းပြသခဲ့သည်။

စောမျိုးမင်းသိန်း(IPRD)

အလယ်ရွာကျေးရွာ အုပ်စုကိုယ့်အား ကိုယ်ကိုးလျှပ်စစ်မီးဖွင့်

ကဝ မေ ၁၆

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အလယ်ရွာကျေးရွာအုပ်စု ကိုယ့်အား ကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို မေ ၁၂ ရက်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

အုပ်ချုပ်ရေးမှူး အပါအဝင် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်လွင်၊ ငွေစာရင်းကိုင် ဦးစိုးမြင့်(ကျောင်းအုပ်ကြီး)တို့ဦးစီး ဦးဆောင်မှုတို့ နှင့်အတူ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဥာဏ်ဝင်းတို့ ပံ့ပိုးကူညီ ဆောင်ရွက် ပေးမှုတို့ကြောင့် ထရန်စဖော်မာနှစ်လုံးတပ်ဆင်ပြီး အိမ်ခြေ ၂၇၀ မီးလင်းပြီဖြစ်သည်။ ကုန်ကျငွေမှာသိန်း ၁၈၀၀ ခန့်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဥာဏ်ဝင်း၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်ဝန်ကြီး၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖွင့်လှစ်ပေးခဲ့သည်။

ထရန်စဖော်မာ နှစ်လုံးအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဥာဏ်ဝင်းမှ စက်ခလုတ်နှိပ်ဖွင့် လှစ်ပေးပြီး ကျောက်စာများကို အမွှေးနံ့သာပက်ဖြန်း၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်လွင်က လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ချက်များ တင်ပြခဲ့ကြောင်းသိရသည်။

အောင်သစ္စာ(ပဲခူး)

သတင်းတို

ဆင်းရဲမှုစစ်တမ်း

ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

ချင်းပြည်နယ် ထန်တလန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချန်ဟမ်းနှင့် ဝန်ထမ်းများသည် ကျေးရွာ ၁၀ ရွာအနက် ဝေးလံခေါင်းပါးသော ငါဘိုင်ပီးကျေးရွာ အုပ်စု ငါဘိုင်ပီး၊ လုံကွဲသဲနှင့် ဖဲရ်တလန်ကျေးရွာတို့တွင် ဆင်းရဲမှုစစ်တမ်းများကောက်ယူရန် ကွင်းဆင်းခြင်းလုပ်ငန်းကို မေ ၁၃ ရက်က စတင်ဆောင်ရွက်နေကြောင်း သိရသည်။

ဇီဟောဆာ

လှိုင်သာယာမြို့နယ်ရှိ ဆောက်လက်စအဆောက်အအုံတွင် ပန်းရန်အလုပ်သမားတစ်ဦး ဓာတ်လိုက်သေဆုံး

ရန်ကုန် မေ ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက်အတွင်း ဆောက်လက်စ အဆောက်အအုံတွင် ပန်းရန်အလုပ်သမားတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၃ ရက် ညနေ ၆ နာရီခွဲခန့်တွင် အလုပ်သမားများ အလုပ်သိမ်းချိန် အပြီးတွင် လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် အောင်မေတ္တာလမ်း အမှတ်(၄၁၂/က)ရှိ ဆောက်လက်စ နှစ်ထပ်တိုက်အဆောက်အအုံ၏ ရှေ့မျက်နှာအတွင်းရှိသော ရေတိုင်ကီတွင် ရေချိုးရန်အတွက် ပြင်ဆင်နေစဉ် ရေတိုင်ကီအနီးတွင်ရှိသော မီးပလပ်ခုံမှထွက်နေသော မီးကြိုးနှစ်စနှင့် ထိုမီးခုံအနီးတွင်ရှိသော သံချောင်းမှာထိနေပြီး ၎င်းသံချောင်းအား လျှပ်စစ်ဝင်နေသည်ကို ပန်းရန်အလုပ်သမားဖြစ်သူ ကိုအောင်ကျော်ဟိန်း အသက် (၂၉) နှစ် မေဖူးလွှာလမ်းအမှတ်(၂၀)ရပ်ကွက် လှိုင်သာယာနေသူမှ မသိရှိဘဲသွားထိမိကာ လဲကျသွားပြီး ဓာတ်လိုက်နေသည်ကို အနီးတွင်ရှိသည့် အလုပ်အတူလုပ်သော ကိုသန်းစိုးနိုင် အသက် (၂၅)နှစ် ပန်းရန်လုပ် ဝေပုလ္လ(၃)လမ်း အမှတ်(၂၀) ရပ်ကွက် လှိုင်သာယာနေသူမှ ဝင်ဆွဲပေးရာ ၎င်းကိုပါဓာတ်လိုက်ခဲ့သည်။ ယင်းဓာတ်လိုက်မှုကြောင့် ကိုသန်းစိုးနိုင်တွင် ယာလက်ဖဝါးပွန်း၊ ယာလက်ညိုး၊ လက်ခလယ်၊ လက်သူကြွယ် ပွန်း ဒဏ်ရာများရရှိခဲ့ပြီး ကိုအောင်ကျော်ဟိန်းမှာ ယာလက်ပြင်ပွန်း၊ ယာလက်မောင်း၊ ယာတံတောင်ပွန်း ဒဏ်ရာများရရှိကာ သေဆုံးနေသောကြောင့် အလောင်းအား လှိုင်သာယာ ဆေးရုံသို့ ပို့အပ်ခဲ့ရာ ဆေးရုံမှ (PR) ဝ၂ ဖြင့် လက်ခံစစ်ဆေးဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဒဏ်ရာရရှိသူ ကိုသန်းစိုးနိုင်မှာ လှိုင်သာယာ ဆေးရုံတွင် အတွင်းလူနာ (မစိုးရိမ်ရ)ဖြင့် ဆေးကုသမှုခံယူလျက်ရှိပြီး ကိုအောင်ကျော်ဟိန်း သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန် လှိုင်သာယာ မြို့မရဲစခန်းမှ ဒုရဲအုပ်မင်းနိုင်ဦးက တရားလိုပြုလုပ်၍ တိုင်ကြားခဲ့သဖြင့် သေမှုသေခင်းအမှတ်စဉ် (၄၀/၂၀၁၅)ဖြင့် အမှုဖွင့်ကာ စခန်းမှူး ဒုရဲမှူးခင်မောင်ဆွေက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စွန်ရဲ(လှိုင်သာယာ)

a&yym;c&;om;vyie;
ချောင်းသာခရီးစဉ် May 22, 29
မော်လမြိုင်ခရီးစဉ် May 22, 29
Car Rental Service
Ph: 01-293987, 09-73028597, 09-799256334, 09-425017089

ပျောက်ဆုံးကြောင်း
ကျွန်တော်ကိုမြင့်စိုး(စ/မလန(နိုင်)၀၁၆၅၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ် PP No. MA 024160 သည် လရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် ဧတဋ္ဌိက အကြောင်းကြားအပါပါရန်။
ဖုန်း - ၀၉၅၁၅၅၄၀၀၁

Green Pest Management Co.,Ltd
ဝန်ထမ်းအပြန်အလှန်ရှိသည်
Supervisor (M)
-အို့.ရပ်ခြစ်ရမည်။
-လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ် ရှိရမည်။
-အသက် ၂၅ မှ ၃၅ နှစ်အတွင်း ဖြစ်ရမည်။
ရန်ကုန်မြို့တွင်နေထိုင်သူဖြစ်ဦးစားပေးမည်။
လစာကောင်းကောင်းပေးမည်။
ဆက်သွယ်ရန်ဖုန်း- ၀၉ ၈၆၃၃၁၃၀ ၅၀၂၉၃၃

ဖခင်အမည်မှန်
အမှတ်(၅၀)၊ ပြည်လမ်း၊ ထောက်ကြန့်တောင်ပိုင်းနေ မောင်ရဲလင်းနိုင်နှင့် မဒ္ဒန်ဇင်ဝေရယ်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း[၇/ပခန(နိုင်)၂၆၃၈၁]ဖြစ်ပါကြောင်း။
ဦးအောင်ဝင်း

ဦးဇင်ကာဗျူဟာအမွှဲ့ နှစ်(၄၀)ပြည့်ပတ္တမြားရတု အခမ်းအနား ပိတ်ကြားခြင်း
ရန်ကုန်မြို့ ၊ မဟာန်းမြို့နယ် ၊ အာကာနည်လမ်းရှိ ၊ ဦးဇင်ကာဗျူဟာအမွှဲ့ကို သာသနာနှစ် ၂၅၁၉ ၊ မြန်မာသက္ကရာဇ် ၁၃၇၇ ဝုန်ဝ် ၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ (၂၄ . ၅ . ၁၉၆၅) တွင် မွေးဖွားတည်ထောင်ခဲ့ပြီး(၂၄ . ၅ . ၂၀၁၅) တွင် နှစ်(၄၀)ပြည့် 'ပတ္တမြားရတု' သို့ ရောက်ရှိခဲ့ပြီပြည်ပါရှိ ဦးဇင်ကာဝန်ထောင်ပုဂ္ဂိုလ်များနှင့် ဝိတ်ပါဝင်တားသူများအနေဖြင့် အာမံအာမုံသို့ ကြွရောက်ရိုးဖြင့်ပါရန် ဂါရဝတရားရှေ့ထား၍ လေးစားစွာမိတ်ကြားအပ်ပါသည်။
➢ ကျင်းပမည့်နေ့ရက် - ၂၄ . ၅ . ၂၀၁၅ (တနင်္ဂနွေနေ့)
➢ ကျင်းပမည့်အချိန် - မွန်းလွဲ (၁ : ၀၀) နာရီ
➢ ကျင်းပမည့်နေရာ - "မဂ်လာဗျူဟာအသင်းချုပ်ဓမ္မဝိဟာန်" အာဇာနည်လမ်း ၊ ဝဟာန်းမြို့နယ် ၊ ရန်ကုန်မြို့
ဖုန်း - ၀၁ ၃၇၀၀၉၅၅ ၊ ၀၁ ၃၇၅၇၅၉
"ပတ္တမြားရတု" အထိမ်းအမှတ်အမြစ် ဦးဇင်ကျမ္ဘာ့ဗျူဟာအမွှဲ့အကြောင်း သိကောင်းစရာများကို စာရေးဆရာကြီး မင်းယုဇေ ၊ ဂဝနပုလင် ဆရာကြီး ဦးဘုန်းမြင့် ၊ ဟောင်ကွေ့ (မြန်မာမှ) တို့က ဟောပြောမည်။

SIG
SHWE INGYINN HOTEL
Feel like your Home
Monsoon Promotion
10% Discount
From 1.5.2015 to 31.7.2015
Address : Corner of 30th Street & 78th Street, Mandalay,Myanmar
Telephone : 02-73462~9, Fax; 02-73468,09-797767260-3 Email : shweingyinnhotel@gmail.com, www.shweingyinnhotel.com

အမည်ပြောင်း

ကမာရွတ် TTC အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော အဖ ဦးမင်းမင်းထွေး [စ/ခမန(နိုင်)၀၁၅၇၆၇]၏ သမီး Grade 8/Fမှ မယင်ဦးအား မထက်စန္ဒီမင်းဟုလည်းကောင်း၊ လှိုင် TTC Grade 5/E မှ သား မောင်ဝေယံဖြိုးဦးအား မောင်တေဇာမင်းမင်းဟု ပြောင်းလဲခေါ် ဆိုပါရန်။

ဝန်ထမ်းအလိုရှိသည်။
ဆံပင်နှင့်မိတ်ကပ်အလှပြုပြင်ရေးဆိုင်တွင် ဘက်စုံသင်ကြားပေးမည်။ နေစရိတ်၊စားစရိတ် အပြီးအစီး (မ)ဝန်ထမ်းအလိုရှိသည်။
လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန် – Ph: 09-36112291
09-450049686

သွေးတိုးရောဂါဘေးမှ ကင်းဝေးစေရန်

-ကျန်းမာရေးဆောင်းပါး-

à unf&G,fi (ta&m*¾)

သွေးတိုးရောဂါသည် အသက် ၄၀ ကျော်လာသည့် လူကြီးအတော်များများတွင် ဖြစ်လေ့ရှိသော ရောဂါဖြစ်သည်။ သွေးတိုးရောဂါဟုဆိုသဖြင့် ခန္ဓာကိုယ်ထဲတွင် လှည့်ပတ်နေသောသွေးလွှတ်ကြော၊ သွေးပြန်ကြောများမှ သွေးများတိုးပွားလာခြင်း မဟုတ်ပါ။ ခန္ဓာကိုယ် အနှံ့အပြားသို့ သွေးရောက်ရှိစေရန် နှလုံးမှ သွေးကိုညှစ်ပို့ရသည်။ ထိုသို့ညှစ်ပို့ရသော သွေးဖိအားသည် ပုံမှန်မဟုတ်တော့ဘဲ ပုံမှန်ထက်ပိုရှိ တိုးလာခြင်း၊ သွေးပို့ညှစ်သည့် ဖိအားတိုးလာခြင်းကို သွေးတိုးရောဂါဟုခေါ်သည်။ အနောက်တိုင်း သွေးပေါင်ချိန် ကိရိယာတွင် ပြဒါးနှင့်တိုင်းသော ဖိအားအပေါ် ၁၄၀ မီလီမီတာ၊ ပြဒါးနှင့် အောက် ၉၀ မီလီမီတာ၊ ပြဒါး အထက်ကျော်လွန်သွားလျှင် သွေးတိုးရောဂါဝင်လာပြီဟု သတ်မှတ်ပေသည်။ ပုံမှန်လူကောင်းတစ်ယောက်၏ နှလုံးမှညှစ်သော သွေးဖိအားမှာ အပေါ် ၁၂၀ မီလီမီတာ၊ ပြဒါးအောက် ၈၀ မီလီမီတာဟု သတ်မှတ်ထားပေသည်။ တစ်နည်းအားဖြင့် Bp ၁၂၀ - ၈၀ mmHg သည် အကောင်းဆုံးဟု ဆိုသည်။

တိုင်းရင်းမြန်မာဆေးပညာတွင်လည်း သွေးစမ်းပညာရှိသည်။ လက်မဆစ်အရင်း လက်ကောက်ဝတ် အခြေတွင်ရှိသောသွေးကြောသည် နှလုံးမှထွက်လာသော ပင်မသွေးကြောကြီးနှင့်ဆက်လျက်ရှိသည်။ ထိုသွေးကြောတွင် သွေးတိုးပုံအနေအထား အမျိုးမျိုးကို လေ့လာရာတွင် သွေးလုံးကြီးသော သွေးတိုး၊ သွေးလုံးငယ်သောသွေးတိုး၊ အလယ်အလတ် သွေးတိုးဟူ၍ အခြေခံသုံးမျိုးကိုတွေ့ရသည်။ ထိုသုံးမျိုးတွင် ပူ၍သွေးလုံးကြီးသော သွေးတိုးသည် မကောင်းပေ။ အေး၍ အလယ်အလတ်ရှိသောသွေးတိုးသာ အကောင်းဆုံးဖြစ်သည်။ သွေးတိုးရောဂါရင့်လာလျှင် လက်ကောက်ဝတ်တွင် ဆောင့်တိုးပြီး မြွေကဲ့သို့တိုးသော သွေးတိုး၊ ဖားကဲ့သို့ခုန်သော သွေးတိုး၊ ပုစွန်ဆိတ်ကဲ့သို့ခုန်၍တိုးသော သွေးတိုးများသည် သွေးစမ်းပညာရပ်တွင် မကောင်းသော သွေးတိုးများဖြစ်သည်။

သွေးတိုးဝေဒနာခံစားနေရသူ၏ ရုပ်လက္ခဏာမှာလည်း မျက်နှာမကြည်လင်ခြင်း၊ ခေါင်းအုံ့ခေါင်းခဲခြင်း၊ ဇက်ကြောတက်ခြင်း၊ နထင်နှင့်မျက်ခုံးအကြောများ တင်း၍ကိုက်ခြင်း၊ အိပ်ချင်ခြင်း၊ သမ်းဝေခြင်း၊ အာရုံမစူးစိုက်နိုင်ခြင်း၊ မျက်စိအမြင်အာရုံ မကြည်လင်ခြင်းဝေဒနာများကို ခံစားနေရတတ်သည်။ အလွန်သွေးတိုးတက်နေလျှင် မျက်စိထောင့်မှသွေးကြောလေးများ နီရဲနေသည်ကို တွေ့ရနိုင်သည်။ သွေးဖိအား အလွန်အမင်းတိုးခြင်းကြောင့် မျက်စိသွေးကြောငယ်လေးများ ပေါက်ခြင်း၊ ဦးနှောက်အတွင်း သွေးကြောပေါက်၍ လေဖြတ်ခြင်းအထိ ဖြစ်နိုင်ပေသည်။

လေဖြတ်ရောဂါ ဖြစ်ရသူအတော်များများသည် သွေးတိုးရောဂါအကြောင်းအရင်းခံကြောင့် ဖြစ်ရသည်။ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် လေဖြတ်ရောဂါတို့သည် ညီနောင်ရောဂါများဖြစ်သည်။ တစ်ခုဖြစ်လျှင် တစ်ခုဆက်၍လာတတ်သည်။ အစားအသောက်၊ အနေအထိုင် ခေတ်နှင့်အညီ ပြောင်းလဲလာမှုကြောင့် ရှေးက အသက်ကြီးသူများတွင်သာဖြစ်လေ့ရှိသော လေဖြတ်ရောဂါမှာ ယခုအခါ အသက် ၃၀ ကျော် လူငယ်လူရွယ်များတွင်ပါ ဖြစ်လာသည်ကို တွေ့ရသဖြင့် တရားခံကိုရှာဖို့လိုလာသည်။

လူသက်တမ်းတိုစေသော အကြောင်းအမျိုးမျိုးတို့တွင် သွေးတိုးရောဂါသည် ထိပ်ဆုံးမှပါဝင်သည်။ သွေးတိုးခြင်း၏ နောက်ဆက်တွဲအဖြစ် လေဖြတ်ခြင်းရောဂါကြောင့်ပင် ကမ္ဘာပေါ်တွင် လေးစက္ကန့်တိုင်းတွင် လူတစ်ဦးမသန်မစွမ်းဘဝသို့ ရောက်လျက်ရှိသည်ဟုဆိုသည်။ သွေးတိုးကြောင့် လေဖြတ်ပြီး ဦးနှောက် သွေးကြောပြတ်ကာ အသက်သေဆုံးရသူများရှိသည်။ အသက်မသေသူများမှာလည်း ပကတိပြန်ကောင်းသူ အလွန်ရှားသည်။ ကျန်ရှိသောဘဝတစ် လျှောက်လုံး မသန်မစွမ်းဘဝဖြင့်နေသွားရသဖြင့် သွေးတိုးရောဂါသည် အလွန်ကြောက်စရာ ကောင်းသောရောဂါဖြစ်သည်။

သွေးတိုးအကြောင်းပြောရလျှင် မျိုးရိုးကြောင့်ဖြစ်သော သွေးတိုးရောဂါအကြောင်းအရင်ဦးဆုံး ပြောရမည်ဖြစ်သည်။ ကံကြောင့်ဖြစ်သော သွေးတိုးဟုလည်း ဆိုနိုင်ပေသည်။ မျိုးရိုးလိုက်ဝသူများတွင် ပို၍တွေ့ရသည်။ အချို့ရှောင်၊ အငန်ရှောင်၊ အနေအထိုင်ဆင်ခြင်၊ စိတ်သောကမများအောင် ဆင်ခြင်နေထိုင်ခြင်းဖြင့်သာ လေဖြတ်ခြင်းမှ ကာကွယ်ပြီး အသက်ရှည်ရှည်နေနိုင်မည်ဖြစ်သည်။ လမ်းလျှောက်ခြင်း၊ အဆီကျအောင် ကြိုးစားခြင်း၊ အပူအအေးမျှတအောင် နေထိုင်ခြင်းဖြင့် သက်တမ်းစေ့နေနိုင်သည်။

ကမ္ဘာပေါ်ရှိ လူမျိုးများစွာတွင် အငန်စားဆိုသည်။ စားသုံးသည့် ရိုးရာဓလေ့ အစားအစာများမှာလည်း ငါးပိ၊ ငါးခြောက်စသည့် ဆားများစွာဖြင့် နှပ်ထားသော အစာမျိုးဖြစ်သည်ကိုတွေ့ရပြန်သည်။ မြန်မာနိုင်ငံတွင်ပင် လေဖြတ်မှုနှုန်းကို ဆန်းစစ်ကြည့်သောအခါ ငါးပိ၊ ငါးခြောက်ထွက်သော ဧရာဝတီတိုင်းတွင် အများဆုံးဖြစ်သည်ဟု မြန်မာတိုင်းမ်သတင်းစာကြီးတွင် လွန်ခဲ့သောငါးနှစ်ခန့်က ဖတ်လိုက်ရဖူးသည်။

ဆားသည် လူသားနှင့် တိရစ္ဆာန်များတွင် မရှိမဖြစ်လိုအပ်သော အာဟာရမျိုးဖြစ်သည်။ ဘုရားရှင်လက်ထက်ကပင် တောထဲတွင် တရားအားထုတ်ကြသော ရသေ့ရဟန်းများသည် ဆားအလျှံခံရန် သပိတ်ဖြင့် လူများ ရှိရာအရပ်သို့ တစ်နှစ်တစ်ကြိမ် ကြွလာရသည်ဟုဆိုသည်။ တောတွင်းရှိ တိရစ္ဆာန်များမှာ ဆားကျင်းရှိရာမြေကြီးသို့ လာရောက်တူးဆွပြီး ဆားစားကြသည်ဟုဆိုသည်။

လူ၏ခန္ဓာကိုယ်ရှိ ကြွက်သားမှန်သမျှ နှလုံးကြွက်သားအပါအဝင် ဆားဓာတ်ဖြင့် အလုပ်လုပ်ရသည်ဟုဆိုသည်။ အားကစားသမားများ ချွေးထွက်လွန်ပြီး ဆားဓာတ်ဆုံးရှုံးသောအခါ ကြွက်တက်တတ်သည်။ ထိုအခါ ဆားကိုရေဖျော်ပြီး ချက်ချင်းတိုက်ပေးလျှင် ကြွက်တက်သက်သာသည်။ အချို့သွေးတိုးနှလုံး၊ ရောဂါရှိသူများ ဆားကိုရှောင်လွန်းလျှင်လည်း ညအိပ်ရာဝင်ချိန် အိပ်ရာထဲတွင် ကြွက်တက်တတ်သည်ကို တွေ့ရသည်။ သွေးချိုဆီးချိုရောဂါရှိသူများ ရုတ်တရက်မူးလဲသောအခါ သွေးစစ်ကြည့်လျှင် သွေးထဲတွင် သကြားဓာတ်အလွန်နည်းနေသည်ကို တွေ့ရသဖြင့် သကြားလုံးစသော အချိုဓာတ်ပါသည့်အစာကို ချက်ချင်းကျွေးရသည်။ အချို့ဆိုလျှင် အချိုရည်သွင်းရသည်အထိ ဖြစ်တတ်သည်။

ဆက်လက်ဖော်ပြပါမည်။

လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ထူးချွန်အလတ်စား(ဝန်ဆောင်မှု)လုပ်ငန်းရှင်ဆု နှင့် မွန်ပြည်နယ် အစိုးရအဖွဲ့၏ ဝန်ဆောင်မှုထူးချွန်မှု ဂုဏ်ထူးဆောင်ဆု တို့ကို ရရှိသော စိမ်းလဲ့တင် Resort (ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း ၊ တိရစ္ဆာန်ဥယျာဉ်လုပ်ငန်း ၊ အပန်းဖြေဥယျာဉ်လုပ်ငန်း ၊ ဓာတုကင်းစင်ဥယျာဉ်လုပ်ငန်း၊ Adventure Land)လုပ်ငန်းများ၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာ မျိုးမြင့်စိန် အား လှိုက်လှဲဝမ်းသာ ဂုဏ်ပြုအပ်ပါသည်။

အစဉ်သဖြင့်လည်း တိုင်းပြည်အကျိုး၊အမျိုးဘာသာ၊သာသနာအကျိုးကို ဆတက်ထမ်းပိုး အားကြိုးစွမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာ ပြုအပ်ပါသည်။

Lynn & Latt Mining Co.,Ltd

---

jynaxmiporwjrermEiiawm tp;& owiwi;0e u;Xme

au mur u&wem vyuurm;cijyrec xm;ay;a&; ppaq;a&;Ei u;uya&;vyie;aumrw aumur u&wemowrw^azmxwvyuurm;Ei vpvyvyuurm;twu tqjyvmrm;wioi;&e aunmcu(3^2015) aejynawm 1377 cEp uqevqe; (5)&u (2015 cEp {yv 22 &u)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္မဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့်သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များ၊ လုံးခင်း၊ ဖားကန်၊ ခန္ဓီ၊ မိုးညင်းရတနာနယ်မြေများ၌ လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ စေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေးဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ လုံးခင်း၊ ဖားကန်၊ ခန္ဓီ၊ မိုးညင်းရတနာနယ်မြေများနှင့် နန်ယားဆိပ်ဒေသတို့တွင် လုပ်ကိုင်ခွင့်ပြုခဲ့သည့် ၂၀၁၃ ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန်လများတွင် သက်တမ်းကုန်သည့်လုပ်ကွက်များကို ကြေညာချက် ၄/၂၀၁၃ ဖြင့် စေးပြိုင်အဆိုပြုလွှာခေါ်ယူခဲ့သော်လည်း ၃၁-၅-၂၀၁၂ ရက်မှစ၍ တူးဖော်မှုရပ်နားထားခဲ့ရသည့်အတွက် ၎င်းအဆိုပြုလွှာများကို ဖွင့်ဖောက်ခြင်းမပြုခဲ့ပါ။ ၎င်းလုပ်ကွက်များကို ရပ်နားကာလအလိုက် သက်တမ်းတိုးပေးပါက ၂၀၁၅ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ ကြေညာချက် ၄/၂၀၁၃ တွင် တင်သွင်းခဲ့သော အဆိုပြုလွှာများကို ပယ်ဖျက်၍ ၎င်းကြေညာချက်ဖြင့် စေးပြိုင်ခေါ်ယူခဲ့သည့် လုံးခင်း၊ ဖားကန်၊ ခန္ဓီ၊ မိုးညင်းရတနာနယ်မြေများနှင့် နန်ယားဆိပ်ဒေသတို့ရှိ သတ်မှတ် လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ထပ်မံကြေညာခေါ်ယူ၍ စေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ **လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသော ကုမ္မဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးနိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။**

၄။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲ ပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း၊ လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်မှ မေလ ၂၆ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၅။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် စေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၆။ အမည်ပြုး(Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္မဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၇။ ကြေညာခေါ်ယူမည့် လုပ်ကွက်များစာရင်းနှင့် မြေပုံများအားလုံးကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ သက်ဆိုင်ရာ ရတနာနယ်မြေများအလိုက် ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများကို မိုးကုတ်မြို့နှင့် မိုင်းရူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများတွင် လည်းကောင်း၊ ဖားကန်မြို့၊ မိုးညင်းမြို့နှင့် ခန္ဓီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးစခန်းများတွင်လည်းကောင်း ကြေညာသင်ပုန်းများတွင် ကြော်ငြာထားပါသဖြင့် အသေးစိတ်သိရှိလိုသူများသည် ၎င်းဌာနများသို့ သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

---

jynaxmiporwjrermEiiawm omoema&;0e u;Xme omoemawmxe;um;jyeym;a&;0;p;Xme twziwi'{ac , jci;

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်(ငွေလုံးငွေရင်း) အသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	**တိုင်းဒေသကြီး/မြို့နယ်**	**အဆောက်အအုံအမျိုးအစား**
(က)	ရန်ကုန်	အဆောင်(၁၆)ဆောင်၊ လျှပ်စစ်မီးကြိုးများ အသစ်လဲလှယ်ခြင်း (၉၂×၃၇)ပေ၊ (၁)ဆောင် (၃)ထပ် စုစုပေါင်း(၃၀၂၄၀၀ ပေ)
(ခ)	မန္တလေး	(၅)ခန်းတွဲ (၂)ထပ်လိုင်းခန်းဆောက်လုပ်ရန် (၁၀၅×၃၅×၃၂)ပေ RCနှစ်ထပ် အဆောက်အအုံ(ရေ မီး၊ မီလျှော၊ဝင်းထရံအပါအဝင်) ဂါလန်၅၀၀၀ဆံ့ ရေစင်(၁)လုံးဆောက်လုပ်ရန် (သံကူကွန်ကရစ်)ရေစင်+စတီးလက်ရန်း+ ဘေးလှေကား+အုတ်ရေကန်အပါအဝင် (၈. ၅×၆. ၅×၂၅)ပေ ဝင်းအတွင်းမီးလိုင်းများ အသစ်လဲလှယ်ရန် (၂၂ ဧက) (အဆောက်အအုံ-၄၇လုံး)
	တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်	- ၁၈-၅-၂၀၁၅ ရက်မှ ၆-၆-၂၀၁၅ ရက်ထိ ၉:၀၀နာရီမှ ၁၆:၀၀နာရီအထိ
	ရောင်းချမည့်နေရာ/ အသေးစိတ်စုံစမ်းရန်နေရာ	- နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဌာနခွဲ၊ ဖုန်း-၀၁-၆၆၂၁၄၈၊ ၀၁-၆၆၄၃၃၉၅၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ဌာနခွဲ၊ ဖုန်း-၀၂-၆၁၁၁၂၂ ၊ ၀၂-၆၆၉၀၃
	တင်ဒါပုံစံတင်သွင်းရမည့်ရက်/အချိန်	- ၈-၆-၂၀၁၅ ရက် နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ
	တင်ဒါဖွင့်မည့်နေရာနှင့်အချိန်	- သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် ၈-၆-၂၀၁၅ ရက်၊ မွန်းလွဲ ၁:၀၀ နာရီ

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

---

u e;rma&;0e u;Xme aejynawmy0;rem;r cwi(200)q jynoaq;½u; twziwi'{ac , jci;

၁။ နေပြည်တော် ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအားကုသပေးရန် လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ စျေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက် - ၁၈-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၆-၆-၂၀၁၅ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး၊ ခုတင်(၂၀၀)ဆံ့၊ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊
လယ်ဝေးလမ်းဟောင်း၊ မြင်းရတနာအနီး၊ ဖုန်း-၀၆၇-၂၄၆၆၄၊ ၀၆၇-၂၂၃၀၉

ရောင်းမည်

သယ်နိုးကျွန်းမြို့နယ်၊ ပြည်တော်အေးလမ်း၊ ရန်ကင်းလမ်း၊ ငမိုးရိပ်(၃)လမ်းရှိ တိုက်ခန်းများကို အမြန်ရောင်းမည်။ အဆင့်မြင့် ပြင်ဆင်ပြီး B.C.C ရရှိပြီးဖြစ်သည်။

ဖုန်း- 09-5401011, 09-73095677

ဆရာခန့်၏ ဝမ်းရေးအဆီ ကျွေးသူ
အနုမရှိ၊ ဝမ်းမရစ်၊ တစ်ခါစား (၂)ပြား
(မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာရမေးဝယ်)

---

v ypppr; tm;0e u;Xme jrermvypp"mw tm;vyie; twziwi'{ac , jci;

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်သော Transmission Line Maintenance ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၁၈-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၁၇-၆-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂

---

twziwi'{ac , jci;

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်(၉)မြို့နယ်တွင် အားကစားကွင်း/ရုံများအား ပြုပြင်၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။

တင်ဒါရောင်းချမည့်နေ့ရက် - ၁၉-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၁၈-၆-၂၀၁၅ ရက်၊ ညနေ ၄:၃၀ နာရီ
တင်ဒါတင်သွင်းရမည့်နေရာ ရန်ကုန်တိုင်းဒေသကြီး၊ အား/ကာဦးစီးဌာန၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပဒေသာအားကစားကွင်း

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး၊ အား/ကာဦးစီးဌာန ဖုန်း-၀၁-၅၆၄၄၈၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

RECRUITMENT

Walk In Interview

Due to our expansion program we hereby invite potential candidates to fill the following position:

1. BUSINESS DEVELOPMENT ADVISORS (18 positions)
   Requirement:-
   - i. Graduates in all fields are encouraged
   - ii Minimun 1 year working experience
   - iii Must have good business contacts and communication skills
   - iv Fluent in English is an advantage
   - v Both male and female candidates are encouraged to apply
   - vi Good salary including commission and bonuses
   - vii. Candidates with working experience preferred
   - viii. Age between 25 to 35 years

We will provide the necessary training and support for you to embark on this exciting and lucrative career. Interested candidates can contact us at:

Unit 902, Sakura Tower, 339 Bogyoke Aung San Road, Kyaukdata Township, Yangon.
Mr.Steve
Ph:09-43083778,09-250645974
Global Growth Co.,Ltd.

ရိုးမဘဏ်

ကမ်းနားလမ်းဘဏ်ခွဲ

ရိုးမဘဏ်လီမိတက်၊ ကမ်းနားလမ်းဘဏ်ခွဲ၊ အမှတ်- (၁၈/၁၇)၊ ဘိုကလေးကျေးလမ်း၊
ဒိုလပ်တောင်ကြီးမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- (၀၁) ၃၇၃၃၄၆၊ ၃၇၃၃၄၆၊ ၃၇၃၃၄၇

ပြုလမ်း (မဇနော်ဟရီ) ဘဏ်ခွဲ

ရိုးမဘဏ်လီမိတက် ပြုလမ်း (မဇနော်ဟရီ) ဘဏ်ခွဲ၊ အမှတ်- (၂၀)၀၁/၂၂ (၄)ရပ်ကွက်၊
ပြုလမ်းနှင့်မဇနော်ဟရီလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း- (၀၂) ၈၂၂၀၃၊ ၈၂၂၀၄၊ ၈၂၂၀၅၊ ၈၂၂၀၆၊ ၈၂၂၀၇၊ ၈၂၂၀၈၊ ၈၂၂၀၉၊ ၈၂၂၀၁၀

ကိုကို (၁၄.၅.၂၀၁၅) ကြာသပတေးနေ့တွင်မူလုပ်ငန်းပြီးပြည့်ပါ၍
ဘဏ်လုပ်ငန်းနေ့စဉ်ဖွင့်မှုများကို ဆက်သွယ်စာဘဏ်ရှက်နိုင်ပြီဖြစ်ပါကြောင်း
အသိပေးပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

www.yomabank.com

IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာစုဝေး အက်ဒီပ်စာ သင်တန်း

ENGLISH Language

English ဘာသာစကားကို အကြောင်း အချိန်ပြည့်ကြောင့် အခြေခံမှ တဝင်ထွန်ပြန်လည်သင်ယူလိုပြင်း အချိန်တိုအတွင်း အသုံးချနိုင်ရန်။ မိမိ တတ်နိုင်ကျွမ်းတွင် တနေ့တကျော်ဆုံးကြာဆိုင်နေရပေမယ့် အခြေခံနေတဲ့သုံး ဝေါဟာရများ စကားပြောများ နေ့စဉ်သုံး လုပ်နိုင်သုံးအက်ဝါစကား ပြောများကို ဒီရုပ်လှုပ်ကျပြီး ထီးရောက်သောသင်ခန်းစာများကြောင့် (၂၈)အတွင်း ကျွမ်းကျင်စွာ ပြောဆိုနိုင်ရန် ရေးတကျ သင်ကြား ပေးနေပါသည်။ ထီးရောက်စွာ သင်ကြားနိုင်ရန် တန်ခိုးသစ်တစ်ဝတ္ထုလို (၁၈) ဦးသာ တက်ရောက်နိုင်ရန်စီစဉ်သွားပါသည်။

AutoCAD - 3ds Max

AutoCAD-3ds Max တွင် Civil Drawing Interice Project တစ်ခုနှင့် Exterior Project တစ်ရောက် Lighting, Texture,Exterior, Interior Concept များနှင့်တကွ Finalized သင်ကြားပေသောများ။ Construction Fields များတွင်လုပ်ကိုင်ရမေသော Civil Engineer များ Design Fields များတွင်ဝင်ရောက်လုပ်ကိုင်ရသော Archi Engineer များ ပေါ်ရောက် Design ကို Finalized ချပြလိုသော Design Engineer များ ပြည်ပနိုင်ငံများတွင် Home Decoration Designer အဖြစ်သွားရောက်လေ့လာအည်းမှုလိုသူများ Animation Fields ကိုဝင်ရောက်လိုသော Animator များ Video Editing Field မှ Editor များ အထူးတက်ရောက်သင်ကြားသော သင်တန်းဖြစ်ပါသည်။

VIDEO EDITING

Premiere CS3, After Effect CS3, Cinema4D, Photoshop CS3, Poser ဆက်ပြီး Software များမှတပြင် ကဗျာပြုတ် ကမ်ပိန်းများ သင်ကြားပေးပေမယ်။ VideoEdit ရုပ်သံဝန်ကီးမှ နည်းပညာနှင့် ရုပ်သံ Station များတွင် လုပ်ကိုင်လိုသူများ အလျှော် ရှင်ပြန်း၊ မင်းသားဘော်၊ MTV, Karaoke, TV ကြောင်း Animation 3D ကြောင်ကြားများ ပြုကုပ်ခြင်းများကို Video File များ Tutorial များစွာဖြင့် သင်ကြား ရပေမယ်။ သင်တန်းသားများ အနေဖြင့် သင်တန်းမှ Video Camera ဖြင့် Out Door ထုတ်ရိုက်ကူးတည်ဖြတ် ထုတ်လုပ်ပန်ကီးမှတဲ့ကို ရေးတကျ ကျွမ်းကျင်မှုမျိုးဆောင် သင်ကြားပေးပါသည်။

Computer Basic

ကွန်ပျူတာ ဓာတ်လေးတလိုသူများအနေဖြင့် အခြေခံသုံး Software များ ဖြစ်သည့် Word, Excel, Power Point, PageMaker များကို လုပ်ရမ်း လိုအပ် ရှက်အတိုင်း ရေးတကျ အသုံးပြုနိုင်ရန် သင်ကြားပေးပါသည်။ ကျွမ်းကျင်မှု နှင့် ဂုဏ်ရည်တွင် မုံအောင်ကျိန်ကြင်း ဓာတ်ပေးများ ဆွဲခြင်း လေ့ကျင့်ရေး တွက်ခြင်း နှင့် Power Point ဖြင့် လုပ်ငန်း Project များ ကို Presentation ပြုလုပ်ခြင်း ဓာတ်ပုံပြလိုသူများတွေက် မြန်မာဘာသာပါလိပ်ကို ကျွမ်းကျင်ကျွတ် ရိုက်ထက်ဆရန် ရေးတကျ သင်ကြားပေးခြင်း နှင့် သင်တန်းအများကို လုပ်ငန်းခွင်အတိုင် ကျွမ်းကျင်ပိုင်ပိုဝါ အသုံးပြုနိုင်စေရန်သင်ကြားပေးပါသည်။

LCCI I-II

ပြည်တွင်းပြည်ပတွင်ဈေးကိုင်ဘဏ်ကမ္ဘာ့ပြင်ရုပ်ကည်ရုပ်သူများအတွက် ခံမှတ်ရှိ ဈေးကိုင်ပညာရပ်နှင့် ပတ်သက်ပြီး Professional တစ်ခေ... ဖြစ်သည်အထိသင်ကြားပေးမယ်။ သင်တန်းကာလမှာ LCCI Level(I+II) ... အဆင့်ကာလအတွင်း (၂)လ ကြာမြင့်သည်ဖြစ်ပြီး တစ်ပတ်(၆)ရက်တက်ရောက် ... သင်ကြားရမည်ဖြစ်သည်။ International Exam LCCI (UK)တစ်ရောက် ... ပြီးနိုင်သည်အထိ ပေးနှစ်ပေးတင်များကို ရနိုင်ကကျသင်ကြားပေးသည်။ အပ် ... နိုင်ပေးကာအသိအမှတ်ပြုCertificateမျိုးဆောင်အစေမျိုးနှင့်ပတ်သက်သ ... ကိစ္စရပ်များအား သင်တန်းမှ ဟာဝန်ယူဆောင်ရွက်ပေးမည်ဖြင်တန်း တစ်ဖွဲ့ ... သတ်မှတ်ထားပြီး Guide တပ်မှုရန်ဂျာဝေလိုပေးအင်သင်ကြားပေးမည်ဖြစ်သည ...

MOBILE PHONE ဖုန်းပြုပြင်ရေးသင်တန်း Software + Hardware

ကိုယ်ပိုင်ဝန်ဆောင်ပုံသုံးများ ဖိုးတိုးဖုန်းကျွမ်းကျင်များတွင် ဝင်ရောက်လုပ်ကိုင်လိုသူများ ဖိုးတိုးဝန်ဆောင်မှုများတွင် Technician အဖြစ်လုပ်ကိုင်လိုသူများအတွက် သက်သာသောသင်တန်းကြေးနှုန်းဖြင့် အရည်သေနိ, Camp သွင်ပြီး အမှန်တကယ်ပတ်ဝန်းကျင်ကိုတောင်ခံသင်ကြားပေးပါသည်။ Mobile နည်းလေးတစ်ခုမည် အကြီးဆုံးနှင့် လူကြိုက်များအသုံးပြုမှုအများဆုံးApple ၏iOS နှင့်Google ၏ Android Software ပြီး နှင့် Hardware ပြင်ဆင်ကိုကျွမ်းကျင်နားလည်ပြီး ဖိုးတေရန် သင်ကြားပေးမည်ဖြစ်သည်။ Computerအခြေခံ အကူညီလှ Mobile အခြေခံမရှိသော သူများပါ တက်ရောက်သင်ကြားနိုင်ပါသည်။ အရိုးပြည့် Internet Access ဖွင့်ပြီး Fully Air-Con သင်တန်းခန်းတွင် ဆောက်ဆုံးတွင် Application များ Firmware များနှင့် Game များကို Free ရယူပြီး ပြီး iPhone, iPad, Samsung, SONY, NOKIA, HTC, Huawei, LG, Blackberry နှင့်အခြား Mobile Phone အမျိုးမျိုးကို Setting ချိန်ညှိခြင်း Firmware အသစ်ပြောင်းခြင်း Operation System (OS) ကို အင်တာနက်ပေါ် ရှိ Website များ နှင့် Forum များ မှ ဒေါင်းခြင်း Source များ အကြောင်းကိုသင်ကြားခြင်း အခြား Smart Device များနှင့် ဖိုးတိုးကဏ်အသုံးပြုနည်းများကို ကျွမ်းကျင် ပညာရှင်များမှ သင်ကြားရမည်ဖြစ်သည်။

DESKTOP PUBLISHING

ကွန်ပျူတာစာစီစာရိုက် လုပ်ငန်းလုပ်ကိုင်လိုသူများ ဂျာနယ် မဂ္ဂဇင်းတိုက်များ တွင် လုပ်ကိုင်ရိုးရှိသူများ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းများ ဝယ်ကကဲ့ ဂျာနယ် Layout နိုင်ငံများ ဝတ္ထုရေးပုံများ ဆိတ်ပုံ အလှသင်ပြုခြင်းပြုခြင်းများ နှင့် လက်ကမ်းကြော်ငြာ ဓာတ်ပုံများ ဂျာမည်ကြီး Media ဂျာနယ်တိုက်များတွင် Layout နိုင်ငံရာအဖြစ် လုပ်ကိုင်လိုသူများ ကိုယ်ပိုင်စာစီစာရိုက်ဆိုင်ဝင်လိုသူ များအတွက် Photoshop CS6, PageMaker7, Corel DrawX4 Software များကို အထူးကာရန်ရှု သင်ကြားပေးပေမည်။ သင်တန်းပြီးဆုံးမှ ကျွမ်းကျင်မှုမရှိပါက လိုအပ်သည်များကို ပြန်လည်သင်ကြားပေးပါသည်။

Service Technician

Comp TIA A+, N+ Book ကို သင်ပို့အဖြစ် ထားရှိသင်ကြားပေးသည်။ Computer တစ်လုံး၊ Software, Hardware အပြင်များကို ရနေတကျ ကျွမ်းကျင်ပေးပေ။ အပြင် အင်တာနက်ဆိုင် ဖိပ်ဆိုင်၊ ပုံး ကုမ္ပဏီများတွင် Network ချိတ်ဆက်မှုအပြင်။ Server အပြင်များကိုကျွမ်း ကျင်ပြီး Professional Service Technician တစ်ယောက်ဖြစ်ပေးပေ ရနေတကျ Camp သွင်ပြီး သင်ကြားပေးသောတန်းခွဲဖြစ်ပါသည်။ တစ်ရက် လျှင် (၄) နာရီ တစ်ပတ် (၄) ရက် သင်တန်းကာလ (၃၀) ကြာမြင့်မည်။ သင်တန်းပြီးဆုံးလျှင် လုပ်ငန်းခွင်တန်းဝင်ခိုင်ရန် အမမဲသင်ကြားပေးသည်။

GRAPHIC DESIGN

Graphic Design သင်တန်းတွင် Photoshop CS6, illustrator CS6, InDesign Software များကို ကျွမ်းကျင်ပေးပေ ရနေတကျ သင်ကြားပေးပါသည်။ လုပ်ငန်းခွင် သက်ဆိုသင်ခန်းစာများဖြစ်သော Magazine,Journal,Pamphlet,Vinyl,CD/VCD/DVD Cover, Calendar, Waltsheet, Sticker , Logo, Silk Screen နိုင်ငံများ ... ကျန်ပရူတ် အမှတ်တံဆိပ်များခန်ပ်ကိုရေးဆွဲခြင်း ဘူးနှံ့ဒီဇိုင်းအမျိုးမျိုးပြုလုပ်ခြင်း ... ဆင်ကြယ်ခြင်းအပြင် ... ပြီးပါက အပြင်ဘက်ထလမ်းပိုရိုရှိများအပြောင်း အခြေခံအမှတ်ပုံများအပြောင်း အသင်းအပုတ် ... အရောင်းအနေအရင်း ဒီဇိုင်းအထားအလိုက် CTP ခွဲခြင်း ပုံနှိပ်ခေတ် ကဟေတ်ခြင်း ... ပုံနှိပ်ခန်ပ်ခြင်း ... များအကြောင်းကို အသေးစိတ်ရှေ့ပေါက်ရှေ့အောင်ဆင့် ကျွမ်းကျင်သည်အထိ သင်ကြားပေးပါမည်။

HOT LINE - 09492980778, 395353, 253293 10%

သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ခြင်းဖြင့် ကျွန်နိုင်ငံတွင် အလုပ်အကိုင် စီစဉ်ရယူလိုသူများအတွက်

အထူးအသွင့်အရေး

ကျွန်နိုင်ငံရှိ သက်ကြီးရွယ်အိုများအား လူမှုစောင့်ရှောက်ရေး၊ သူနာပြုစုခြင်းများ လိုအပ်နေမှုကြောင့် တိုကျိုလူမှုဖူလုံရေးတက္ကသိုလ်မှ ပြုစုစောင့်ရှောက်နည်းနှင့်ပတ်သက်သော လမ်းညွှန်မှုများကို သင်ယူတတ်မြောက်၍ ကျွန်နိုင်ငံအသိအမှတ်ပြု သူနာပြုလက်မှတ်ရရှိပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(ကျောင်းလခများ၊အား ချေးငွေအပြစ်ကူညီပံ့ပိုးပေးမည်ဖြစ်ပြီး ကျွန်စာအရည်အချင်း N3 နှင့်အထက်ရှိသူများ၊ဖြစ်ရမည်။)

- ဆက်သွယ်ရန် -

တိုကျိုလူမှုဖူလုံရေးတက္ကသိုလ် (မြန်မာ့ချေး)

တိုက် (A-3-2)၊ အခန်း (၁၀၂)၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဖုန်း - (၀၁) - ၃၉၃၃၇၀၊ ၀၉ - ၄၂၁၁၄၇၀၇၀။

အမည်ပြောင်း

ကြည့်မြင်တိုင်ပြို့နယ်၊ I.S.M ကိုယ်ပိုင်ကျောင်း Grade(4) မှ ဦးတင်မောင်ဝင်း၏သမီး မရွှန်းသွယ်ဇင်အား မမေနှင်းဖြူစင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမေနှင်းဖြူစင်

အမည်ပြောင်း

အဖ ဦးဝင်းကျော်သူ(၁၂/ဥကမ(နိုင်)၀၀၁၉၄၂)၏သား ဗိုလ်တထောင်ပြို့နယ် အလက(၁)ဝဂ်၊ စတုတ္ထတန်း(F)မှ မောင်လင်းသူရိန်အေးအား မောင်သူထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်သူထက်

